# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၆ခုနှစ် ၊ ကဆုန်လဆန်း (၅) ရက် ၊ တနင်္ဂနွေနေ့ ၊ (12-5-2024) ၊ အတွဲ (၃၃)၊ အမှတ် (၁၁၂)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

## ကျိုင်းတုံမြို့ မြို့ရှောင်လမ်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ဖွင့်လှစ်






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကျိုင်းတုံမြို့ မြို့ရှောင်လမ်းကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

**နေပြည်တော် မေ ၁၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ မြို့ရှောင်လမ်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါလမ်းနေရာ၌ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်ဖွင့်လှစ်ပေးသည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့်ဇနီး၊ကောင်စီဝင်များနှင့်ဇနီးများ၊ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှအဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ရပ်မိရပ်ဖများ၊ဒေသခံတိုင်းရင်းသားပြည်သူများ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

**စာမျက်နှာ ၁၈ ကော်လံ ၁ သို့**




ရတနာပုံ
၂၀၂၄ ခုနှစ် မေ ၁၂ ရက်

အယ်ဒီတာ့အာဘော်

# မြတ်မိခင်ဂုဏ် ဖော်ကျူးလေးမြတ် ကျေးဇူးဆပ်ပါ

ကမ္ဘာပေါ်ရှိ မိခင်အားလုံးကို ဂုဏ်ပြုသောနေ့အဖြစ် နှစ်စဉ် မေလ ဒုတိယပတ် တနင်္ဂနွေနေ့ကို အမေနေ့(မိခင်များနေ့)အဖြစ် ကမ္ဘာတစ်ဝန်းတွင် နိုင်ငံအများစုက သတ်မှတ်ထားကြသည်။ မြန်မာနိုင်ငံတွင် အမေ့ဂုဏ်ကျေးဇူးများ ဖော်ကျူးအလေးအမြတ်ပြုခြင်းကို နိုင်ငံတကာနည်းတူ ဆောင်ရွက်ခြင်းသာမက ရာသီဥတုအေးမြကြည်လင်သော ပြာသိုလပြည့်နေ့ကို အမေနေ့အဖြစ်ပါသတ်မှတ်၍ အမေ့ဂုဏ်ရည်များဖော်ကျူးပူဇော်ကြလေ့ရှိသည်။

မိခင်တို့သည် သားသမီးတို့ကို လူ့ပြည်သို့ရောက်အောင် မီးဖွားပို့ဆောင်ပေးသူဖြစ်၍ အလွန်ကျေးဇူးကြီးမားလှပါသည်။ ကိုးလ၊ ဆယ်လတိုင်တိုင်ဝမ်း၌ ဒုက္ခကြီးစွာ ကိုယ်ဝန်ဆောင်ယူထားရပြီး အသက်နှင့်လဲကာ မီးဖွားမှုပြုကြရသည်။ မီးဖွားပြီး လူ့ပြည်သို့ရောက်လာချင်းပင် သားသမီးငယ်လေးများကို နို့ချိုတိုက်ကျွေး၍ အသက်ဆက်ပေးသူလည်းဖြစ်သည်။ မှက်၊ ခြင်၊ ယင်တို့ဘေးမှလည်းကောင်း၊ ခပ်သိမ်းသောဘေးအပေါင်းမှလည်းကောင်း လူလားမြောက်လာအောင် အနီးကပ်ပြုစုစောင့်ရှောက်ကာကွယ်ပေးကြသည်။ သားသမီးတို့၏စိတ်ကို ကြည်လင်အေးမြအောင် အလိုလိုက်၊ ချစ်မြတ်နိုးမှုမေတ္တာ၊ ကရုဏာတို့ဖြင့် ပြုစုစောင့်ရှောက်ခဲ့သူများလည်းဖြစ်သဖြင့် မြတ်စွာဘုရားရှင် ဟောတော်မူခဲ့သော မေတ္တသုတ်တွင်"မာတာယထာ နိယံပုတ္တ၊ မာယုသာ ဧက ပုတ္တ မနုရက္ခေ"တစ်ဦးတည်းသောသားကို ချစ်ခင်ကြင်နာသော မိခင်ကဲ့သို့ဟူ၍ မိခင်တိုင်း၏မေတ္တာ၊ ကရုဏာကို အလေးအမြတ် ဖော်ကျူးဟောပြတော်မူထားခြင်းပင်ဖြစ်ပါသည်။

ထိုသို့ မိခင်တို့၏ကျေးဇူးများကားကြီးမားလှသည်ဖြစ်ရာ မိမိတို့အတွက် ကျေးဇူးကြီးမားရာနေရာတိုင်းကိုပင် မိခင်နှင့်နှိုင်းယှဉ်တင်စားကာ အမေ့အိမ်၊ အမိကျောင်းတော်၊ အမိတက္ကသိုလ်၊ မိခင်ဌာန၊ မိခင်တပ်ရင်း၊ အမိနိုင်ငံတော် ဟူ၍ ဂုဏ်ကျေးဇူးများ အလေးအမြတ်ဖော်ညွှန်းကြလေ့ရှိသည်။ ထို့ပြင် ယောကျ်ားများသည် မိန်းမထဘီတန်းအောက်ဝင်မိလျှင်၊ မိန်းမထဘီကို ခေါင်းအုံးမိလျှင် ဘုန်းနိမ့်တတ်ကြောင်း မိန်းမထမီသည် ယုတ်နိမ့်ကြောင်းအယူအဆရှိကြသည်။ သို့သော် မွေးမိခင်၏ ထဘီဆိုလျှင်ကား ရှေးခေတ်အခါက နားတွင် အမြတ်တနိုးပန်ဆင်ကြခြင်း၊ အန္တရာယ်ကင်းစေသော အဆောင်အယောင်အဖွဲ့အဖြစ် လက်မောင်းတွင်ဖွဲ့ချည်ခြင်း၊ ကိုယ်တွင်ဖွဲ့ချည်ခြင်းတို့ကို အမြတ်တနိုးပြုကြလေ့ရှိသည်မှာ မိခင်တို့၏ကြီးမားလှသော ဂုဏ်ကျေးဇူးကြောင့်ပင်ဖြစ်သည်။

မိခင်တို့၏ဂုဏ်ကျေးဇူးများကြီးမားလွန်းလှသည်ဖြစ်သည့်အတွက် မိခင်တို့၏ မေတ္တာ၊ ကရုဏာ၊ စေတနာများကို အချိန်မနှောင်းမီ ကျေးဇူးဆပ်ကြနိုင်ရန် အမေနေ့(မိခင်များနေ့)ကို ကမ္ဘာတစ်ဝန်း၌ ဖော်ထုတ်တိုက်တွန်းကြခြင်းဖြစ်သည်။ မိခင်တို့၏ကျေးဇူးဂုဏ်သည် မြင်းမိုရ်တောင်မကကြီးမားသည်ဖြစ်ရာ ဂေါတမမြတ်စွာဘုရားရှင်ပင်လျှင် တာဝတိံသာနတ်ပြည်သို့ကြွမြန်း၍ လူ့ဘဝက မယ်တော်ဟောင်းဖြစ်ခဲ့သော သန္တုဿိနတ်သားကို အဘိဓမ္မာဒေသနာတော်မြတ်များ ဟောကြားပြီး မွေးကျေးဇူးကို အပြေအကျေပေးဆပ်တော်မူခဲ့ပါသည်။

မိမိတို့၏ မွေးကျေးဇူးရှင်မြတ်မိခင်ကို မချစ်ခင် မကြည်ညိုလျှင် ကျေးဇူးဆပ်ရကောင်းမှန်း မသိ၊ မဆပ်လျှင် မိဘတို့အတွက် အသုံးမဝင်သော၊ တန်ဖိုးမရှိသော သားသမီးများဟု သူတော်ကောင်းများက ကဲ့ရဲ့ပြောဆိုခြင်းကိုခံကြရမည်ဖြစ်ပါသည်။ အပြန်အလှန်အားဖြင့် ကျေးဇူးသိ၊ ကျေးဇူးဆပ်တတ်သူ သားသမီးများသည် ကပ်ဆိုး၊ ဘေးဆိုးများကို ကျော်နင်းနိုင်သူဖြစ်ခြင်း၊ ရန်သူမျိုးငါးပါး အန္တရာယ်မှကင်းဝေးခြင်း၊ လူကောင်းနတ်မြတ်တို့ချစ်ခင်ခြင်း၊ ဆုတောင်းပြည့်ဝခြင်း၊ နိဗ္ဗာန်တရားမြတ်ကိုရရှိနိုင်ခြင်း စသည့်အကျိုးထူးများကို စံစားရရှိမည်ဖြစ်သဖြင့် ယခုဘဝမှာပင် ကျေးဇူးပြု ကျေးဇူးဆပ်ကြပါရန် မြတ်မိခင်များ၏ဂုဏ်အပေါင်းကို ဖော်ကျူးပူဇော်ရေးသားလိုက်ရပါသည်။

# မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်



**မန္တလေး မေ ၁၁**

မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်လျက်ရှိကြောင်း ဘုရားဂေါပကအဖွဲ့များထံမှ သိရသည်။

ယနေ့တွင် မန္တလေးမြို့ရှိ တန်ခိုးကြီး ဘုရားများဖြစ်သော မဟာမုနိရုပ်ရှင်တော်၊ မန္တလေးတောင်တော်နှင့်ဝေဠုဝန်စကျောက်စိမ်းစေတီတော်တို့တွင် ဘုရားဖူးရဟန်းသံဃာတော်များနှင့် ပြည်သူစုစုပေါင်း ၃၄၆၂၈ ဦး လာရောက်ဖူးမြော်ကြကြောင်း သိရသည်။

"မဟာမုနိရုပ်ရှင်တော်ကို အနယ်နယ်အရပ်ရပ်က ဘုရားဖူးတွေ နေ့စဉ် လာရောက်ဖူးမြော်ကြပါတယ်။ ဒီနေ့မှာ မြို့ပေါ်နဲ့နယ်တွေက လာရောက်ဖူးမြော်သူတွေနဲ့ စည်ကားနေပါတယ်။ ရွှေသက်န်းကပ်လှူသူတွေ၊ ပန်းကပ်သူတွေ၊ ရေသပ္ပာယ်သူတွေနဲ့စည်ကားနေပါတယ်။ ဘုရားဖူးတွေက ပြတိုက်က သမိုင်းဝင်ပြခန်းတွေကို ဝင်ရောက်လေ့လာကြတာ တွေ့ရပါတယ်။ ဘုရားဖူးတွေက ငါးကန်၊ လိပ်ကန်တွေသွားပြီး ငါးစာ၊ လိပ်စာတွေ ကျွေးကြပါတယ်။ ရှခင်းကောင်းတဲ့နေရာတွေမှာလဲ အလှဓာတ်ပုံရိုက်သူတွေနဲ့ စည်ကားနေကြပါတယ်။ ဆိုင်ခန်းတွေလဲဖွင့်လှစ်ရောင်းချနေပြီး ဘုရားဖူးတွေကလဲ အမှတ်တရပစ္စည်းတွေ ဝယ်ယူနေတာကို တွေ့ရပါတယ်။ နေ့ထူးနေ့မြတ်ရက်တွေဆို ဘုရားဖူးဦးရေ တိုးပါတယ်"ဟု မဟာမုနိရုပ်ရှင်တော်ဂေါပကအဖွဲ့ရုံး ရုံးအဖွဲ့မှူး ဦးသိန်းထွန်းက ပြောပြသည်။

မဟာမုနိရုပ်ရှင်တော်သို့ ယနေ့ညနေထိ ဘုရားဖူး ၃၄၃၉၄၅ ဦး လာရောက်ဖူးမြော်ခဲ့ကြောင်း၊ ဘုရားကို နံနက် ၄ နာရီမှ ည ၇ နာရီထိ ဖွင့်လှစ်ထားပြီး ဘုရားဖူးရဟန်းရှင်လူ ပြည်သူများအနေဖြင့် မှခ်လေးခုစလုံးမှဝင်ရောက်ဖူးမြော်နိုင်ကြောင်း သိရသည်။

ဝေဠုဝန်စကျောက်စိမ်းစေတီတော်ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဖွင့်လှစ်ထားပြီး ယနေ့ညနေထိ ဘုရားဖူး ၁၅၆၈ ဦး လာရောက်ဖူးမြော်ကြောင်း ဝေဠုဝန်စ ကျောက်စိမ်းစေတီတော်ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်ဦးက ပြောပြသည်။

ထို့အတူ မန္တလေးတောင်တော်ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဖွင့်လှစ်ပေးထားကြောင်း၊ ယနေ့ညနေထိ ဘုရားဖူး ၇၁၅ ဦး လာရောက်ဖူးမြော်ကြောင်း မန္တလေးတောင်တော်ဂေါပကအဖွဲ့ အုပ်ချုပ်ရေးမှူး ဦးစိုးကြည်က ပြောပြ၍ သိရသည်။

(၁၈၅)

# မန္တလေးကုန်စည်ဒိုင်တွင် မေလဒုတိယပတ်အတွင်း ပဲ၊ ပြောင်း၊ နှမ်း အရောင်းအဝယ်ပြုလုပ်သူ တစ်ရက်လျှင် ဦးရေ ၇၀၀ ကျော်ထိရှိလာ

**မန္တလေး မေ ၁၁**

ပွဲစားကုန်သည်စက်ပိုင်များမဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်)တွင် မေလ ဒုတိယပတ်အတွင်း ပဲ၊ ပြောင်း၊ နှမ်း အရောင်းအဝယ်ပြုလုပ်သူ တစ်ရက်လျှင် ဦးရေ ၇၀၀ ကျော်ထိရှိလာကြောင်း မန္တလေးကုန်စည်ဒိုင်အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

ယခုလက်ရှိ မန္တလေးကုန်စည်ဒိုင်အတွင်း ပဲ၊ ပြောင်း၊ နှမ်း ကုန်စည်များကို ပုံမှန်အတိုင်း အရောင်းအဝယ် ပြုလုပ်လျက်ရှိကြောင်း၊ မန္တလေးကုန်စည်ဒိုင်တွင် မေလဒုတိယပတ်အတွင်း ပဲ၊ ပြောင်း၊ နှမ်း ကုန်စည်များကို အရောင်းအဝယ်ပြုလုပ်သူ များပြားလာကြောင်း သိရသည်။

"အခုက ပဲ၊ ပြောင်း၊ နှမ်း ကုန်စည်အားလုံးနီးပါး အရောင်းအဝယ် ပြန်ပြီးကောင်းလာတယ်။ ကုလားပဲ၊ ပဲတီစိမ်းနဲ့ နှမ်းကတော့ အရောင်းအဝယ် ပြန်ကောင်းနေတယ်။ အရောင်းအဝယ်သိပ်မကောင်းတဲ့ ကုန်စည်ကတော့ အနည်းငယ်လောက်ပဲရှိပါတယ်"ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေးကုန်စည်ဒိုင်အတွင်း ပဲ၊ ပြောင်း၊ နှမ်းအရောင်းအဝယ်ပြုလုပ်သူ ဦးရေမှာ မေလ ပထမပတ်က တစ်ရက်လျှင် ဦးရေ ၅၀၀ ကျော်သာရှိခဲ့သော်လည်း မေလ ဒုတိယပတ်အတွင်း တစ်ရက်လျှင် ဦးရေ ၇၀၀ ကျော်ထိရှိလာကြောင်း သိရသည်။

"အခုလတ်တလော မန္တလေးကုန်စည်ဒိုင်ထဲမှာ မြေထောက်ပဲနဲ့ နိုင်လွန်ပဲအမျိုးအစားတွေကိုလဲ ကုန်သည်တွေအနေနဲ့ အဝယ်များလာတယ်။ ကြိုက်ရောင်းကြိုက်ဝယ် ပုံစံမျိုးတွေ များလာတယ်။ အခြားကျန်တဲ့ကုန်စည်တွေကတော့ ပုံမှန်အတိုင်းပဲ အရောင်းအဝယ်ဖြစ်နေပါတယ်"ဟု ဦးစက်မောင်ဆွေက ဆက်လက်ပြောပြသည်။

မန္တလေးကုန်စည်ဒိုင်အတွင်း ပဲ၊ ပြောင်း၊ နှမ်း စသည့်ကုန်စည်များကို အရောင်းအဝယ်ပြုလုပ်သူများ အဆင်ပြေစေရေးအတွက် မန္တလေးကုန်စည်ဒိုင်ကို နေ့စဉ် နံနက် ၈ နာရီမှ ညနေ ၄ နာရီထိ ပုံမှန်ဖွင့်လှစ်ပေးထားကြောင်း သိရသည်။

(၁၈၄)

# မန္တလေးဈေးကွက်အတွင်း အောင်ပန်းကြက်သွန်ဖြူ အရောင်းအဝယ်ကောင်းမွန်လျက်ရှိ

**မန္တလေး မေ ၁၁**

မန္တလေးဈေးကွက်အတွင်း အောင်ပန်းကြက်သွန်ဖြူ အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း မန္တလေးမြို့မှ အောင် ကြက်သွန်နှင့်အာလူးပွဲရုံပိုင်ရှင် ဒေါ်မေသဲဆွေက ပြောပြ၍ သိရသည်။

ပြည်တွင်းဈေးကွက်အတွင်း ယခင်က အောင်ပန်းဘက်မှထွက်ရှိသည့်ကြက်သွန်ဖြူများမှာ အရောင်းအဝယ်အေးခဲ့ကြောင်း၊ မေလ ဒုတိယပတ်မှစ၍ အောင်ပန်းဘက်မှ ထွက်ရှိသည့် ကြက်သွန်ဖြူ အရောင်းအဝယ် ပြန်လည်ကောင်းမွန်ခဲ့ကြောင်း၊ ထို့ပြင် အခြားဒေသထွက် ကြက်သွန်ဖြူများလည်း ပုံမှန် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"အခု မန္တလေးဈေးကွက်ထဲမှာ အောင်ပန်းဘက်ကနေထွက်ရှိတဲ့ ကြက်သွန်ဖြူတွေကို ကုန်သည်တွေအနေနဲ့ အဝယ်တော်တော်များလာတယ်။ ပြည်တွင်းကော၊ ပြည်ပကပါ ကြက်သွန်ဖြူတွေ အဝယ်လိုက်လာတာကြောင့် မန္တလေးဈေးကွက်ထဲမှာ အရောင်းအဝယ်က သိသိသာသာကို ကောင်းမွန်လာတယ်။ အခုလတ်တလော အောင်ပန်းဘက်ကနေ မန္တလေးကိုတင်ပို့တဲ့ကြက်သွန်ဖြူတွေကို ရန်ကုန်နဲ့အခြားမြို့ကြီးတွေကိုလဲ ပြန်ပြီးတင်ပို့နေရပါတယ်"ဟု ဒေါ်မေသဲဆွေက ပြောပြသည်။

မန္တလေးဈေးကွက်အတွင်း မေ ၁၀ ရက်ပေါက်ဈေးအရ အောင်ပန်းဘက်မှထွက်ရှိသည့် ကြက်သွန်ဖြူ တစ်ပိဿာလျှင် ငွေကျပ် ၇၈၀၀ ခန့်ဈေးရှိကြောင်း အောင် ကြက်သွန်နှင့်အာလူးပွဲရုံပိုင်ရှင် ဒေါ်မေသဲဆွေက ဆက်လက်ပြောပြ၍ သိရသည်။

(၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မန္တလေးမြို့၌ သက်မွေးဝမ်းကျောင်းအထောက်အကူပြု ဆပ်ပြာဆီအမျိုးမျိုးနှင့် ခေါင်းလျှော်ရည်ပြုလုပ်နည်းသင်တန်းဖွင့်ပွဲ ကျင်းပ

**မန္တလေး မေ ၁၁**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေ အမျိုးသမီးများ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရန်နှင့် မိသားစုဝင်ငွေ တိုးပွားလာစေရန် ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ဆပ်ပြာဆီ အမျိုးမျိုးနှင့် ခေါင်းလျှော်ရည် ပြုလုပ်နည်းသင်တန်းဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အမရပူရခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းမြင့်က အမှာစကားပြောကြားသည်။

ဆက်လက်၍ အမရပူရမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်စန်းဦးက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး သင်တန်းနည်းပြများက သင်တန်းတွင်ပို့ချမည့် ဘာသာရပ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသော သင်တန်းသူများက တစ်ဦးချင်းမိတ်ဆက်ကြပြီး ခရိုင်ဦးစီးမှူး ဦးဝင်းမြင့်နှင့် တာဝန်ရှိသူများက သင်တန်းသူများကို သင်ထောက်ကူပစ္စည်းများ ပေးအပ်ကြသည်။

အဆိုပါသင်တန်းသို့ အမရပူရမြို့နယ်အတွင်းရှိ ဝဲကြီးစင်ရွာကျေးရွာ၊ စည်ပင်ကျေးရွာ၊ ညောင်ပင်စောက်ကျေးရွာနှင့် လိပ်သံခွန်ကျေးရွာမှ သင်တန်းသူ ၁၅ ဦး တက်ရောက်ကြပြီး သင်တန်းတွင် ကျွမ်းကျင်နည်းပြနှစ်ဦးက ဆပ်ပြာဆီအမျိုးမျိုးနှင့် ခေါင်းလျှော်ရည် ပြုလုပ်နည်းများကို စာတွေ့လက်တွေ့ဖြင့် ယနေ့မှ မေ ၂၀ ရက်ထိ ၁၀ ရက်ကြာ အခမဲ့သင်ကြားပေးသွားမည်ဖြစ်ကြောင်း အမရပူရမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ **သူသူ**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဓိဝိတဒါနသံဃာ့ဆေးရုံကြီးတွင် မန္တလေးမြို့နေ ဓိဝိတဒါန သံဃာ့ဆေးရုံကြီး သီလရှင်ဆောင် ကြီးကြပ်ရေး အမျိုးသမီး ဆပ်ကော်မတီအလှူရှင်အဖွဲ့က ဆွမ်းပဒေသာပင်အတွက် အလှူငွေကျပ် ၇၀၀၀၀၀ လှူဒါန်းရာ ဆေးရုံကြီးကြပ်ရေးနှင့် အထောက်အကူပြုအဖွဲ့ခေါင်းဆောင် သုခမ္မမဏိဇောတဓရ ဦးရိုးလင်း၊ ဆေးရုံအုပ်ကြီး ဒေါက်တာဦးခင်မောင်၊ ဆေးရုံအုပ် ဒေါက်တာဦးတင်ဝင်းတို့က လက်ခံရယူစဉ်။

# နေပြည်တော်မြို့နယ်ရှိ ဥမ္မာဒန္တီအပန်းဖြေကမ်းခြေသို့ ဧပြီလအတွင်း ခရီးသွားဧည့်သည် ၂၆၇၇၅ ဦး လာရောက်လည်ပတ်ခဲ့



**နေပြည်တော် မေ ၁၁**

ရေဝတီတိုင်းဒေသကြီး မအူပင်ခရိုင် နေပြည်တော်မြို့နယ်ရှိ ဥမ္မာဒန္တီအပန်းဖြေကမ်းခြေသို့ ဧပြီလအတွင်း ခရီးသွားဧည့်သည် ၂၆၇၇၅ ဦး လာရောက်လည်ပတ်ခဲ့ကြောင်း နေပြည်တော်မြို့နယ် ခရီးသွားလုပ်ငန်းအသင်း ဧည့်လမ်းညွှန်တာဝန်ခံ ဒေါ်ဇင်မာမြင့်က ပြောပြ၍ သိရသည်။

နေပြည်တော်မြို့နယ်ရှိ ဥမ္မာဒန္တီအပန်းဖြေကမ်းခြေသို့ မတ်လအတွင်းက ခရီးသွားဧည့်သည် ၁၆၇၇၅ ဦး လာရောက်လည်ပတ်ခဲ့ပြီး ဧပြီ ၁ ရက်မှ ၃၀ ရက်ထိ ခရီးသွားဧည့်သည် ၂၆၇၇၅ ဦးထိ လာရောက်လည်ပတ်ခဲ့ကြကြောင်း သိရသည်။

"ကမ်းခြေကို ဧပြီလအတွင်းက ခရီးသွားဧည့်သည် အယောက် ၂၆၇၀၀ ကျော်ထိ လာရောက်လည်ပတ်ခဲ့ပါတယ်။ အရင်လတွေကထက် ခရီးသွားတွေများခဲ့ပါတယ်။ လာရောက်လည်ပတ်ခဲ့တဲ့ ခရီးသွားတွေထဲမှာ ရေဝတီတိုင်းဒေသကြီးနဲ့ ရန်ကုန်တိုင်းဒေသကြီးက အများဆုံးလာခဲ့တာတွေ့ရပါတယ်။ ကမ်းခြေကိုလာတဲ့ ခရီးသွားတွေထဲမှာ ညအိပ် လာရောက်လည်ပတ်တဲ့ ဧည့်သည်တွေရှိသလို နေ့ချင်းပြန်လာတဲ့သူတွေလဲ ရှိပါတယ်။ ပြီးခဲ့တဲ့ဧပြီလက သင်္ကြန်ကာလ ရုံးပိတ်ရက်တွေ ရှိခဲ့တာကြောင့် ကမ်းခြေလာအပန်းဖြေတဲ့ဧည့်သည်တွေနဲ့ အစည်ကားဆုံးဖြစ်ခဲ့ပါတယ်"ဟု နေပြည်တော်မြို့နယ် ခရီးသွားလုပ်ငန်းအသင်း ဧည့်လမ်းညွှန်တာဝန်ခံ ဒေါ်ဇင်မာမြင့်က ပြောပြသည်။

နေပြည်တော်မြို့နယ်ရှိ ဥမ္မာဒန္တီ အပန်းဖြေကမ်းခြေသို့ လာရောက်လည်ပတ်သည့် ခရီးသွားဧည့်သည်များအတွက် လုံခြုံရေး၊ စည်းကမ်းထိန်းသိမ်းရေး လုပ်ငန်းများကို သက်ဆိုင်ရာဌာန အဖွဲ့အစည်းများက ပူးပေါင်းဆောင်ရွက်ပေးနေကြောင်း၊ ဥမ္မာဒန္တီကမ်းခြေကို ၂၀၁၁ ခုနှစ်က စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး လက်ရှိကမ်းခြေတွင် စားသောက်ဆိုင်များဖြင့် ဒေသထွက် အစားအစာအမျိုးမျိုး၊ အမှတ်တရ လက်ဆောင်ပစ္စည်းအမျိုးမျိုး၊ လူသုံးကုန်ပစ္စည်းအမျိုးမျိုး၊ အဝတ်အထည် အမျိုးမျိုးတို့ကို ဆိုင်ခန်းများဖွင့်လှစ်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ညောင်ဦးမြို့နယ် ညောင်ပင်ကန်ကျေးရွာ၌ စက်ရေတွင်းတူးဖော်နေမှု ကွင်းဆင်းစစ်ဆေး

**ညောင်ဦး မေ ၁၁**

မန္တလေးတိုင်းဒေသကြီးညောင်ဦးခရိုင် ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၂၈ သန်းဖြင့် ညောင်ပင်ကန်ကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို မေ ၁၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ညောင်ဦးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်း၊ ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးညီညီဦး၊ ခရိုင်နှင့်မြို့နယ်စီမံကိန်းတာဝန်ခံ အင်ဂျင်နီယာများက ကျေးရွာရေပေးရေးကော်မတီဝင်များနှင့်အတူ ညောင်ပင်ကန်ကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် မှာကြားသည်။

ညောင်ပင်ကန် ကျေးရွာ၌ အကျယ် လေးလက်မ၊ အနက်ပေ ၇၀၀ရှိ စက်ရေတွင်း တူးဖော်ခြင်းလုပ်ငန်းကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၂၈ သန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ အင်ဂျင်နီယာများက ယခုနှစ် ဧပြီလ စတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ၂၅ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း ညောင်ဦးခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ **ဝင်းမာ**

# ရွှေဘိုခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော ထောပတ်ပဲ ၃၅၉၁ ဧက ရိတ်သိမ်းပြီးစီး

**ရွှေဘို မေ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော ထောပတ်ပဲ ၃၅၉၁ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရွှေဘိုခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော ထောပတ်ပဲများကို ယခုနှစ် ဖေဖော်ဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ၃၅၉၁ ဧက ရိတ်သိမ်းပြီးစီးနေပြီး တစ်ဧကလျှင် ၁၈ ဒသမ ၈၁ တင်းထွက်ရှိကြောင်း သိရသည်။

"ရွှေဘိုခရိုင်မှာ ဆောင်းသီးနှံစိုက်ပျိုးရာသီက ထောပတ်ပဲ ၃၅၉၁ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ လက်ရှိ ဧကအားလုံး ရိတ်သိမ်းပြီးစီးနေပြီဖြစ်ပါတယ်။ ထောပတ်ပဲဟာ ဈေးကောင်းရရှိတဲ့အတွက်ကြောင့် အားထားစိုက်ပျိုးကြပါတယ်"ဟု ရွှေဘိုခရိုင်စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇာဇာမင်းက ပြောပြသည်။

ရွှေဘိုခရိုင်တွင် မြို့နယ်အလိုက် ထောပတ်ပဲ ရိတ်သိမ်းပြီးစီးမှုအနေဖြင့် ရွှေဘိုမြို့နယ်တွင် ၅၁၉ ဧက၊ ခင်ဦးမြို့နယ်တွင် ၇၀၃ ဧက၊ ဝက်လက်မြို့နယ်တွင် ၁၃၅၅ ဧကနှင့်ကျောက်မြောင်းမြို့နယ်ခွဲတွင် ၁၀၁၄ ဧက စုစုပေါင်း ၃၅၉၁ ဧကတို့ဖြစ်ကြောင်း သိရသည်။

ရွှေဘိုခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဒေသခံတောင်သူများက ထောပတ်ပဲများကို သီးသန့်စိုက်ပျိုးကြသကဲ့သို့ အချို့တောင်သူများက အပိုဝင်ငွေရရှိစေရန်အတွက် သီးညှပ်စိုက်ပျိုးကြကြောင်း သိရသည်။

ရွှေဘိုခရိုင်တွင် ထောပတ်ပဲစိုက်ပျိုးကြသော တောင်သူများကို သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် သီးနှံအထွက်နှုန်းတိုးတက်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးကြရေးနှင့်လိုအပ်သည့် နည်းပညာများကို ပံ့ပိုးကူညီဆောင်ရွက်ခဲ့ပြီး သီးနှံပိုးမွှားရောဂါကြိုတင်ကာကွယ်နိုင်ရေးအတွက် သဘာဝပိုးသတ်ဆေးပြုလုပ်သုံးစွဲပုံနှင့်အချိန်မီရိတ်သိမ်းမှု စသည့်အသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (၂၀၆)



# စီးပွားရေးခရီးရှည်တွင် အောင်မြင်မှုမှတ်တိုင်ငယ်လေးများ စိုက်ထူပါ

မျိုးသူ(ကန်သွယ်မြင့်)

ကားလမ်းဖြင့်ခရီးသွားလျှင် လမ်းဘေး၌ မိုင်တိုင်လေးများကိုကြည့်ပြီး မိမိမိုင်မည်မျှခရီးပေါက်လာသည်ကို သိနိုင်သည်။ အလားတူ မိမိ၏ ပန်းတိုင်ဆီသို့ရောက်ရှိအောင် ခရီးမည်မျှကျန်သည်ကိုလည်းကောင်း၊ ခရီးမည်မျှကို အောင်အောင်မြင်မြင်ရောက်ရှိသည်ကိုလည်းကောင်းသိရပြီး ခရီးပန်းတိုင်နီးလာခြင်းအတွက် စိတ်ချမ်းသာမှုကို ရရှိစေသည်။ တစ်နည်းအားဖြင့် မည်သည့်ခရီးကိုသွားသည်ဖြစ်စေ မိုင်တိုင်လေးများသည် စိတ်ခွန်အားကိုပေးတတ်သည်။ အလားတူပင် ဘဝခရီးလမ်းတွင်လည်း မိုင်တိုင်လေးများကို အောင်အောင်မြင်မြင်ဖြတ်သန်းပြီး ဘဝပန်းတိုင်မျှော်လင့်ချက်ဆီရောက်ရန်လိုအပ်သည်။ မိမိတို့မကြာခဏပြောတတ်သည့် Mile Stone ဆိုသည့် မိုင်တိုင်အမှတ်အသားလေးများကို ဘဝတွင် မှတ်တမ်းတင်ချန်ရစ်နိုင်ရန် လုပ်ကိုင်လေ့ရှိတတ်သည်။ အဆိုပါမှတ်တိုင်လေးများသည် ကြီးမားသည့်အောင်မြင်မှုများထက် သေးငယ်သော်လည်း စိတ်ကျေနပ်မှုကိုပေးနိုင်သည့် အောင်မြင်မှုလေးများဖြစ်ကြသည်။ ထိုကဲ့သို့သောမှတ်တိုင်လေးများကို မိမိ၏ စီးပွားရေးလုပ်ငန်းများ၊ ကုမ္ပဏီများနှင့် အဖွဲ့အစည်းများတွင်လည်း မကြာခဏကြုံတွေ့စိုက်ထူနိုင်ရန်လိုအပ်သည်။ စိတ်ဓာတ်ခွန်အားကိုပေးစွမ်းနိုင်သည့် အောင်မြင်မှုငယ်လေးများဖြစ်ကြသည်။ ထိုသို့ အောင်မြင်မှုလေးများသည် စီးပွားရေးလုပ်ငန်းများတွင်သာမက ဘဝတွင်လည်း လိုအပ်ကြောင်း တွေ့နိုင်သည်။

**စည်းကမ်းသုံးမျိုး**

အောင်မြင်မှုမှတ်တိုင်ငယ်များစိုက်ထူနိုင်ရန်ကိစ္စကို စည်းကမ်းသုံးမျိုးချမှတ်ထားရန်လိုအပ်သည်။

- တိကျစွာသတ်မှတ်ထားသော ရည်မှန်းချက်ငယ်တစ်ခုရှိရမည်။ ရေရာသေချာမှုမရှိသောအချက်များကို ထည့်သွင်းထားရန်မလိုအပ်ပါ။ အချို့ကိစ္စများကို အောင်မြင်မှုမှတ်တိုင်အဖြစ် သတ်မှတ်ရန်မဖြစ်နိုင်ပါ။ စီးပွားရေးအောင်မြင်မှုများနှင့် တိုက်ရိုက်သက်ဆိုင်ခြင်းမရှိသော်လည်း အချို့သောအချက်များကို ဘဝတွင် အောင်မြင်မှုမှတ်တိုင်အဖြစ် သတ်မှတ်နိုင်သည်။ ဥပမာအားဖြင့် အရက်ဖြတ်ခြင်း၊ ဆေးလိပ်ဖြတ်ခြင်း၊ ကွမ်းဖြတ်ခြင်းစသည်တို့ဖြစ်ကြသည်။
- ကြိုးစားအားထုတ်မှုများကို သေချာစွာပြောင်းလဲလုပ်ဆောင်ရန်နှင့် ရှင်းရှင်းလင်းလင်းဆောင်ရွက်သွားရန်လိုအပ်သည်။ မူလလမ်းဟောင်းအတိုင်း သမားရိုးကျလုပ်ကိုင်နေသည်မှ ပြင်ဆင်ပြောင်းလဲရန်လိုအပ်ပါက သေချာစွာပြောင်းလဲခြင်းများကို ဆောင်ရွက်ရမည်ဖြစ်ပြီး ပါဝင်သူများကို ရှင်းရှင်းလင်းလင်းအသိပေးကာ ကြိုးစားအားထုတ်မှုကို အပြည့်အဝလုပ်ဆောင်ရန် လိုအပ်သည်။
- မိမိလုပ်ဆောင်မည့်ကိစ္စတိုင်းတွင် ပါဝင်မည့်သူများ အားလုံးမြင်သာသော၊ ထိတွေ့နိုင်သော ရည်မှန်းချက်ပန်းတိုင်ဖြစ်ရမည်။ ပါဝင်သည့်သူများအားလုံးအတွက် အကျိုးသက်ရောက်မှုရှိသော ပန်းတိုင်ငယ်များလည်း ဖြစ်နေရန်လိုအပ်သည်။

**အကျိုးကျေးဇူးများ**

အောင်မြင်မှုပန်းတိုင်ငယ်လေးများ ရရှိခြင်း၏ အဓိကအကျိုးကျေးဇူးသည် အချိန်ဆွဲခြင်းကိုပယ်ဖျောက်၍ ကြီးမားသောအောင်မြင်မှုများရရှိရေးအတွက် တွန်းအားများ၊ စိတ်ဓာတ်ခွန်အားများရရှိခြင်းပင်ဖြစ်သည်။ တစ်ခါတစ်ရံတွင် ပန်းတိုင်ကို ပြဋ္ဌာန်းထားခြင်းကြောင့် လုပ်ကိုလုပ်မှရမည်ဟု တွန်းအားနှင့် အချိန်ဆွဲမှုမရှိခြင်းတို့ ပေါ်ပေါက်လာပြီး ပန်းတိုင်သို့ ရည်မှန်းသည့်အတိုင်းရောက်ရှိစေသည်။ ဖြစ်ကိုဖြစ်ရမည်ဟူသောစိတ်သည် ကြီးမားသောတွန်းအားကိုဖြစ်စေသည်။ ထို့ပြင် အခြားသောစိတ်ခံစားချက်များကိုလည်းဖြစ်ပေါ်စေပြီး စိတ္တာဓိပတိဟူသော စိတ်၏ ဦးဆောင်ခြင်းဖြင့် အောင်မြင်မှုပန်းတိုင်ငယ်များကို ရရှိနိုင်သည်။

ထို့ပြင် အောင်မြင်ခဲ့သော ပန်းတိုင်ငယ်လေးများသည် နောက်ထပ်အောင်မြင်မှုမှတ်တိုင်များစိုက်ထူရန်အတွက် လှုံ့ဆော်မှုများ၊ တွန်းအားများဖြစ်စေပြီး ထိုအောင်မြင်မှုထက်မလျော့သော အောင်မြင်မှုမှတ်တိုင်များချမှတ်နိုင်ရန် လှုံ့ဆော်မှုကြီးများဖြစ်လာတတ်သည်။ အောင်မြင်မှုမှတ်တမ်းများက အောင်မြင်မှုကို ပိုသည်ထက်ပိုကောင်းလာအောင် အထောက်အကူပြုနေသည်ဟု ပြောလိုခြင်းဖြစ်သည်။ အခက်အခဲများရင်ဆိုင်ရမည်ကို ကြောက်ရွံ့စိတ်နှင့် ဝန်လေးသောစိတ်များကိုလည်း ပယ်ရှားသွားစေနိုင်သည်။ လုပ်ငန်းထဲတွင် ပါဝင်ဆောင်ရွက်ရန် တွေဝေနေသူများ၊ ပန်းတိုင်လေးများကို မနှစ်မြို့က်သူများကိုလည်း အောင်မြင်မှုလေးများက ပါဝင်လုပ်ကိုင်ချင်စိတ်များ ဖြစ်ပေါ်လာစေသည်။ ကာလရှည်မျှော်မှန်းချက်များကို အကောင်အထည်ဖော်ရာတွင် အခက်အခဲများကို ကြုံရခြင်းနှင့် တိုးတက်မှုနည်းပြီး လေးလံနေသည့် အခြေအနေမျိုးအတွက် အောင်မြင်မှုလေးများက စိတ်ခွန်အားများကို များစွာပေးဆောင်နိုင်ကာ ကြိုးစားအားထုတ်မှုများကိုတိုးတက်လာစေသည်။ မည်သည့်လုပ်ငန်းများကိုမဆို အချိန်ကိုက်ဆောင်ရွက်မှုမရှိရခြင်း၏ အဓိကရန်သူမှာ အချိန်ဆွဲခြင်း Procrastination ပင်ဖြစ်သည်။ ယခုကဲ့သို့သော ပန်းတိုင်ငယ်လေးများကိုဖန်တီး၍ အောင်မြင်အောင်အကောင်အထည်ဖော်သည့်အခါ အကျိုးကျေးဇူးအနေဖြင့် အချိန်ကိုက်စီမံခန့်ခွဲနိုင်ရသဖြင့် အချိန်ဆွဲလေ့ဖင့်ခြင်းကို ပပျောက်စေသည်။

> ❖ အောင်မြင်မှုပန်းတိုင်ငယ်လေးများရရှိခြင်း၏ အဓိက အကျိုးကျေးဇူးသည် အချိန်ဆွဲခြင်းကိုပယ်ဖျောက်၍ ကြီးမားသောအောင်မြင်မှုများရရှိရေးအတွက် တွန်းအားများ၊ စိတ်ဓာတ်ခွန်အားများရရှိခြင်းပင်ဖြစ်သည်။ တစ်ခါတစ်ရံတွင် ပန်းတိုင်ကိုပြဋ္ဌာန်းထားခြင်းကြောင့် လုပ်ကိုလုပ်မှရမည်ဟု တွန်းအားနှင့် အချိန်ဆွဲမှုမရှိခြင်းတို့ပေါ်ပေါက်လာပြီး ပန်းတိုင်သို့ ရည်မှန်းသည့်အတိုင်းရောက်ရှိစေသည်။ ဖြစ်ကိုဖြစ်ရမည်ဟူသောစိတ်သည် ကြီးမားသောတွန်းအားကိုဖြစ်စေသည်။ ထို့ပြင် အခြားသောစိတ်ခံစားချက်များကိုလည်းဖြစ်ပေါ်စေပြီး စိတ္တာဓိပတိဟူသော စိတ်၏ဦးဆောင်ခြင်းဖြင့် အောင်မြင်မှုပန်းတိုင်ငယ်များကို ရရှိနိုင်သည်။ ❖

**ပန်းတိုင်လေးများကို မည်သို့သတ်မှတ်မည်နည်း**

စိတ်ဓာတ်ခွန်အားကိုပေးစွမ်းသော၊ လှုံ့ဆော်မှုကောင်းတစ်ခုဖြစ်သော၊ ကြိုးစားလိုစိတ်များကို တိုးပွားစေသောပန်းတိုင်လေးများကို မည်သို့သတ်မှတ်သင့်သည်ကိုလည်း သိထားရန်လိုအပ်သည်။ ပန်းတိုင်ငယ်လေးများသည် အခြေခံအားဖြင့် မူလပင်မ Vision မျှော်မှန်းချက်နှင့် မသွေဖည်ရန်လိုအပ်သည်။ အခြေခံအားဖြင့် အချက်ခြောက်ချက်ကိုအခြေခံ၍ ပန်းတိုင်လေးများကို ချမှတ်ထားရမည်ဖြစ်သည်။

တိကျစွာသတ်မှတ်ခြင်းသည် ပထမဆုံးစဉ်းစားရမည့်ပန်းတိုင်အတွက် လိုအပ်ချက်ဖြစ်သည်။ ပန်းတိုင်လေးသည် အလွန်လွယ်ကူသေးငယ်ပြီး များစွာလွယ်ကူနေသည်မျိုးလည်းမဖြစ်ရန် သတိပြုရမည်ဖြစ်သည်။ အနည်းငယ်ခက်ခဲပြီး တိကျပြတ်သားသော ပန်းတိုင်တစ်ခုကိုချမှတ်ပြီးလျှင် ပါဝင်မည့်သူများကို ရွေးချယ်သတ်မှတ်ရမည်။ ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကိုလည်း တိတိကျကျစဉ်းစားသတ်မှတ်ထားရမည်။ မည်သူက မည်သူ့ကို စီမံခန့်ခွဲမည်၊ တစ်ဦးချင်းအတွက် ချမှတ်ထားသောလုပ်ငန်းများကို တာဝန်ရှိသူက အောင်မြင်အောင် လုပ်နိုင်ခြင်းမရှိသည့်အခါမျိုးတွင် မည်သူက ကူညီဆောင်ရွက်မည်၊ မည်သူက ပူးပေါင်းဆောင်ရွက်မည် စသည်ဖြင့် သေချာစွာသတ်မှတ်ထားရမည်။ ထို့ပြင် ပူးပေါင်းဆောင်ရွက်ခြင်းကို အလေးအနက်ထားထည့်သွင်းရန်လည်း လိုအပ်နိုင်သည်။ သို့မှသာ တစ်ဦးကောင်းတစ်ယောက်ကောင်း အောင်မြင်မှုမျိုးထက် အားလုံးကို ပျော်ရွှင်ကျေနပ်မှုမျိုးပေးသည့် အောင်မြင်မှုမှတ်တိုင်လေးဖြစ်လာမည်။ ထို့ကြောင့် ပထမဆုံးအချက်မှာ ပန်းတိုင်ကို သေချာတိကျစွာ သတ်မှတ်ထားရန်ဖြစ်သည်။

အကျိုးသက်ရောက်မှုသည် အတိုင်းအတာတစ်ခုထိရှိရန် လိုအပ်သည်။ သက်ဆိုင်သောသူများအားလုံးအတွက် လုံလောက်သော အကျိုးသက်ရောက်မှုရှိအောင် စဉ်းစားစီမံရမည်ဖြစ်သည်။ ပါဝင်သော Stakeholders များအားလုံးကို အကျိုးသက်ရောက်နိုင်သမျှ သက်ရောက်စေရမည်။ ထို့ပြင် အောင်မြင်မှုပန်းတိုင်လေးသည် မူလမျှော်မှန်းချက် Vision ကို အကျိုးသက်ရောက်မှုရှိရမည်ဖြစ်သကဲ့သို့ ပါဝင်သူများကိုလည်း အကျိုးသက်ရောက်မှုရှိရမည်ဖြစ်သည်။ ထို့ပြင် ပန်းတိုင်ငယ်ကိုအောင်မြင်ခြင်းသည် မျှော်မှန်းချက်ကို အကောင်အထည်ဖော်ရန်အတွက် ပါဝင်ရန် တွေဝေနေသူများ၊ လက်မခံသေးသူများကိုလည်း လက်ခံပြောင်းလဲလာစေသည်။ ဖန်တီးမည့်ပန်းတိုင်ငယ်သည် ပါဝင်သူတိုင်းအတွက် အကျိုးသက်ရောက်မှုရှိရမည်ဟု ဆိုချင်သည်။

အံဝင်ခွင်ကျဖြစ်ခြင်းနှင့် ညီညွတ်မျှတခြင်းရှိရန်လည်း လိုအပ်သည်။ ပန်းတိုင်ငယ်လေးသည် မိမိ၏ ရေရှည်မျှော်မှန်းချက် Vision နှင့် အံဝင်ခွင်ကျဖြစ်ရန်၊ ညီညွတ်မျှတမှုရှိရန် လိုအပ်သည်။ ကာလတိုပန်းတိုင်ငယ်သည် Vision နှင့် တစ်ဖြောင့်တည်း၊ ညီညွတ်မျှတ၍ အံဝင်ခွင်ကျဖြစ်ရန်လိုအပ်သကဲ့သို့ ပါဝင်အကောင်အထည်ဖော်မည့်သူများနှင့်လည်း တစ်သားတည်းဖြစ်ရန်လိုအပ်သည်။ အောင်မြင်လွယ်သည့် ပန်းတိုင်လေးများကို ဖန်တီးသည်ဆိုသော်လည်း မိမိ Vision ဖြင့် ကိုက်ညီရန်လိုအပ်သကဲ့သို့ ကုန်ကျစရိတ်များကို သီးခြားပိုမိုကုန်ကျခြင်းမဖြစ်စေရန်လည်း လိုအပ်သည်။ ကုန်ကျစရိတ်များကို တတ်နိုင်လျှင် လျှော့နည်းစေရမည်။ မျှော်မှန်းချက်ကို အကောင်အထည်ဖော်ရာတွင် ကုန်ကျမည့်စရိတ်များကို လျှော့ချနိုင်သည့် ပန်းတိုင်ငယ်များဖြစ်ရန် လိုအပ်သည်။

အချိန်ကိုက်ဖြစ်ရန်လည်း လိုအပ်သည်။ မိမိ၏ ရေရှည်မျှော်မှန်းချက် Vision တစ်လျှောက်တွင် ပန်းတိုင်ငယ်လေးများချမှတ်ထားပြီး အောင်မြင်မှုလေးများကို ရရှိစေအောင်ဆောင်ရွက်ရမည်ဖြစ်သော်လည်း အလွန်အမင်းနီးကပ်စွာ ပန်းတိုင်ငယ်လေးများမထားရန်လည်း လိုအပ်သည်။ အလွန်အမင်းနီးကပ်သွားသည့်အခါတွင် ပန်းတိုင်ငယ်လေးများကို အောင်မြင်သဖြင့် ရလာသည့်အကျိုးသက်ရောက်မှုသည် လျော့နည်းသွားတတ်သည်။ ထို့ကြောင့် ရေရှည်မျှော်မှန်းချက်တစ်လျှောက်တွင် အချိန်ပိုင်းသတ်မှတ်၍ ပန်းတိုင်ငယ်လေးများကို ဖန်တီးခြင်းသည် တစ်ခုနှင့်တစ်ခု အချိန်ကိုက်မနီးမဝေးဖြစ်ရန်လိုအပ်သည်။ နီးလွန်းလျှင်လည်း ပါဝင်အကောင်အထည်ဖော်သူများက အလေးထားမှုလျော့နည်းသွားတတ်သကဲ့သို့ ပန်းတိုင်ငယ်တစ်ခုနှင့်တစ်ခု ဝေးလွန်းလျှင်လည်း စိတ်ဓာတ်ကျဆင်းမှု၊ အောင်မြင်မှုနည်းသည်ဟုမြင်ခြင်းများ ဖြစ်လာတတ်သည်။ စိတ်ခွန်အားရနိုင်မှုလည်း နည်းပါးသွားမည်ဖြစ်သည်။ ထို့ကြောင့် ရေရှည်မျှော်မှန်းချက်နှင့် လက်ရှိကာလကြားတွင် ပန်းတိုင်ငယ်လေးများသည် တစ်ခုနှင့်တစ်ခု မနီးမဝေး အချိန်ကိုက်ဖြစ်နေရန် သတိပြုရမည်။

အရင်းအမြစ်များ လုံလောက်စွာရှိရန်လိုအပ်သည်။ ရေရှည်ပန်းတိုင်အတွက် အရင်းအမြစ်များလိုအပ်သည့်အပြင် ပန်းတိုင်ငယ်လေးများကို အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရန်အတွက် အရင်းအမြစ်များကို လိုသည်ထက် ပို၍သုံးရန်မသင့်ပါ။ ပန်းတိုင်ငယ်တစ်ခုအတွက် အရင်းအမြစ်များကို ပုံအောသုံးစွဲ၍ အရင်းအမြစ်များနည်းပါးသွားလျှင် ရေရှည်မျှော်မှန်းချက် Vision အတွက် အရင်းအမြစ်များလုံလောက်အောင်မရှိဘဲဖြစ်တတ်သည်။ ထို့ကြောင့် ထပ်မံ၍ အရင်းအမြစ်လိုအပ်နိုင်သည်ကိုလည်း ထည့်သွင်းစဉ်းစားသွားရန် လိုအပ်သည်။

အရေးပေါ်ကိစ္စများအတွက်လည်း ကြိုတင်ပြင်ဆင်ထားရမည်ဖြစ်သည်။ ရေရှည်မျှော်မှန်းချက်ပန်းတိုင် Vision လမ်းကြောင်းမှ မသွေဖည်ရန် အစဉ်သတိပြုရမည်။ ကာလတိုပန်းတိုင်ငယ်လေးများကို အကောင်အထည်ဖော်နေစဉ်တွင် မမျှော်မှန်းနိုင်သောကိစ္စများလည်း ပေါ်ပေါက်လာတတ်သည်။ အသေးအဖွဲ့ကိစ္စလေးများဖြစ်သော်လည်း ကာလတိုပန်းတိုင်များကိုအကောင်အထည်ဖော်ရာတွင် အချိန်ကြန့်ကြာခြင်းနှင့် နှေးကွေးခြင်းများဖြစ်ပေါ်လာတတ်သည်။ ပန်းတိုင်ငယ်လေးများကို အကောင်အထည်ဖော်နေသည့်ကာလတွင် မထင်မှတ်သောကိစ္စလေးများပေါ်ပေါက်လာသဖြင့် မူလလမ်းကြောင်းမှ သွေဖည်သွားတတ်သည်။ ထိုအခါများတွင် ပန်းတိုင်ငယ်လေးများကို မူလက သတ်မှတ်ချက်များအတိုင်း အောင်မြင်စေရန် ကြိုတင်၍စဉ်းစားပြီး အရေးပေါ်ကိစ္စများအတွက် ပြင်ဆင်ထားရန်လိုအပ်သည်။

အရေးကြီးသော စိတ်ဓာတ်ခွန်အားမြင့်မားစေရေးသည် ပန်းတိုင်ငယ်လေးများ အောင်မြင်မှုနှင့်လည်း တိုက်ရိုက်သက်ဆိုင်နေသည်။ ရေရှည်မျှော်မှန်းချက်တစ်ခုကို ဆောင်ရွက်နေသည့်အချိန်ကာလမှာ ကြာမြင့်သည်ဖြစ်၍ စိတ်ဓာတ်ကျဆင်းမှုနှင့် ပင်ပန်းနွမ်းနယ်မှုများဖြစ်လာတတ်သည်။ ထိုအချက်များကို ကျော်လွှားနိုင်ရန်အတွက် စိတ်ဓာတ်ခွန်အားကို ပေးစွမ်းနိုင်သည့် ကာလတိုပန်းတိုင်ငယ်လေးများကို အချိန်ကိုက်ထည့်သွင်း၍ အောင်မြင်မှုလေးများဖြင့် စိတ်ကျေနပ်မှု၊ ပျော်ရွှင်မှု၊ ပီတိနှင့် စိတ်ဓာတ်ခွန်အားများ တိုးလာစေနိုင်သည်။ ကာလရှည်မျှော်မှန်းချက် Vision အတွက်လည်း အဆင့်တစ်ခုပြီးမြောက်သည်ဟု ခံယူနိုင်သည်။ ထို့ကြောင့် မိမိတို့၏ ဘဝခရီးလမ်းနှင့် စီးပွားရေးလုပ်ငန်းများကို လျှောက်လှမ်းနေရာတွင် ကမ်းမမြင်လမ်းမမြင် ဆောင်ရွက်နေရသည်ထက်၊ ပန်းတိုင်ငယ်လေးများကို အောင်မြင်အောင်ဆောင်ရွက်နိုင်ခြင်းဖြင့် မှတ်တိုင်လေးများစိုက်ထူပြီး ပျော်ရွှင်ကြည်နူးမှုများကိုလည်း အချိန်တိုင်းပြန်လည်ခံစားနိုင်သည်။ ထိုသို့သော အောင်မြင်မှုမှတ်တိုင်လေးများသည် ကာလရှည်မျှော်မှန်းချက်ကို ရောက်ရှိစေရန်အတွက် တွန်းအားများနှင့် စိတ်ဓာတ်ခွန်အားများကို ရရှိစေသဖြင့် စီးပွားရေးခရီးရှည်တွင် အောင်မြင်မှုမှတ်တိုင်ငယ်လေးများ စိုက်ထူနိုင်အောင် ဆောင်ရွက်ကြပါဟု တိုက်တွန်းလိုက်ရပါသည်။

# လမ်းလျှောက်ခြင်းဖြင့် စိတ်ကိုကြည်လင်လန်းဆန်းစေနိုင်သည်



မိမိတို့အနေနဲ့တစ်ခါတလေမှာ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ ကြုံဖူးမှာပါ။ အဲဒီအချိန်မှာ မရည်ရွယ်ပါဘဲ ခဏလောက်ဖြစ်ဖြစ် လမ်းထလျှောက်မိတတ်ကြပါတယ်။

အဲဒီလို လမ်းလျှောက်လိုက်ချိန်မှာ မိမိတို့မှာဖြစ်ပေါ်နေတဲ့ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ သက်သာပျောက်ကင်းသွားပြီး တစ်ခါတစ်ရံမှာ အကြံဉာဏ်ကောင်းတွေ ထွက်လာတာကို လက်တွေ့ကြုံဖူးကြမှာပါ။

ပညာရှင်တွေရဲ့ လေ့လာမှုအရဆိုရင်လည်း လမ်းလျှောက်ခြင်းဟာ စိတ်ကိုကြည်လင်လန်းဆန်းစေတယ်လို့ တွေ့ရှိထားပါတယ်။

တစ်ကိုယ်တည်းလမ်းလျှောက်ခြင်းထက် စိတ်တူကိုယ်တူရှိတဲ့ အဖော်တစ်ဦးဦးနဲ့လမ်းလျှောက်ခြင်းက ပိုပြီးတော့တောင် အထောက်အကူဖြစ်စေပါတယ်။

ဒါ့အပြင် ပုံမှန်လမ်းလျှောက်ခြင်းဟာ စိတ်ဖိစီးမှု၊ စိတ်ဓာတ်ကျဆင်းမှုနဲ့ စိတ်ပူပန်မှုတွေကိုလည်း ကျဆင်းစေတယ်လို့ ဆိုပါတယ်။

လမ်းလျှောက်ခြင်းဟာ ငွေကုန်ကြေးကျခြင်းလည်း မရှိပါဘူး။ ကိုယ့်ရဲ့တစ်နေ့တာအချိန် ၂၄နာရီထဲကမှ မိနစ် ၃၀လေးသာ ဖဲ့ပေးလိုက်ရုံနဲ့ ပြန်ရလာမယ့် အကျိုးကျေးဇူးတွေက မနည်းလှပါဘူး။

ကိုယ်ကျန်းမာရင် စိတ်ချမ်းသာတယ်လို့ ပြောစမှတ်ရှိသလိုမျိုး စိတ်လည်းချမ်းသာစေ၊ ကိုယ်လည်းကျန်းမာစေဖို့ နေ့စဉ်ဘဝမှာ မိနစ် ၃၀ ကြာ လမ်းလျှောက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

## စိတ်ထားဖြူပါ

\- ရိုးသားစွာ စိတ်ဓာတ်မွေး
လှပယဉ်ကျေး ဖြစ်စေချင်၊
မနောဖြူ မေတ္တာထား
လေးစားမှုဝင်၊
ညစ်ညမ်းခြင်း ရှောင်ဖယ်ကြဉ်
ဖြူစင်ပါကွဲ့ အလှနှလုံး၊
မင်္ဂလာ ကျက်သရေတင့်
မြင့်မြတ်ရွှင်ပြုံး။

\- ဆက်ဆံပါ ချိုသာအပြုံး
ဘယ်အခါမရှုံး တန်ဖိုးသာ၊
လောကဝယ် အသိတရား
ဦးစားပေးပါ၊
ပရဟိတ ကူညီကာ
ကရုဏာ ရှေ့ဆက်လှမ်း၊
လူဖြစ်ချိန် အဓိပ္ပာယ်ပြည့်တယ်
ပျော်မွေ့သောလမ်း။

\- စေတနာ မေတ္တာဖျန်း
ထုံလွှမ်းတဲ့ ပန်းသဖွယ်၊
အဆင်းရနံ့သည် ကြည်လင်ဖွေး
အေးငြိမ်းမှုကြွယ်၊
လှကျင့်ဝတ် မှတ်သားကွယ်
စိတ်ထဲဝယ် လက်ကိုင်ထား၊
ဖြတ်လမ်းမယူ
မှတ်တမ်းထူ ကောင်းအကျိုးကို
သယ်ပိုးစို့လား။ ။

ရွှေမြိုင်သူ(မြန်မာစာ)

# ပွင့်ဖြူမြို့နယ်တွင် နွေသီးနှံစိုက်ပျိုးရာသီ၌ သီးနှံစုံ ၇၃၄၆၆ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



ပွင့်ဖြူ မေ ၁၁

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် နွေသီးနှံစိုက်ပျိုးရာသီ၌ သီးနှံစုံ ၇၃၄၆၆ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြ၍ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါး ၃၁၂၈၇ ကေ၊ နှမ်း ၃၇၃၄၈ ကေ စိုက်ပျိုးရန် လျာထားပြီး စပါးကို ဖေဖော်ဝါရီလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၂၃၆၆၈ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ နှမ်းကို မတ်လဆန်းက စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၄၇၄၅၂ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ မိုးကြိုပဲတီစိမ်းစိုက်ပျိုးခြင်းကို ဖေဖော်ဝါရီလကုန်ပိုင်းမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၂၃၄၆ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ရာ စုစုပေါင်း သီးနှံစုံ ၇၃၄၆၆ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် နွေသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အနေနဲ့ သီးနှံစုံ ၇၃၄၆၆ ကေစိုက်ပျိုးပြီးပါပြီ။ အခုဆိုရင် နွေသီးနှံတွေထဲမှာ နွေနှမ်းကို သတ်မှတ်လျာထားကေထက်ကျော်လွန် စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ကျန်ရှိတဲ့နွေစပါးကိုလဲ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် လိုအပ်တဲ့စိုက်ပျိုးနည်းပညာတွေနဲ့ မျိုးကောင်းမျိုးသန့်ရရှိစေဖို့ တောင်သူတွေကို ကူညီဖြည့်ဆည်း ဆောင်ရွက်ပေးနေပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် စိုက်ပျိုးရေးနှင့်သက်ဆိုင်သည့် ဆက်စပ်ဌာနများက နွေသီးနှံစိုက်ပျိုးရေးဆိုင်ရာ တောင်သူပညာပေးလုပ်ငန်းများကို ကွင်းဆင်းကြီးကြပ်ဆောင်ရွက်လျက်ရှိပြီး တောင်သူများ သီးနှံအထွက်နှုန်း တိုးတက်မြင့်မားစေရေးအတွက် စိုက်နည်းစနစ်မှန်ကန်ရေး၊ မျိုးကောင်းမျိုးသန့်ရရှိရေး၊ မြေဆီလွှာကောင်းမွန်စေရန် သဘာဝမြေဆွေး၊ မြေဩဇာနှင့် သဘာဝပိုးသတ်ဆေး စသည့် စိုက်ပျိုးရေးသွင်းအားစုပစ္စည်းများ ကိုယ်တိုင်ပြုလုပ်သုံးစွဲနည်းများကို ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေထံမှ သိရသည်။

ရဲဝင်းနိုင်(ညောင်ဦး)

# မင်းကင်းမြို့နယ် ညောင်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

မင်းကင်း မေ ၁၁

စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာစေရန်ရည်ရွယ်၍ ညောင်ကုန်းကျေးရွာ၌ သတ္တမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မင်းကင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်လွင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများ၊ စီမံကိန်းအကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၆၂၉ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ညောင်ကုန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူနှင့် အခြားလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၇ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၆၂၉ သိန်း ထုတ်ချေးပေးခဲ့ကြောင်း မင်းကင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်လွင်ထံမှ သိရသည်။

အေးသူ

# ငါန်းဇွန်မြို့နယ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကျေးရွာ ရွေးချယ်ပွဲပြုလုပ်

ငါန်းဇွန် မေ ၁၁

မန္တလေးတိုင်းဒေသကြီး တံတားဦးခရိုင် ငါန်းဇွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ကျေးရွာရွေးချယ်ပွဲကို မေ ၁၀ ရက် နံနက်ပိုင်းက ငါန်းဇွန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ငါန်းဇွန်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးမင်းသိန်းက ဖွံ့ဖြိုးရေးလုပ်ငန်းအမှန်တကယ်လိုအပ်သည့် ကျေးရွာများနှင့် စီမံကိန်းများဆောင်ရွက်ရန် လိုလားပြီး စိတ်အားထက်သန်သည့် ကျေးရွာရွေးချယ်ကြရန် ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ငါန်းဇွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမိုးအောင်က စီမံကိန်းကျေးရွာရွေးချယ်ရာတွင် လမ်းပန်းဆက်သွယ်ရေးလွယ်ကူသော၊ စည်းလုံးညီညွတ်သောကျေးရွာများကို ဦးစားပေးရွေးချယ်ပေးစေလိုကြောင်း၊ စီမံကိန်းက သတ်မှတ်ထားသည့် စည်းကမ်းချက်များကို မြို့နယ်စီမံကိန်းရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေး(TPIC) အဖွဲ့ဝင်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော မြို့နယ်စီမံကိန်းရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေးကော်မတီဝင်များက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရန် သတ်မှတ်စည်းကမ်းများနှင့် ကိုက်ညီသည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးရွာတစ်ရွာကို သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ အတည်ပြုရွေးချယ်ခဲ့ကြောင်း ငါန်းဇွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမိုးအောင်ထံမှ သိရသည်။

အောင်ရဲကျော်

# နိုင်ငံတကာ သတင်းများ

## မီရှူစတင်ကို ဝန်ကြီးချုပ်သစ်အဖြစ် ရုရှားအောက်လွှတ်တော်အတည်ပြု

**မော်စကို မေ ၁၁**

မီခေးလ်မီရှူစတင်အား ရုရှားဝန်ကြီးချုပ်သစ်အဖြစ် ထပ်မံခန့်အပ်ရန် ရုရှားသမ္မတပူတင်၏ အဆိုပြုချက်ကို ရုရှားအောက်လွှတ်တော်အမတ်များက မေ ၁၀ ရက်တွင် အတည်ပြုခဲ့သည်။

ရုရှားနိုင်ငံ၏ ဥပဒေများအရ ရုရှားသမ္မတပူတင် မေ ၇ ရက်တွင် သမ္မတသစ်အဖြစ် ကျမ်းသစ္စာကျိန်ဆိုခဲ့ပြီးနောက် ဝန်ကြီးချုပ်မီရှူစတင်ဦးဆောင်သည့် ရုရှားအစိုးရအဖွဲ့သည်လည်း နုတ်ထွက်ခဲ့ပြီးဖြစ်သည်။

သို့သော် ရုရှားသမ္မတပူတင်သည် အသက် ၅၈ နှစ်အရွယ် မီရှူစတင်ကို ရုရှားဝန်ကြီးချုပ်သစ်အဖြစ် ပြန်လည်အဆိုပြုခဲ့ကြောင်း သိရသည်။

အောက်လွှတ်တော်၏ အတည်ပြုချက်ရရှိခဲ့ပြီးနောက် ဝန်ကြီးချုပ်သစ်မီရှူစတင်သည် အစိုးရအဖွဲ့ဝင်ဝန်ကြီးများကို အဆိုပြုရမည်ဖြစ်သည်။

မီရှူစတင်သည် ၂၀၂၀ ခုနှစ်မှစ၍ ရုရှားဝန်ကြီးချုပ်တာဝန်ကို လေးနှစ်တာရယူခဲ့သူဖြစ်သည်။

ဝန်ကြီးချုပ်သစ် မီရှူစတင်၏ အစိုးရအဖွဲ့သစ်တွင် ယခင်အစိုးရအဖွဲ့မှ အစိုးရအဖွဲ့ဝင်ဝန်ကြီးအများစုပြန်လည်ပါဝင်လာနိုင်ဖွယ်ရှိကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## ကုလသမဂ္ဂ၌ ပါလက်စတိုင်းပါဝင်ခွင့်ရရေး ဆုံးဖြတ်ချက်မူကြမ်း ကုလအထွေထွေညီလာခံထောက်ခံ




**နယူးယောက် မေ ၁၁**

ကုလသမဂ္ဂ၌ တင်းပြည့်ကျပ်ပြည့်အဖွဲ့ဝင်အဖြစ် ပါဝင်ခွင့်ရရေးအတွက် ပါလက်စတိုင်း၏ အဆိုပြုလျှောက်ထားမှုကို ကုလသမဂ္ဂလုံခြုံရေးကောင်စီက မေ ၁၀ ရက်တွင် တစ်ခဲနက်ထောက်ခံမှုပေးခဲ့ကြောင်း သိရသည်။

ကုလသမဂ္ဂ၌ အဖွဲ့ဝင်အဖြစ် ပါလက်စတိုင်းအား ရပ်တည်ခွင့်ပေးရေး ဆုံးဖြတ်ချက်မူကြမ်းကို ကုလသမဂ္ဂ အထွေထွေညီလာခံ အဖွဲ့ဝင်နိုင်ငံ ၁၉၃ နိုင်ငံအနက် ၁၄၃ နိုင်ငံက ထောက်ခံမဲပေးခဲ့သည်။

သို့သော် အမေရိကန်နိုင်ငံနှင့် အစ္စရေးအပါအဝင် နိုင်ငံပေါင်းကိုးနိုင်ငံတို့ကမူ အဆိုပါဆုံးဖြတ်ချက်မူကြမ်းကို ကန့်ကွက်မဲပေးခဲ့ကြကြောင်း သိရသည်။

ကုလသမဂ္ဂအထွေထွေညီလာခံ၏ မေ ၁၀ ရက်မဲခွဲပွဲရလဒ်သည် ပါလက်စတိုင်းကိုတင်းပြည့်ကျပ်ပြည့် ကုလသမဂ္ဂအဖွဲ့ဝင်အဖြစ်သတ်မှတ်ခြင်းမျိုးမဟုတ်ဘဲ ပါလက်စတိုင်းအနေဖြင့် ကုလသမဂ္ဂ၌ အဖွဲ့ဝင်အဖြစ်ပါဝင်ရန် အရည်အချင်းပြည့်မီကြောင်းအသိအမှတ်ပြုလိုက်သည့်သဘောဖြစ်သည်။

ပါလက်စတိုင်းကို ကုလသမဂ္ဂအဖွဲ့ဝင်အဖြစ် ရပ်တည်ခွင့်ပေးမည်ဆိုပါက လုံခြုံရေးကောင်စီအတည်ပြုချက်နှင့် အထွေထွေညီလာခံအတည်ပြုချက်များလိုအပ်သည်။

ပါလက်စတိုင်းတာဝန်ရှိသူများသည် အစ္စရေးနှင့် ဟားမတ်စ်အုပ်စုတို့ကြား စစ်ပွဲစတင်ဖြစ်ပွားခဲ့ပြီးနောက်ပိုင်း ကုလသမဂ္ဂ၌တင်းပြည့်ကျပ်ပြည့်အဖွဲ့ဝင်အဖြစ် ပါဝင်ရေးအတွက် အားစိုက်ကြိုးပမ်းလာခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## မြောက်ကိုရီးယားခေါင်းဆောင်ကင်ဂျုံအန် ဒုံးပစ်လောင်ချာစမ်းသပ်မှုကို ကြီးကြပ်

**ပြုံယမ်း မေ ၁၁**

မြောက်ကိုရီးယားခေါင်းဆောင်ကင်ဂျုံအန်သည် အမြောက်စနစ်များစမ်းသပ်ပစ်ခတ်မှုကို မေ ၉ရက်တွင် ကိုယ်တိုင်ဦးဆောင်ကြီးကြပ်ခဲ့သည်။

မြောက်ကိုရီးယားခေါင်းဆောင်ကင်ဂျုံအန်အနေဖြင့် နည်းပညာအရ အဆင့်မြှင့်တင်ထားသော ၂၄၀ မမ ဒုံးပစ်လောင်ချာ စနစ်များကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ယင်းလက်နက်များစမ်းသပ်ပစ်ခတ်မှုကိုလည်း ကြီးကြပ်ခဲ့ကြောင်း ကေစီအင်န်အေသတင်းဌာနက သတင်းထုတ်ပြန်ထားသည်။

၂၄၀ မမ ဒုံးပစ်လောင်ချာစနစ်သစ်များတွင် အလိုအလျောက်ပစ်ခတ်မှုထိန်းချုပ်စနစ်ထည့်သွင်းထားပြီး မြောက်ကိုရီးယားအမြောက်တပ်များသို့ လွှဲပြောင်းပေးမည်ဖြစ်ကြောင်း ကေစီအင်န်အေသတင်းဌာန သတင်းထုတ်ပြန်ချက်အရ သိရသည်။

ပြီးခဲ့သည့်လကလည်း မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်သည် ၂၄၀ မမ ဒုံးပစ်လောင်ချာစနစ်များစမ်းသပ်မှုကို ကိုယ်တိုင်ကြီးကြပ်ခဲ့ပြီးဖြစ်သည်။

ပြီးခဲ့သည့် လများအတွင်း မြောက်ကိုရီးယား နိုင်ငံသည် လက်နက်စမ်းသပ်မှုများ ဆက်တိုက်လုပ်ဆောင်ခဲ့သည်။

ထို့ပြင် အမေရိကန်နိုင်ငံ၊ တောင်ကိုရီးယားနိုင်ငံတို့နှင့်ဆက်ဆံရေးတင်းမာနေချိန်တွင် မြောက်ကိုရီးယားနိုင်ငံအနေဖြင့် ၎င်း၏စစ်အင်အားကိုလည်း တိုးချဲ့လျက်ရှိကြောင်း သိရသည်။

Ref : RT

Trs : KKO



## အာဂျင်တီးနား၌ ခရီးသည်တင်ရထားနှင့်ကုန်တင်ရထား ဝင်တိုက်မှုဖြစ်ပွား အနည်းဆုံးဦးရေ ၉၀ ဒဏ်ရာရရှိ

**ဗျူနိုစ်အေရိစ် မေ ၁၁**

အာဂျင်တီးနားနိုင်ငံ ဗျူနိုစ်အေရိစ်မြို့၌ မေ ၁၀ ရက်က ခရီးသည်တင်ရထားတစ်စီးနှင့်ကုန်တင်ရထားတစ်စီးတို့ ဝင်တိုက်ခဲ့ရာ အနည်းဆုံး လူပေါင်း ၉၀ ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။



အဆိုပါရထား နှစ်စီးသည် ဗျူနိုစ်အေရိစ်မြို့ ပါလာမိုရပ်ကွက် တံတားတစ်စင်းပေါ်တွင် ဝင်တိုက်ခဲ့ခြင်းဖြစ်သည်။

ရထားချင်း ဝင်တိုက်ခဲ့ပြီးနောက် ခရီးသည်တင်ရထား၏ ပထမဆုံးတွဲမှာ လမ်းချော်ခဲ့ရသည်ဟု အာဂျင်တီးနားတာဝန်ရှိသူများက ပြောကြားခဲ့ကြောင်း သိရသည်။

ခရီးသည်တင် ရထားသည် ဗျူနိုစ်အေရိစ်မြို့မှ ဆင်ခြေဖုံးဒေသသို့ခုတ်မောင်းနေစဉ် သံလမ်းတစ်ခုတည်းပေါ်တွင်ကုန်တင်ရထားနှင့် ဝင်တိုက်မိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ရထားလမ်းပေါ်ရှိ လျှပ်စစ်ဝိုင်ယာကြိုးများ ခိုးယူခံထားရမှုကြောင့် ရထားလမ်းအချက်ပြစနစ်များ ထိခိုက်ပျက်စီးနေကြောင်း အာဂျင်တီးနားမီးရထားအလုပ်သမားများသမဂ္ဂက ပြောကြားထားသည်။

ခရီးသည်တင်ရထားမောင်းနှင်နေသည့်သံလမ်းပေါ်သို့ ကုန်တင်ရထား မည်သည့်အတွက်ကြောင့် ရောက်ရှိနေရသည်ကို အာဂျင်တီးနားတာဝန်ရှိသူများက စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

Ref : RT

Trs : KKO

## စိန့်ပီတာစဘတ်၌ ဘတ်စကားတစ်စီးလမ်းချော်မှုကြောင့် တံတားပေါ်မှ မြစ်ထဲထိုးကျ ခရီးသည်ခုနစ်ဦးသေဆုံး

**စိန့်ပီတာစဘတ် မေ ၁၁**

ရုရှားနိုင်ငံ စိန့်ပီတာစဘတ်မြို့တံတားတစ်စင်းပေါ်၌ မေ ၁၀ ရက်တွင် ခရီးသည်တင်ဘတ်စကားတစ်စီး လမ်းချော်ခဲ့ပြီးနောက် မွိုင်ကာမြစ်အတွင်းသို့ ထိုးကျခဲ့ရကြောင်း သိရသည်။

ခရီးသည်တင် ဘတ်စကားမြစ်ထဲထိုးကျမှုကြောင့် ခရီးသည်ခုနစ်ဦးသေဆုံးခဲ့ရပြီး ခြောက်ဦးဒဏ်ရာများရရှိခဲ့ကြောင်း ရုရှားတာဝန်ရှိသူများက ပြောကြားခဲ့သည်။

အခင်းဖြစ်ပွားချိန်တွင် အဆိုပါဘတ်စကားပေါ်၌ ခရီးသည်ဦးရေ ၂၀ ခန့် လိုက်ပါလာသည်။

ခရီးသည်တင် ဘတ်စကားမြစ်ထဲထိုးကျပြီးနောက် လမ်းသွားလမ်းလာများက ရေထဲငုပ်ဆင်း၍ ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်ပေးခဲ့ရာ ၎င်းတို့ကို ရုရှားတာဝန်ရှိသူများက ကျေးဇူးတင်စကားပြောကြားခဲ့သည်။

အဆိုပါ ခရီးသည်တင်ဘတ်စကားသည် တံတားအရံအတားများကိုဝင်တိုက်၍ မြစ်ထဲသို့မကျမီ အခြားယာဉ်တစ်စီးကိုလည်းဝင်တိုက်ခဲ့သည်။


လက်ရှိအချိန်တွင် ရုရှားတာဝန်ရှိသူများသည် ဘတ်စကားယာဉ်မောင်းကို ဖမ်းဆီးထိန်းသိမ်းထားပြီး ယာဉ်မတော်တဆမှုဖြစ်စဉ်ကို စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

Ref : RT

Trs : KKO

# SCIENCE AND TECHNOLOGY

## မဟာအာကာသတွင်းနက်တစ်ခု၏အလင်းနှင့် အဆိုပါတွင်းနက်ဝန်းကျင်ရှိ ကြယ်များ၏အလင်းကို သိပ္ပံပညာရှင်များ အောင်မြင်စွာခွဲထုတ်လေ့လာနိုင်ခဲ့



**ဝါရှင်တန် မေ ၁၁**

အမေရိကန်နိုင်ငံ မက်ဆာချူးဆက်တက္ကသိုလ်မှ သိပ္ပံပညာရှင်များသည် မဟာအာကာသတွင်းနက်တစ်ခု၏အလင်းနှင့် အဆိုပါတွင်းနက်ဝန်းကျင်ရှိ ကြယ်များ၏ အလင်းကို အောင်မြင်စွာ ခွဲထုတ်လေ့လာနိုင်ခဲ့ကြောင်း မေ ၁၀ ရက် သတင်းများအရ သိရသည်။

အမေရိကန် သိပ္ပံပညာရှင်များသည် ဂျိမ်းစ်ဝက်ဘ်အာကာသရေဒီယိုတယ်လီစကုပ်ကိုအသုံးပြု၍ စကြဝဠာခေတ်ဦး မဟာအာကာသတွင်းနက်ကြီးတစ်ခု၏ အလင်းရောင်နှင့် အနီးဝန်းကျင်ကြယ်များ၏ အလင်းရောင်တို့ကို ခွဲထုတ်လေ့လာနိုင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

အမေရိကန် သိပ္ပံပညာရှင်များသည် စကြဝဠာခေတ်ဦးတွင် ပေါ်ထွက်ခဲ့ပြီး သက်တမ်းအားဖြင့် နှစ်ပေါင်း ၁၃ ဘီလီယံထိရှိသော မဟာအာကာသ တွင်းနက်ကြီးခြောက်ခုကို ဂျိမ်းစ်ဝက်ဘ်အာကာသရေဒီယိုတယ်လီစကုပ်ဖြင့် လေ့လာခဲ့ကြသည်။

ထိုသို့လေ့လာရာတွင် မိမိတို့အနေဖြင့် တွင်းနက်များ၏ အလင်းနှင့် ၎င်းတွင်းနက်များတည်ရှိရာ ကြယ်စုများအတွင်းရှိ ကြယ်များ၏ အလင်းကို ခွဲထုတ်နိုင်ခဲ့ကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

စကြဝဠာခေတ်ဦး မဟာအာကာသတွင်းနက်ကြီးများ၏ အလင်းအားမှာ လွန်စွာမြင့်မားပြီး ၎င်းတို့တည်ရှိရာ ကြယ်စုများ၏အလင်းအားကို ဖုံးလွှမ်းထားတတ်ကြောင်း သိရသည်။

ယခင်က သိပ္ပံပညာရှင်များ အနေဖြင့် စကြဝဠာခေတ်ဦး မဟာအာကာသတွင်းနက်ကြီးများနှင့် ၎င်းတို့တည်ရှိရာ ကြယ်စုများ၏ အလင်းအားတို့ကို ခွဲခြားလေ့လာနိုင်မှု မရှိခဲ့ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

## ဂျာမနီနိုင်ငံ ဘာလင်မြို့တော်ကောင်းကင်ယံ၌ပေါက်ကွဲခဲ့သည့် 2024 Bx1 ဂြိုဟ်သိမ်ငယ်တစ်စင်း၏ မွှတ်မွှတ်လည်မှုနှုန်းကို သိပ္ပံပညာရှင်များ တွက်ချက်နိုင်ခဲ့

**ဘာလင် မေ ၁၁**

ယခုနှစ်စပိုင်းတွင် ဂျာမနီနိုင်ငံ ဘာလင်မြို့တော် ကောင်းကင်ယံ၌ ပေါက်ကွဲခဲ့သည့် 2024 Bx1 ခေါ် ဂြိုဟ်သိမ်ငယ်တစ်စင်း၏ မွှတ်မွှတ်လည်မှုနှုန်းကို သိပ္ပံပညာရှင်များက တွက်ချက်နိုင်ခဲ့ကြောင်း မေ ၁၀ ရက် သတင်းများအရ သိရသည်။

2024 Bx1 ဂြိုဟ်သိမ်သည် ယခုနှစ် ဇန်နဝါရီ ၂၁ ရက်တွင် ကမ္ဘာ့လေထုလွှာအတွင်းဝင်ရောက်လာခဲ့ပြီး ဂျာမနီနိုင်ငံ ဘာလင်မြို့တော်အထက်၌ ပေါက်ကွဲခဲ့သည်။

2024 Bx1 ဂြိုဟ်သိမ်၏ မွှတ်မွှတ်လည်နှုန်းသည် ကမ္ဘာမြေအနီးတစ်ဝိုက် ရှာဖွေတွေ့ရှိဖူးသမျှ ဂြိုဟ်သိမ်များထက် ပိုမြန်ကြောင်း အမေရိကန်နိုင်ငံ ဖလော်ရီဒါ အလယ်ပိုင်းတက္ကသိုလ်မှ သိပ္ပံပညာရှင်များက ပြောကြားသည်။

သိပ္ပံပညာရှင်များ၏ တွက်ချက်မှုအရ 2024 Bx1 ဂြိုဟ်သိမ်သည် ပုံသန်းမှုအမြန်နှုန်း တစ်နာရီလျှင် မိုင်ပေါင်း ၃၁၀၀၀ နှင့် ဝင်ရိုးဗဟိုပြု မွှတ်မွှတ်လည်နှုန်းမှာ ၂ ဒသမ ၆ စက္ကန့်လျှင် တစ်ပတ်နှုန်းရှိကြောင်း သိရသည်။



ယခင်ဝင်ရိုးဗဟိုပြု မွှတ်မွှတ်လည်နှုန်း အမြန်ဆုံးဂြိုဟ်သိမ်မှာ 2020 HS7 အမည်ရှိ ဂြိုဟ်သိမ်ဖြစ်ပြီး ၂ ဒသမ ၉၉ စက္ကန့်လျှင် တစ်ပတ်နှုန်း မွှတ်မွှတ်လည်လျက်ရှိကြောင်း သိရသည်။

အမေရိကန် သိပ္ပံပညာရှင်များသည် 2024 Bx1ဂြိုဟ်သိမ်၏ မွှတ်မွှတ်လည်နှုန်းကို ၎င်းဂြိုဟ်သိမ် ကမ္ဘာ့အနီးချဉ်းကပ်လာစဉ် ရိုက်ကူးထားသည့်ဓာတ်ပုံများကို သုံး၍ တွက်ချက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

## အလွန်ပူပြင်းသည့် နေအဖွဲ့အစည်းပြင်ပဂြိုဟ်တစ်စင်းကို အမေရိကန်သိပ္ပံပညာရှင်များ ရှာဖွေတွေ့ရှိထား

**ဝါရှင်တန် မေ ၁၁**

မီးတောင်များ ပေါက်ကွဲလျက်ရှိပြီး အလွန်ပူပြင်းသည့် နေအဖွဲ့အစည်းပြင်ပ ဂြိုဟ်တစ်စင်းကို အမေရိကန် သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထားကြောင်း မေ ၁၀ ရက် သတင်းများအရ သိရသည်။

TOI-6713.01 ဟူ၍ အမည်ပေးထားသော အဆိုပါဂြိုဟ်ကို အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့်အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)က လွှတ်တင်ထားသော တက်စ်ဂြိုဟ်တု၏ အကူအညီဖြင့် သိပ္ပံပညာရှင်များက ရှာဖွေ တွေ့ရှိခဲ့ခြင်းဖြစ်သည်။

TOI-6713.01 ဂြိုဟ်သည် ကမ္ဘာဂြိုဟ်နှင့် အလင်းနှစ် ၆၆ နှစ်အကွာတွင်တည်ရှိပြီး အရွယ်အစားအားဖြင့် ကမ္ဘာဂြိုဟ်ထက် ၃၀ ရာခိုင်နှုန်း ပိုကြီးမားကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

၎င်းဂြိုဟ်ပေါ်တွင် မီးတောင်များ အလွန်များပြားပြီး အမြဲမပြတ်ပေါက်ကွဲနေမှုကြောင့် ဂြိုဟ်တစ်ခုလုံး အရောင်မှိန်မှိန်ဖြာထွက်နေကြောင်း သိပ္ပံပညာရှင်များ၏အဆိုအရ သိရသည်။

TOI-6713.01 ဂြိုဟ်မျက်နှာပြင်၏ အပူချိန်မှာ အချို့ကြယ်များ၏ မျက်နှာပြင်အပူချိန်ထက်ပင် မြင့်မားပြီး ၄၂၂၀ ဒီဂရီဖယ်ရင်ဟိုက်ထိရှိကြောင်း သိပ္ပံပညာရှင်များက တွက်ချက်ထားသည်။

TOI-6713.01 ဂြိုဟ်သည် နေအဖွဲ့အစည်းအတွင်းရှိ အိုင်အိုဂြိုဟ်ရံလကဲ့သို့ မီးတောင်ဂြိုဟ်ရံလများနှင့် အလားတူကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**

# HEALTH

## အလွန်အကျွံပြုပြင်စီရင်ထားသော အစားအစာစားသုံးသူများ ရောဂါဘယကြောင့် ငယ်ငယ်ရွယ်ရွယ်ဖြင့် သေဆုံးနိုင်ခြေမြင့်မား

**နယူးယောက် မေ ၁၁**

အလွန်အကျွံပြုပြင်စီရင်ထားသည့် အစားအစာများကို အစားများသူများသည် ၎င်းအစားအစာပုံစံမျိုးကို ရှောင်ရှားသူများနှင့် နှိုင်းယှဉ်ပါက ရောဂါဘယများကြောင့် ငယ်ငယ်ရွယ်ရွယ်ဖြင့် သေဆုံးနိုင်ခြေ ပိုမြင့်မားကြောင်း မေ ၁၀ ရက် သတင်းများအရ သိရသည်။

အမေရိကန် သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ အလွန်အကျွံပြုပြင်စီရင်ထားသည့် အစားအစာများကို တစ်ရက်လျှင် ပျမ်းမျှ ခုနစ်ပွဲ စားသုံးသူများမှာ ရောဂါဘယ အမျိုးမျိုးကြောင့် အသက်ဆုံးပါးနိုင်ခြေ ပုံမှန်ထက် လေးရာခိုင်နှုန်း မြင့်မားကြောင်း သိရသည်။

ထို့ပြင် အလွန်အကျွံပြုပြင်စီရင်ထားသည့် အစားအစာများကို အလွန်အကျွံ စားသုံးသူများမှာ ကင်ဆာရောဂါနှင့် နှလုံးရောဂါများကြောင့်မဟုတ်ဘဲ အခြားရောဂါများကြောင့် သေဆုံးနိုင်ခြေမှာ ပုံမှန်ထက် ကိုးရာခိုင်နှုန်းပိုများကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

အသားနှင့်ပင်လယ်စာအသင့်စား အစားအစာများ၊ သကြားနှင့် ဓာတုသကြားထည့်သွင်းထားသည့်အစားအစာများ၊ အလွန်အကျွံပြုပြင်ထားသော နံနက်စာများမှာ ငယ်ငယ်ရွယ်ရွယ်ဖြင့် သေဆုံးနိုင်ခြေ မြင့်တက်မှုနှင့်ဆက်စပ်နေကြောင်း သုတေသနပညာရှင်များက သုံးသပ်ထားသည်။

အမေရိကန် သုတေသနပညာရှင်များသည် အမျိုးသား၊ အမျိုးသမီးဦးရေ ၁၀၀၀၀၀ ကျော်တို့၏ ကျန်းမာရေးအချက်အလက်များကို လေ့လာပြီးနောက် ၎င်းတို့၏ တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

## သွပ်ဓာတ်က တုပ်ကွေးရောဂါလက္ခဏာများ ခံစားရသည့်ကာလကို လျှော့ချပေးနိုင်

**နယူးယောက် မေ ၁၁**

သွပ်ဓာတ် (Zinc) သည် တုပ်ကွေးရောဂါလက္ခဏာများ ခံစားရသည့် အချိန်ကာလကို ၄၈ နာရီ လျှော့ချ ပေးနိုင်ဖွယ်ရှိကြောင်း သုတေသနပညာရှင်များက မေ ၁၀ ရက်တွင် ပြောကြားသည်။

အမေရိကန်နိုင်ငံ မေရီလန်းတက္ကသိုလ်မှ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ သွပ်ဓာတ်သည် တုပ်ကွေးရောဂါလက္ခဏာများ ခံစားရမှုကာလကို လျှော့ချပေးနိုင်ဖွယ်ရှိကြောင်း သိရသည်။

သို့ရာတွင် သွပ်ဓာတ်စားသုံးမှုကြောင့် စိတ်မသက်မသာဖြစ်ဖွယ်ဘေးထွက်ဆိုးကျိုးတချို့ ရှိလာနိုင်ကြောင်း သုတေသနပညာရှင်များက သတိပေးထားသည်။

သွပ်ဓာတ်သည် နှာခေါင်း၊ အာခံတွင်းနှင့် လည်ချောင်းများအတွင်း တုပ်ကွေးဗိုင်းရပ်၏ ပွားများနိုင်စွမ်းကို နှောင့်ယှက်တားဆီးနိုင်ဖွယ်ရှိသည်ဟု သုတေသနပညာရှင်များက ယူဆထားကြောင်း သိရသည်။

အမေရိကန် သုတေသနပညာရှင်များသည် ဓာတ်ခွဲခန်း၌ ကြွက်များဖြင့် လက်တွေ့စမ်းသပ်မှုများ ပြုလုပ်ခဲ့ပြီးနောက် သွပ်ဓာတ်၏ အာနိသင်ကို ဖော်ထုတ်တင်ပြခဲ့ကြခြင်းဖြစ်သည်။

သွပ်ဓာတ်သည် အရေးကြီးသည့် တွင်းထွက်ဓာတ်တစ်မျိုးဖြစ်ပြီး အစားအသောက် အများအပြားတွင် တွေ့ရတတ်သည့် တွင်းထွက်ဓာတ် ဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**






# လာမည့်နွေရာသီတွင် အေဂျက်အသင်းမှ ထွက်ခွာမည်ဟု ဟန်ဒါဆန်ပြောကြား

**အမ်စတာဒမ် မေ ၁၁**

ကွင်းလယ်ကစားသမား ဟန်ဒါဆန်သည် ပြီးခဲ့သည့် ဇန်နဝါရီ အပြောင်းအရွှေ့ကာလက ဆော်ဒီပရီလိဂ် အယ်အီသီဖတ်အသင်းမှ အေဂျက်အသင်းသို့ ပြောင်းရွှေ့ခဲ့သော်လည်း လာမည့်နွေရာသီတွင် အသင်းမှ ထွက်ခွာတော့မည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

အသက် ၃၃ နှစ်ရှိ ဟန်ဒါဆန်သည် ၂၀၂၃ ခုနှစ် နွေရာသီ အပြောင်းအရွှေ့က လီဗာပူးအသင်းမှ ဆော်ဒီပရီလိဂ်သို့ အလွတ် ပြောင်းရွှေ့ခဲ့ပြီးနောက် ရာသီဝက် ကစားပြီးချိန်တွင် အယ်အီသီဖတ် အသင်းတွင် ပျော်ရွှင်မှုမရှိတော့သဖြင့် အသင်းနှင့် နှစ်ဖက်သဘောတူစာချုပ်ဖျက်သိမ်း၍ နယ်သာလန်ကလပ် အေဂျက်အသင်းသို့ ပြောင်းရွှေ့ခဲ့ကြောင်း သိရသည်။

အေဂျက်အသင်းတွင် ဟန်ဒါဆန်သည် ပုံမှန်ပွဲကစားခွင့်ပျောက်ဆုံးခဲ့ကာ ခြေစွမ်းပြသရန် ရှန်းကန်ခဲ့ရသဖြင့် ပြိုင်ပွဲစုံ ၁၀ ပွဲတွင် ဂိုးဖန်တီးမှု သုံးကြိမ်သာ ပြုလုပ်နိုင်ခဲ့ပြီး လက်ရှိအချိန်တွင် အသင်းအနေဖြင့်လည်း ဘဏ္ဍာရေးအခက်အခဲများနှင့် ကြုံတွေ့နေရသည့်အပြင် လာမည့်နှစ် ချန်ပီယံလိဂ်ဝင်ခွင့်နှင့် လွဲချော်ခဲ့သောကြောင့် ဘောလုံးရာသီကုန်ဆုံးချိန်၌ အသင်းမှ ထွက်ခွာရန် ဆုံးဖြတ်၍ ပရီးမီးယားလိဂ်သို့ ပြန်လည်ပြောင်းရွှေ့ရန် စီစဉ်လျက်ရှိသည်။

အေဂျက်အသင်းက ဝါရင့်ကွင်းလယ်ကစားသမား ဟန်ဒါဆန်ကို အသင်းတွင် ဆက်လက်ထိန်းသိမ်းရန် ဆန္ဒရှိနေပြီး ဘဏ္ဍာရေးအခက်အခဲကို ဖြေရှင်းရန်အတွက် အခြားကစားသမားများကိုသာ ရောင်းချသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သော်လည်း လက်ရှိဖြစ်ပေါ်နေသည့် ဘဏ္ဍာရေးအခက်အခဲများကြောင့် ဟန်ဒါဆန်အပြင် တောင်ပံကစားသမား စတီဗင်ဘာ့ဂဝင်လည်း အသင်းမှ ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။

**Ref : Sputnik**
**Trs : ML**



**ဂျာမန်ဘွန်ဒက်လီဂါ ပွဲစဉ် (၃၃) ရလဒ်**

| | | | |
|---|---|---|---|
| ဂလာဘတ် | ၁ - ၁ | ဖရန့်ဖတ် | |
| ကိုလုံး | ၃ - ၂ | ယူနီယံဘာလင် | |
| ဖရိုင်းဘတ် | ၁ - ၁ | ဟိုဒန်ဟိမ်း | |
| လိုက်ပ်ဇစ် | ၁ - ၁ | ဝါဒါဘရီမင် | (ဝ၄ဝ) |

## အားကစားသတင်းအတိုအထွာများ

- ပီအက်စ်ဗွီအသင်းက ပြင်သစ်ကလပ် ပီအက်စ်ဂျီအသင်းမှ အသက် ၂၁ နှစ်ရှိ လူငယ်ကစားသမား မာလစ်တေးလ်မန်းကို ခေါ်ယူနိုင်ခဲ့ပြီး လာမည့် ၂၀၂၈ ခုနှစ်ထိ စာချုပ် ချုပ်ဆိုနိုင်ခဲ့ကြောင်း သိရသည်။
- အက်ဖ်အေဖလားဗိုလ်လုပွဲစဉ်တွင် မန်စီးတီးယူ-၁၈ အသင်းက လိဒ်ယူနိုက်တက် ယူ-၁၈ အသင်းကို လေးဂိုးဂိုးမရှိဖြင့် အနိုင်ယူ၍ ဆုဖလားဆွတ်ခူးနိုင်ခဲ့သည်။
- ပီအက်စ်ဗွီအသင်းက ဆာဂျီနိုဒက်စ်၏ အရွှတ်ထိခိုက်ဒဏ်ရာကြောင့် အပြီးသတ်ဝယ်ယူရန် မသေချာတော့သဖြင့် ကစားသမားအနေဖြင့် လာမည့်နွေရာသီတွင် ဘာစီလိုနာအသင်းနှင့် ပြန်လည်ပူးပေါင်းမည်ဖြစ်ကြောင်း သိရသည်။ **ML**

# စီးရီးဘီပြိုင်ပွဲပြီးဆုံးချိန်တွင် နည်းပြဖာဘရီဂတ်စ်၏ ကိုမိုအသင်း စီးရီးအေသို့ တိုက်ရိုက်တန်းတက်ခွင့်ရရှိ



**ရောမ မေ ၁၁**

စီးရီးဘီပြိုင်ပွဲ ပွဲစဉ် (၃၈)အပြီးတွင် နည်းပြဖာဘရီဂတ်စ်၏ ကိုမိုအသင်းက ဒုတိယနေရာတွင် ရပ်တည်နိုင်ခဲ့သဖြင့် စီးရီးအေသို့ တိုက်ရိုက်တန်းတက်ခွင့် ရရှိခဲ့ပြီး နှစ်ပေါင်း ၂၁ နှစ်အကြာတွင် ပြန်လည်တန်းတက်ခွင့်ရရှိခဲ့ကြောင်း သိရသည်။

ကိုမိုအသင်းတွင် အာဆင်နယ် ကစားသမားဟောင်း အွန်နရီနှင့် ဖာဘရီဂတ်စ်တို့က အစုရှယ်ယာ ထည့်ဝင်ထားပြီး ဖာဘရီဂတ်စ် အနေဖြင့် အသင်း၏ လက်ထောက်နည်းပြတာဝန်ကို ယခုနှစ်ဘောလုံးရာသီတွင်ရယူခဲ့ရာ ပွဲစဉ်(၃၈) တွင် ကိုစင်ဇာအသင်းကို တစ်ဂိုးစီ သရေရလဒ် ကစားနိုင်ခဲ့ပြီးနောက် ရမှတ် ၇၃ မှတ်ရရှိခဲ့ပြီး အဆင့်(၂) နေရာတွင် ရပ်တည်နိုင်ခဲ့သောကြောင့် စီးရီးအေသို့ တိုက်ရိုက်တန်းတက်ခွင့်ရရှိခဲ့ကာ အသင်းသမိုင်းတွင် နှစ်ပေါင်း ၂၁ နှစ်အကြာမှ စီးရီးအေသို့ ပြန်လည်တန်းတက်နိုင်ခဲ့သည်။

ကိုမိုအသင်းသည် ယခုနှစ် အမှတ်ပေးပြိုင်ပွဲတွင် ၂၁ ပွဲနိုင်၊ ၁၀ ပွဲသရေ၊ ခုနစ်ပွဲရှုံး ရလဒ်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့ပြီး ရမှတ် ၇၃ မှတ်ဖြင့် အဆင့်(၂)တွင် ရပ်တည်နေသော်လည်း နောက်ဆုံးပွဲစဉ်တွင် အဆင့်(၃)မှ ရမှတ် ၇၀ ရရှိထားသည့် ဗီဆင်ဇာအသင်းက ရှုံးပွဲကြုံခဲ့သောကြောင့် တိုက်ရိုက်တန်းတက်ခွင့်ရရှိခဲ့ခြင်းဖြစ်သည်။

စီးရီးဘီပြိုင်ပွဲ ပြီးဆုံးချိန်တွင် ပါးမားအသင်းက အဆင့်(၁)ဖြင့် ဆုဖလားယူ၍ တိုက်ရိုက်တန်းတက်ခွင့်ရရှိခဲ့ပြီး ကိုမိုအသင်းက ဒုတိယနေရာဖြင့် တိုက်ရိုက်တန်းတက်ခွင့်ကိုလည်းကောင်း၊ ဗီဆင်ဇာ၊ ခရီမိုနန်စီ၊ ကာတန်ဇာရို၊ ပါလာမို၊ ဆမ့်ဒိုးရီးယားနှင့် ဘရက်ရှားအသင်းတို့က play-off ကစားခွင့်ကိုလည်းကောင်း ရရှိခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : ML**

# ဗြိတိန်လက်ဝှေ့သမား ကော်နာဘင်း တားမြစ်ဆေးဝါးသုံးစွဲမှုကြောင့် ရာသက်ပန်ပွဲပယ်ပြစ်ဒဏ် ချမှတ်ခံရဖွယ်ရှိနေ

**လန်ဒန် မေ ၁၁**

ဗြိတိန်လက်ဝှေ့သမား ကော်နာဘင်းသည်တားမြစ်ဆေးဝါးစစ်ဆေးမှုပြုလုပ်ခဲ့ရာတွင် တားမြစ်ဆေးဝါးသုံးစွဲထားကြောင်း စစ်ဆေးတွေ့ရှိခဲ့သည့်အတွက် ပြင်းထန်စွာ အရေးယူသွားရန် ပြင်ဆင်နေကြောင်း ဗြိတိန်လက်ဝှေ့အဖွဲ့ချုပ်က ယနေ့တွင် ထုတ်ပြန်ခဲ့သည်။

ကော်နာဘင်းသည် တားမြစ်ဆေးစစ်ဆေးမှုကို နှစ်ကြိမ်တိုင်တိုင် ပြုလုပ်သွားခဲ့ခြင်းဖြစ်ပြီး နှစ်ကြိမ်စလုံးတွင် တားမြစ်ဆေးဝါးသုံးစွဲထားကြောင်း စစ်ဆေးတွေ့ရှိခဲ့ရသည်။

ကော်နာဘင်းသည် ဗြိတိန်လက်ဝှေ့သမား ခရစ်အူဘန့်နှင့် ထိုးသတ်သွားရန်အတွက် ပြင်ဆင်မှုများပြုလုပ်နေသည့် လက်ဝှေ့သမားတစ်ဦးဖြစ်ပြီး တားမြစ်ဆေးဝါးသုံးစွဲထားကြောင်း စစ်ဆေးတွေ့ရှိမှုနှင့်ပတ်သက်ပြီး UK Anti-Doping Agency နှင့် British Boxing Board of Control တို့က အရေးယူသွားရန် ပြင်ဆင်နေပြီး ပြစ်ဒဏ်အရ ရာသက်ပန် ပွဲပယ်ပြစ်ဒဏ် ချမှတ်သွားဖွယ်ရှိနေကြောင်းလည်း သိရသည်။

ကော်နာဘင်းနှင့် ခရစ်အူဘန့်တို့၏ ဖခင်ဖြစ်သူများသည်လည်း လက်ဝှေ့လောကတွင် ကျော်လည်စဉ်က အဓိကပြိုင်ဘက်များဖြစ်ကြပြီး သားဖြစ်သူနှစ်ဦးတို့မှာလည်း ၎င်းတို့၏ ဖခင်များကဲ့သို့ အဓိကပြိုင်ဘက်များအနေဖြင့် ထိုးသတ်သွားရန် ပြင်ဆင်နေကြသည်။

ကော်နာဘင်းသည် ပထမတစ်ကြိမ်အဖြစ် ၂၀၂၂ ခုနှစ်တွင် တားမြစ်ဆေးဝါးစစ်ဆေးမှု နှစ်ကြိမ်တိုင်တိုင်ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ၂၀၂၃ ခုနှစ်မှစတင်၍ ကော်နာဘင်းအား စိန်ခေါ်ပွဲထိုးသတ်မှုရပ်ဆိုင်းကြောင်း ဗြိတိန်လက်ဝှေ့အဖွဲ့ချုပ်က ထုတ်ပြန်ကြေညာခဲ့သည်။

ပြစ်ဒဏ်နှင့် ပတ်သက်ပြီး ယခုနှစ်မေလအတွင်း စီရင်ချက်ချမှတ်သွားမည်ဖြစ်ပြီး ရာသက်ပန် ပွဲပယ်ပြစ်ဒဏ် ချမှတ်ခံသွားရဖွယ်ရှိနေကြောင်း သိရသည်။

**Ref : Sputnik**
**Trs : AZL**

# FIFA-MFF TDS Scouting Program အထက်မြန်မာပြည်ဇုန်(မန္တလေး) နောက်ဆုံးအဆင့် ကစားသမားရွေးချယ်ပွဲကို မန္တလေးမြို့တွင် ကျင်းပ



**မန္တလေး မေ ၁၁**

FIFA-MFF TDS Scouting Program အထက်မြန်မာပြည်ဇုန်(မန္တလေး) နောက်ဆုံးအဆင့် ကစားသမားရွေးချယ်ပွဲကို ယနေ့ နံနက်ပိုင်းက မန္တလေးမြို့ မန္တလေးအကယ်ဒမီ လေ့ကျင့်ရေးကွင်းတွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

ပဏာမရွေးချယ်ရေး အစီအစဉ်များအရ ရန်ကုန်မြို့တွင် ၄၃၂ ဦး၊ မန္တလေးမြို့တွင် ဦးရေ ၃၂၀၊ တောင်ကြီးမြို့တွင် ၁၉၆ ဦး၊ မြစ်ကြီးနားမြို့တွင် ဦးရေ ၁၅၀၊ ပုသိမ်မြို့တွင် ၅၉ ဦး၊ ပဲခူးမြို့တွင် ၄၈ ဦး စုစုပေါင်း ၁၂၀၅ ဦး လာရောက် ရွေးချယ်ခံခဲ့ကြပြီး ပဏာမအဆင့် အောင်မြင်သူများစာရင်းအား ရွေးချယ်ရေးအဖွဲ့များက ထုတ်ပြန်ခဲ့ပြီးနောက် အထက်မြန်မာပြည်ဇုန်(မန္တလေး) နောက်ဆုံးအဆင့်ရွေးချယ်ခြင်း ပြုလုပ်ခဲ့ပြီး မေ ၁၂ ရက်တွင်လည်း ဆက်လက်ပြုလုပ်သွားမည်ဖြစ်သည်။

အောက်မြန်မာပြည်ဇုန်(ရန်ကုန်) နောက်ဆုံးအဆင့် ရွေးချယ်ခြင်းကို ရန်ကုန်မြို့တွင် မေ ၁၅ ရက်၊ ၁၆ ရက်တွင် နံနက် ၇ နာရီမှစတင်၍ လေ့ကျင့်ရေးကွင်းအမှတ်(၄)၌ ပြုလုပ်သွားမည်ဖြစ်သည်။

အဆိုပါ အပြီးသတ်ရွေးချယ်ခံရသည့် ကစားသမားများသည် ၂၀၂၄ ပညာသင်နှစ်မှ စတင်ကာ မြန်မာ ဘောလုံးအကယ်ဒမီ (မန္တလေး)နှင့် အမျိုးသားဘောလုံးအကယ်ဒမီ (ရန်ကုန်)တို့တွင် အတန်းပညာနှင့် ဘောလုံးပညာရပ်များအား အခမဲ့ သင်ယူခွင့်ရရှိမည်ဖြစ်ပြီး နိုင်ငံ့ဂုဏ်ဆောင် လက်ရွေးစင်ကစားသမားများ အဖြစ်လည်းကောင်း၊ ပရော်ဖက်ရှင်နယ်ကစားသမားများအဖြစ်လည်းကောင်း မိမိအရည်အချင်းနှင့် ကြိုးစားအားထုတ်မှုအပေါ် မူတည်၍ အသက်မွေးဝမ်းကျောင်းမှု ပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

**STA**

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## အမေရိကန်ကြည်းတပ်က နည်းဗျူဟာမြောက် ဒရုန်းဖြင့် ညအချိန် ခဲယမ်းများဖြည့်တင်းထောက်ပံ့ရေးလေ့ကျင့်မှုဆောင်ရွက်ခဲ့



အမေရိကန်ကြည်းတပ်သည် ဟာဝိုင်ရီကျွန်းတွင် ဒရုန်းကိုအသုံးပြု၍ တပ်ဖွဲ့ဝင်များအတွက် ညအချိန် ခဲယမ်းများ ပြန်လည်ဖြည့်တင်းရေး လေ့ကျင့်မှုများ အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ကြောင်း The Defense Post သတင်းဌာနက မေ ၈ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါလေ့ကျင့်မှုတွင် ကယ်လီဖိုးနီးယားအခြေစိုက် Soaring ကုမ္ပဏီက ဒီဇိုင်းထုတ်ထားသည့် G1 Gabriel ဒေါင်လိုက် အတက်အဆင်း (VTOL) ပျံသန်းနိုင်သော ဒရုန်းသည် ၇ ဒသမ ၆၂ မီလီမီတာ ခဲယမ်းကျည်ပေါင်း ၂၄၀၀ ကို သယ်ဆောင်၍ အမြောက်လေ့ကျင့်မှုတွင် ပါဝင်ဆောင်ရွက်နေသည့် ခြေလျင်တပ်စုထံသို့ ပေးပို့နိုင်ခဲ့သည်။

၎င်းတပ်စုသည် Oahu ကျွန်းတွင် လေ့ကျင့်မှုဆောင်ရွက်နေခြင်းဖြစ်ပြီး စစ်သည်များထံ ထောက်ပံ့ရေးပစ္စည်းများ အောင်မြင်စွာပေးပို့နိုင်ရန် ၁၆ မိနစ်ကြာ ပျံသန်းမှု သုံးကြိမ် ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။ စက်သေနတ်ကျည်များအပြင် အဆိုပါဒရုန်းကို အမှတ် (၂၅) ခြေလျင်တပ်မထံသို့ ရိက္ခာထောက်ပံ့ရန်အတွက်လည်း အသုံးပြုခဲ့သေးသည်။

"တပ်ဖွဲ့ဝင်များထံဘေးကင်းပြီးယုံကြည်စိတ်ချစွာခဲယမ်းများ ပြန်လည်ဖြည့်တင်းပေးနိုင်ရေး ရည်မှန်းချက်တာဝန်တစ်ရပ်သည် တပ်ဖွဲ့ဝင်များရင်ဆိုင်နေရသော ခေတ်သစ်စစ်ဆင်ရေးအခြေအနေများတွင် အရေးကြီးလာသည်။ ကျွန်တော်တို့ဆန်းသစ်တီထွင်ထားသော G1 UAS ဒရုန်းစနစ်သည် နည်းဗျူဟာမြောက်အဆင့်မြင့်စွမ်းဆောင်ရည်များဖြင့် ခြေလျင်တပ်ရင်း၊တပ်ဖွဲ့များအတွက် ရိက္ခာခဲယမ်းပြန်လည်ဖြည့်တင်းရေးတာဝန်များကို အောင်မြင်စွာထမ်းဆောင်နိုင်ကြောင်း သက်သေပြနိုင်ခဲ့သည်"ဟု Soaring ကုမ္ပဏီ အမှုဆောင်အရာရှိချုပ် Daniel Trunfio က ပြောကြားခဲ့သည်။

ဘက်စုံသုံးဒရုန်းအဖြစ် အသုံးပြုနိုင်မည့် G1 Gabriel နည်းဗျူဟာမြောက်ဒရုန်းသည် ခေတ်သစ်စစ်မြေပြင်အခြေအနေများတွင် အုပ်ချုပ်၊ ထောက်ပံ့ရေးရည်မှန်းချက်တာဝန်များ ပေးအပ်နိုင်ရန် ဒီဇိုင်းထုတ်ထားသည့် Multi-Rotor ဒရုန်းအမျိုးအစားဖြစ်သည်။ တိုက်ရိုက်ပစ်ခတ်စဉ်များပါရှိသော စစ်ရေးလေ့ကျင့်မှုများတွင် ၎င်းဒရုန်း၏ပါဝင်ဆောင်ရွက်နိုင်မှုသည် မတူညီသော စစ်မြေပြင်အခြေအနေများတွင် ၎င်း၏ယုံကြည်စိတ်ချရမှု၊ လိုက်လျောညီထွေရှိမှုနှင့် တိုက်ပွဲဝင်အသုံးပြုရန် အဆင်သင့်ရှိကြောင်း သက်သေပြနိုင်ခဲ့သည်။ Soaring ကုမ္ပဏီအဆိုအရ G1 Gabriel ဒရုန်းကို မြေပြင်အခြေပြု ပြန်လည်ထောက်ပံ့ရေး(ယာဉ်/အခြား) စနစ်များထက် ပိုမိုတွင်ကျယ်စွာအသုံးပြုနိုင်မည်ဆိုပါက ရှေ့တန်းစစ်မျက်နှာများရှိ တပ်ဖွဲ့ဝင်များထံသို့ ပြန်လည်ထောက်ပံ့ရေးတာဝန်များကို ပိုမိုမြန်ဆန်၊ တိကျစွာ ဆောင်ရွက်နိုင်စေရုံသာမက လူ့စွမ်းအားအရင်းအမြစ်များနှင့် အခြားဆုံးရှုံးမှု၊ အသေအပျောက်အန္တရာယ်များကို လျှော့နည်းနိုင်စေမည်ဖြစ်သည်။

ယူကရိန်း-ရုရှား အထူးစစ်ဆင်ရေး တိုက်ပွဲများတွင် မြင်တွေ့ရသည့်အတိုင်း ခေတ်သစ်စစ်ပွဲတွင် သမားရိုးကျ ပြန်လည်ဖြည့်တင်းထောက်ပံ့ရေး မဟာဗျူဟာများသည် ကျရှုံးနိုင်ဖွယ်ရှိနေကြောင်း၊ ထို့ကြောင့် ပြန်လည်ပြင်ဆင်ရေးဆွဲသတ်မှတ်၍ မဟာဗျူဟာမြောက် အုပ်ချုပ်၊ ထောက်ပံ့မှု ပြန်လည်ဖြည့်တင်းရေးအပိုင်းတွင် နည်းဗျူဟာနှင့် နည်းပညာအခန်းကဏ္ဍများသည် အရေးပါလာခဲ့ပြီဖြစ်ကြောင်း အမေရိကန်ကြည်းတပ် တပ်မှူးတစ်ဦးဖြစ်သူ ဒုတိယဗိုလ်မှူးကြီး Pete Walther က မှတ်ချက်ပြုပြောကြားခဲ့သည်။

**US Army Completes Night-time Ammo Resupply Drill Via Tactical Drone ကို ဘာသာပြန်ဆိုထားပါသည်။**

## Defense Service Asia 2024 တွင် Drone Shield က Drone Gun Mk4 ကို ထုတ်ဖော်ပြသ



မလေးရှားနိုင်ငံ၌ ကျင်းပနေသည့် Defense Service Asia (DSA) 2024 ကာကွယ်ရေးပြပွဲတွင် ဩစတြေးလျနိုင်ငံ Drone Shield ကုမ္ပဏီသည် ၎င်း၏ နောက်ဆုံးပေါ် ဒရုန်းရန်ကာကွယ်ရေး လက်နက်အဖြစ် ကျစ်လျစ်ပေါ့ပါးစွာထုတ်လုပ်ထားသော Drone Gun Mk4 ကို ထုတ်ဖော်ပြသခဲ့သည်ဟု Army Recognition သတင်းဌာနက မေ ၈ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အလေးချိန်ပေါ့ပါးကာ သယ်ဆောင်ရလွယ်ကူပြီး ကြံ့ခိုင်မှုမြင့်မားသော ဤဒရုန်းရန်ကာကွယ်ရေးလက်နက်သည် ဒရုန်းစနစ်အတော်များများကို ထိရောက်စွာတန်ပြန်နိုင်စေရန် ဒီဇိုင်းထုတ်ထားသည့်စနစ်ဖြစ်ကြောင်း သိရသည်။

မိုးဒဏ်၊ လေဒဏ် ခံနိုင်ရည်ရှိမှုနှင့် အသုံးပြုလွယ်ကူမှုအပိုင်းတွင် ယခင်ဗားရှင်းများထက် စွမ်းဆောင်ရည်များ အဆင့်မြှင့်တင်ထားသည်။ ဤ Drone Gun Mk4 စနစ်သည် ဒရုန်းများစွာ၏ ထိန်းချုပ်မှု၊ လမ်းညွှန်မှုနှင့် ဗီဒီယိုထုတ်လွှင့်မှုတို့ကို တစ်ပြိုင်နက်တည်း ဖိဖျက်နှောင့်ယှက်နိုင်မည်ဖြစ်သည်။ တိုက်ပွဲဝင်စတင်လုပ်ဆောင်သည်နှင့် ရန်သူ့ဒရုန်းသည် ပုံမှန်အားဖြင့် စတင်ပျံတက်လာသည့် မူလနေရာသို့ပျံသွားခြင်းနှင့် မြေပြင်သို့ ပြန်လည်ဆင်းသက်ခြင်းတို့ဖြင့် တန်ပြန်လုပ်ဆောင်နိုင်သည်။ ထိန်းချုပ်လုပ်ဆောင်နိုင်သော ခြိမ်းခြောက်မှုအပေါ် Kinetic Jamming (ရေဒီယိုလှိုင်းနှုန်းများ ဖိဖျက်နှောင့်ယှက်ခြင်း)ကို အသုံးပြုလေ့ရှိသည်။

၎င်းကိရိယာသည် ဒရုန်းများနှင့် ၎င်းတို့၏ ထိန်းချုပ်ကိရိယာများအပြင် အမြင့်ပေနှင့်အမြန်နှုန်းတို့ကို အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ပြီး ကြည်း၊ ရေ၊ လေ အသုံးချတာဝန်အမျိုးမျိုးအတွက် အသုံးပြုနိုင်စေမည်ဖြစ်သည်။

အလေးချိန်အားဖြင့် ၃ ဒသမ ၂ ကီလိုဂရမ် (ဘက်ထရီအပါအဝင်)ရှိ Drone Gun Mk4 Jammer သေနတ်တွင်အပေါ်၊ အောက် လျှောလမ်းများနှင့် အမြန်ဖြုတ်၊ တပ်နိုင်သော Attachment Points များ ပါဝင်ပြီး ၎င်းကိုလက်ရှိလုပ်ငန်းဆောင်တာများတွင် ပေါင်းစည်းအသုံးပြုနိုင်ရန် အဆင်ပြေစေသည်။ ၎င်းသည် ကျယ်ပြန့်သော ပတ်ဝန်းကျင်အခြေအနေများတွင် ထိရောက်ပြီး ကျစ်လျစ်သိပ်သည်းသော ဒီဇိုင်းပိုင်းကို အလေးပေးထားသော်လည်း မြင့်မားသော Jamming စွမ်းဆောင်ရည်ကို ပိုင်ဆိုင်ထားသည်။

Drone Shield ကုမ္ပဏီသည် ၎င်း၏ ထုတ်ကုန်များကို တင်ပို့သည့်နေ့မှစ၍ အာမခံကာလ တစ်နှစ်ပေးထားပြီး၎င်းတို့၏ တာရှည်ခံမှုနှင့် ယုံကြည်စိတ်ချရမှုကို သက်သေပြနိုင်ရန် MIL-STD-810G နှင့် MIL-STD-810H အပါအဝင် စစ်ဘက်စံနှုန်းများအတိုင်း တီထွင်ထုတ်လုပ်ထားခြင်းဖြစ်သည်။ အထူးသဖြင့် ယူကရိန်းအထူးစစ်ဆင်ရေး ခေတ်ပြိုင်ပဋိပက္ခများတွင် ဒရုန်းများအသုံးပြုမှု တိုးလာခြင်းကြောင့် ဒရုန်းရန်ကာကွယ်တိုက်ဖျက်ရေးတွင် တိုးတက်ဖွံ့ဖြိုးလာမှုသည် အရေးကြီးလာသည်။ကင်းထောက်ခြင်း၊ စောင့်ကြည့်ခြင်းနှင့် တိုက်ရိုက်တိုက်ခိုက်မှုများအတွက် ဒရုန်းများ အသုံးပြုမှုမြင့်တက်လာခြင်းသည် တစ်ဖက်ကလည်း ဒရုန်းရန်ကာကွယ်တိုက်ဖျက်ရေး နည်းပညာများဖြင့် လျင်မြန်ထိရောက်သော တန်ပြန်ကာကွယ်ရေးစနစ်များလိုအပ်လာပြီဖြစ်သည်။ တန်ပြန်ရေးနည်းလမ်းများသည် ထိရောက်မှုသာမကဘဲ လျင်မြန်စွာ အသုံးချရန်နှင့် ကိုင်တွယ်ရလွယ်ကူစေရမည်ဖြစ်ကြောင်း သိရ။

ဒရုန်းကို ထိန်းချုပ်မှုနှင့် လမ်းကြောင်းပြအချက်ပြမှုများကို အနှောင့်အယှက်ဖြစ်စေသော သယ်ဆောင်ရလွယ်ကူသည့် မော်ဒယ်များကဲ့သို့ အပေါ့စားတန်ပြန်တိုက်ခိုက်ရေးစနစ်များသည် ကာကွယ်ရေးဆိုင်ရာအခွင့်အလမ်းသစ်များကို လမ်းဖွင့်ပေးလျက်ရှိသည်။ သေးငယ်သောအရွယ်အစားနှင့် ပေါ့ပါးသောအလေးချိန်တို့သည် စံချိန်မီစစ်လက်နက်ပစ္စည်းများနှင့် လွယ်ကူစွာပေါင်းစပ်နိုင်သောကြောင့် ယူနစ်တစ်ခုစီသည် ဝေဟင်ခြိမ်းခြောက်မှုများကို အလိုအလျောက် တန်ပြန်နိုင်စေသည်။ သေးငယ်ပြီး စီမံခန့်ခွဲနိုင်သောစက်ပစ္စည်းများဆီသို့ ပြောင်းလဲအာရုံစိုက်လာမှုသည် ဒရုန်းခြိမ်းခြောက်မှုများကို ချက်ချင်း၊ အမြန်တုံ့ပြန်နိုင်ခြင်းဖြင့် စစ်ဆင်ရေးများ၏ အလှည့်အပြောင်းကို တွေ့မြင်ရတော့မည်ဖြစ်ပြီး တပ်ဖွဲ့ဝင်များ၏လုံခြုံရေးကို ပိုမိုအာမခံချက် ပေးနိုင်စေမည်ဖြစ်သည်။

**DSA 2024: DroneShield's DroneGun Mk4 Offers Compact and Portable Drone Counter-measures. ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing, wife Daw Kyu Kyu Hla pay homage to Abhaya Razamuni Buddha Image, Thatta Thattaha Maha Bawdi Pagoda in precinct of Buddha Park in Kengtung, Shan State (East)



Senior General Min Aung Hlaing inspects preparations in the Buddha Park.

**Nay Pyi Taw May 11**

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing and his wife Daw Kyu Kyu Hla, accompanied by Presiding Patron of Thila Dhamma Kontha Tawya Agga Maha Saddhammajotikadhaja Bhaddanta Kovida Wasipeik Sayadaw, the SAC Joint Secretary and wife, SAC members and their wives, union ministers and their wives, the Shan State Chief Minister and wife, the commander of Triangle Region Command and officials, this morning, paid homage to Abhaya Razamuni Buddha Image and Thatta Thattaha Maha Bawdi Pagoda in the precinct of Buddha Park in Kengtung, Shan State (East).

First, the Senior General and wife paid homage to Abhaya Razamuni Buddha Image and offered flowers, water and joss sticks. The Senior General and wife went round the pagoda clockwise and viewed round the Buddhological statues carved in marble stones in the cave of the pagoda.

The Prime Minister, wife and party enjoyed scenic beauties of Kengtung region from the view point of the Buddha Park, viewed functioning of Thila Dhamma Free Clinic and construction of Thila Dhamma Hospital and gave necessary guidance over the reports of officials.

At Thatta Thattaha Maha Bawdi Pagoda in the precinct of Buddha Park, the Senior General, wife and party paid homage to the Buddha image and donated flowers, water and joss sticks.

Then, the Prime Minister and wife donated cash to the fund for overall renovation of Thatta Thattaha Maha Bawdi Pagoda, and Chairman of the pagoda board of trustees U Khin Maung Kyi accepted cash donations.

The Senior General and party paid obeisance to the Buddha image on the upper terrace of Thatta Thattaha Maha Bawdi Pagoda and then went round the pagoda clockwise.

Afterwards, the Prime Minister and party toured four Samvejaniya holy venues of the Lord Buddha.

The Senior General, wife and party arrived at the construction site of Lawka Tharaphu Pagoda to be built in the precinct of Buddha Park. The Senior General viewed the approved site for construction of the pagoda, production of gravels from the quarry, and making of the scale model of Lawka Tharaphu Pagoda. The Senior General supplicated necessary measures over the advice of Wasipeik Sayadaw and gave necessary guidance over the report on progress of construction tasks by officials.

Abhaya Razamuni Buddha Image was built in the precinct of Buddha Park near Pankwe Village, 15 miles southeast from Kengtung, with the aim of forging peace and stability in Shan State (East), strengthening of Theravada Buddhism, and contributing to regional development through visits of local and foreign travellers. Led by Wasipeik Sayadaw, Thatta Thattaha Maha Bawdi Pagoda was built with contributions of well-wishers and residents headed by the Senior General for local and foreign travellers and pilgrims to pay homage a replica of Thatta Thattaha Maha Bawdi Pagoda from Bodh Gaya of India in the region. Currently, efforts are being made for propagation of the Sasana in Shan State (East) and Kengtung region.

100



Senior General Min Aung Hlaing views marble works depicting the life of Buddha.

# UNICEF urges more child-centered climate investments in Zimbabwe amid drought

**Harare May 11**

The United Nations Children's Fund (UNICEF) has called for an increase in child-centered climate investments to reduce the risk of shocks caused by climate change on children in the country.

With Zimbabwe currently facing the effects of climate-induced El Nino, many children in the country, among other vulnerable groups, are exposed to the impacts of the drought, UNICEF said in a statement on Friday.

"We are launching a petition to urge government entities, development partners, and the private sector to prioritize children in their climate investments. We are also calling for more funding of climate resilient programs to ensure continued access to health, education, water and sanitation services, nutrition, and child protection services, and for programs to strengthen the resilience of households to deal with the climate-related emergencies," UNICEF said.

The UN agency noted that Zimbabwe's children have not been spared from the risks posed by climate change-induced events, with the country ranking high risk in the 2021 UNICEF Children's Climate Risk Index.

Xinhua

# Kuwaiti emir dissolves National Assembly

**Kuwait City May 11**

Kuwait's Emir Sheikh Mishal Al-Ahmad Al-Jaber Al-Sabah on Friday ordered the dissolution of the National Assembly and suspended certain constitutional provisions for up to four years, the country's state television reported.

In a televised speech announcing the decision, Sheikh Mishal accused some members of the parliament of obstructing ministerial appointments and challenging "the exclusive constitutional right" for him as the head of state to "select the Prime Minister and the cabinet members."

Broadcasted by Kuwait's state television, he said, "No room had been left for hesitation or delay in making tough decisions to save this country and secure its highest interests."

"We find some escalating to interfere in the core of the Emir's powers and intervening in his choice of his Crown Prince, forgetting that this is an explicit and clear constitutional right of the Emir," he noted.

Sheikh Mishal stressed that parliamentary proposals should serve the national economy and be within the framework of the development plan. However, some proposals were a waste of national wealth and resources for no public goods.

Xinhua

# State Administration Council Chairman Prime Minister Senior General Min Aung Hlaing attends opening of Kengtung detour road


The ceremony to open Kengtung detour road in progress.

**Nay Pyi Taw May 11**

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing attended a ceremony to open the detour road in Kengtung, Shan State (East) this morning.

Also present on the occasion were Daw Kyu Kyu Hla, wife of the Senior General, SAC Joint Secretary Lt-Gen Ye Win Oo and wife, SAC members and wives, union ministers and wives, the Shan State chief minister and wife, senior military officers from the Office of the Commander-in-Chief and wives, the Triangle Region Command commander, departmental officials, local elders, local ethnic people, ethnic cultural troupes, and students.


Senior General Min Aung Hlaing greets departmental staff and local people.

First, the Senior General and wife arrived at the venue of the ceremony where they were warmly welcomed by the local elders, local ethnic people, ethnic cultural troupes, and students.

Next, SAC Joint Secretary Lt-Gen Ye Win Oo, SAC members General Mya Tun Oo and Lt-Gen Nyo Saw, Union Minister for Construction U Myo Thant, and Shan State Chief Minister U Aung Aung formally cut the ribbon to open the ceremony. The Senior General pressed the button to open the stone plaque of the Kengtung detour road and sprinkled scented water on it.

Then, the SAC joint secretary and members, union ministers and officials also sprinkled scented water on the plaque.

After that, the Senior General, wife and party and those in attendance posed for documentary photos. The Senior General then presented cash awards to the band, pon pon troupe, traditional ethnic dance troupes and cultural troupes.

Later, the Senior General and party inspected the Kengtung detour road, cordially greeted the local elders, local ethnic people, departmental staff and students, and went along the road in a motorcade.

The Kengtung detour project along Meiktila-Taunggyi-Kengtung-Tachileek Road commenced in 2019 with the aim of reducing traffic congestion and facilitating commodity flow in the town of Kengtung. The 23 feet wide and six miles long detour road is a tar-concrete one.

100


Senior General Min Aung Hlaing presents cash award to students.

# Some 200,000 acres of maize and corn harvested in Kalay District

**Kalay May 11**

According to the statistics of Kalay District Agriculture Department, a total of 19,350 acres of maize and corn have been harvested in Kalay District of Sagaing Region.

These plants were grown in winter of 2023-24 financial year. Local farmers harvested maize and corns—2,261 acres of maize with 60.23 baskets per acre and 15,000 pieces of corns per acre in 15,990 acres.

"U Aung, Head of Kalay District Agriculture Department, said: "The district planted 19,350 acres of maize and corns. So far, local farmers have harvested all plantations. Our department assisted local farmers in prevention of pests and thriving the plants."

In this regard, Kalay Township harvested 1,448 acres of maize and 8,086 acres of corns, Kalewa Township, 763 acres of maize and 1,563 acres of corns and Mingin Township, 1,150 acres of maize and 6,341 acres of corns.

Relevant agriculture departments conduct training on cultivation of maize and corns, field demonstration, prevention of FAW and use of pesticides systematically.

In 2023-24 financial year, Kalay District earmarked 30,157 acres of monsoon maize and corns. So, Kalay Township planted 16,572 acres of maize and 6,962 acres of corns, Kalewa Township, 220 acres of maize and 2,395 acres of corns, and Mingin Township, 612 acres of maize and 3,265 acres of corns, totalling 29,026 acres against the target.

206

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Chairman of State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing meets officers, other ranks and families of Kengtung Station, Triangle Region Command



Senior General Min Aung Hlaing meets Tatmadaw members and families at Kengtung Station.

**Nay Pyi Taw May 11**

Chairman of State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing met officers, other ranks and families of Kengtung Station, Triangle Region Command, this afternoon at Pyi-nyeuin-aye Hall of the command HQ.

Present were Daw Kyu Kyu Hla, wife of the Senior General, Commander-in-Chief (Navy) Vice-Admiral Zwe Win Myint and wife, Commander-in-Chief (Air) General Tun Aung and wife, senior military officers from Office of Commander-in-Chief and wives, the Triangle Region Command commander.

**Constant combat prowess and fighting ability and military knowledge and awareness required**

In his speech, the Senior General said the main duty of Tatmadaw is national defence which calls for total combat prowess and fighting skills. All individuals and units must be imbued with combat prowess and military knowledge and awareness and vision for national defence and security.

**Preparations must be made in all seriousness**

Shan State (East) was a place with difficult accessibility. The government and Tatmadaw have been improving the roads, local economy and local food production since the past. Local units have given priority to success of farming and improvement of health and fitness. Preparations were also made for socio-economy of locals. Local units must lay down advance plans for area security, territorial control in all seriousness. All Tatmadaw members must also make preparations for having combat readiness. All must keep themselves healthy and follow the health procedures. Observance of disciplines in any situation will help enhance individual ability.

**Study advancing military strategies and undergo training to have combat readiness**

Tatmadaw members must never lose sight of the ever changing military hardware in shouldering national defence and security duties. They must take into account the possible trends and make preparations to face them. All individuals must undergo training to be fit for fight, fit and healthy and physical readiness. They must be fit for duty to be assigned with appropriate task based on the ability to work. In this way there will be progress in the functions.

**Have discipline and self-control**

Soldiers must observe the rules and stay away from doing actions that will harm individuals and units. They must also stay away from doing things that may decrease their ability and harm their families and organizations. They must build themselves through common sense and rationality,

**Welfare being provided to the fullest extent**

Tatmadaw is fulfilling welfare, basic needs, health and other needs of soldiers and families. Based on the current national situation, Tatmadaw is presenting awards and welfare assistance to soldiers who are serving security duties and families. They must strive for the success of manageable farming businesses as these businesses will provide basic needs and welfare for them. Officials must systematical implement the social welfare undertakings.

**High education standards of members of Tatmadaw families**

In connection with the high education standards of the offspring of families of Tatmadaw, as the school family day is around the corner, it is necessary to make necessary preparations to ensure that all schooling age children are admitted to schools. As good education can contribute to their career progress, it is necessary to support their education. As the Tatmadaw has been continuously supporting the education of the family members of the Tatmadaw, parents are urged to place emphasis on high education standards of their children. Parents are required to create good education opportunities for their children from the school admission age to guide the correct and fine path for them. In addition to school education, children are required to develop habits to study outside fine literature in their curriculums.



Senior General Min Aung Hlaing inspects fruit and vegetables.

**United strength must be built by Tatmadaw internal unity**

In exerting efforts for building an army that can be relied on by the people, it is necessary to serve the interests of the people by the united strength and to protect the country while the internal unity of the Tatmadaw is very important.

It is necessary to nurture the spirit of fraternity and family and responsibly carry out orders and duties assigned responsibly. Staff officers are required to create a favourable environment for their officers, other ranks and families under their command and to adopt fair administrative systems. It is necessary to command them out of the spirit of good commanders and fathers. In conclusion the Senior General told officers, other ranks and families are required to live unitedly and to perform duties assigned by the country responsibly and asked their needs.

Then, the Senior General presented foodstuffs for officers, other ranks and families in Kengtung station to the station commander and the wife of the Senior General presented cash rewards for the station maternal and child welfare association to the wife of the commander.

After the meeting, the Senior General and wife and party cordially greeted the officers, other ranks and families who attended the meeting.

**Agriculture and livestock breeding tasks being carried out in the command inspected**

Then, the Senior General and party inspected the agriculture and livestock breeding tasks being carried out in the command and the regional command commander reported to the Senior General on cultivation of paddy, corn, sunflower, tissue bananas and seasonal crops, the breeding of milk cows, goat and DYL pigs, fish and layer and broilers and Khaki king ducks and free-of-charge distribution of meat, fish, eggs and vegetables to Tatmadaw families and departmental personnel and distribution of them at cheaper prices to the people.

After hearing the reports, the Senior General said it is necessary to boost per-acre-yields in cultivation of paddy and corn. Priority must be given to cultivation of staple crops. Similarly, Tatmadaw families must be encouraged to carry out manageable level cultivation of crops. It is necessary to raise local chicken species successfully. As the agriculture and livestock breeding are not mainly meant for profit but for the welfare of Tatmadaw, it is necessary to carry out the tasks successfully.

Then, the Senior General and party inspected the agriculture and livestock breeding products produced at the command and gave necessary instructions.

Afterward, the Senior General and party inspected the agriculture and livestock breeding zone of the regional command and gave necessary instructions over reports of the responsible officials.



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကျိုင်းတုံမြို့ မြို့ရှောင်လမ်းကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကျိုင်းတုံမြို့ မြို့ရှောင်လမ်းပိုင်းကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ရပ်မိရပ်ဖများ၊ ဒေသခံတိုင်းရင်းသားပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ကျောင်းသား၊ ကျောင်းသူများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စဉ်။

၂၃ ရှေ့ဖုံးမှအဆက်

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် အခမ်းအနားကျင်းပပြုလုပ်မည့်နေရာသို့ရောက်ရှိကြရာ ရပ်မိရပ်ဖများ၊ ဒေသခံတိုင်းရင်းသားပြည်သူများ၊ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့များနှင့် ကျောင်းသား၊ ကျောင်းသူများက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ကျိုင်းတုံမြို့ မြို့ရှောင်လမ်းကို ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမြထွန်းဦးနှင့် ဒုတိယဗိုလ်ချုပ်ကြီးညိုစော၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်နှင့် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကျိုင်းတုံမြို့ မြို့ရှောင်လမ်းကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

၎င်းနောက် ခရီးစဉ်တွင်လိုက်ပါလာသည့် ကောင်စီတွဲဖက်အတွင်းရေးမှူး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့်တာဝန်ရှိသူများက ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို အမွှေးနံ့သာရည်များပက်ဖျန်းကြသည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ဒေသခံတိုင်းရင်းသားပြည်သူများ ကျိုင်းတုံမြို့ မြို့ရှောင်လမ်းဖွင့်ပွဲအထိမ်းအမှတ်အဖြစ် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ဒေသခံတိုင်းရင်းသားပြည်သူများသည် ကျိုင်းတုံမြို့ မြို့ရှောင်လမ်းဖွင့်ပွဲအထိမ်းအမှတ်အဖြစ် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဘင်ခရာတီးဝိုင်းနှင့် ပန်းဖွားအကအဖွဲ့များ၊ တိုင်းရင်းသားရိုးရာအကအဖွဲ့များ၊ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များအတွက် ချီးမြှင့်ငွေများပေးအပ်သည်။

၎င်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကျိုင်းတုံမြို့ မြို့ရှောင်လမ်းပိုင်းအား လိုက်လံကြည့်ရှုစစ်ဆေးပြီး ရပ်မိရပ်ဖများ၊ ဒေသခံတိုင်းရင်းသားပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ကျောင်းသား၊ ကျောင်းသူများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကာ မြို့ရှောင်လမ်းတစ်လျှောက် မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ် လမ်းကြောင်းပေါ်ရှိ ကျိုင်းတုံမြို့ မြို့ရှောင်လမ်းကို ကျိုင်းတုံမြို့အတွင်း ယာဉ်ကြောပိတ်ဆို့မှုလျှော့ချနိုင်ရေးနှင့် ကုန်စည်စီးဆင်းမှုများ ပိုမိုမြန်ဆန်ချောမွေ့စေရေးတို့အတွက် ရည်ရွယ်၍ ၂၀၁၉ ခုနှစ်တွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်းနှင့် အဆိုပါမြို့ရှောင်လမ်းသည် အကျယ် ၂၃ ပေ၊ လမ်းအရှည် ခြောက်မိုင်ရှိ ကတ္တရာ-ကွန်ကရစ်အမျိုးအစားဖြစ်ကြောင်း သတင်းရရှိသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကျိုင်းတုံမြို့ မြို့ရှောင်လမ်းပိုင်းကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ရပ်မိရပ်ဖများ၊ ဒေသခံတိုင်းရင်းသားပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ကျောင်းသား၊ ကျောင်းသူများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စဉ်။

☆ ကျောဖုံးမှအဆက်

## တိုက်စွမ်းရည်၊ တိုက်စွမ်းအားပြည့်ဝပြီး စစ်ရေးအသိ၊ စစ်ရေးသတိအမြဲရှိရန်

ထိုသို့ တွေ့ဆုံအမှာစကားပြောကြားရာ၌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် ကျိုင်းတုံ တပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအားလုံးကို ယခုကဲ့သို့တွေ့ဆုံရသည့်အတွက် ဝမ်းမြောက်မိပါကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်ရန်အဓိကတာဝန်ရှိပြီး ထိုသို့တာဝန်ထမ်းဆောင်နိုင်ရေးအတွက် တိုက်စွမ်းရည်၊ တိုက်စွမ်းအားများ ပြည့်ဝရမည်ဖြစ်ကြောင်း၊ တိုက်စွမ်းရည် ပြည့်ဝစေရေးအတွက် တပ်မတော်သား တစ်ဦးချင်းစီအလိုက် ရှိသင့်ရမည့် အရည်အချင်းများနှင့် တပ်ဖွဲ့တစ်ခုချင်းစီအလိုက် အရည်အချင်းများရှိရမည်ဖြစ်ကြောင်း၊ တစ်ဦးချင်းစီအလိုက်၊ တပ်ဖွဲ့တစ်ဖွဲ့ချင်းစီအလိုက် စစ်ရေးအသိ၊ စစ်ရေးသတိရှိရန်လိုပြီး နိုင်ငံတော်ကာကွယ်ရေး၊ လုံခြုံရေးနှင့်ပတ်သက်ပါက



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် ကျိုင်းတုံတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား တွေ့ဆုံအမှာစကားပြောကြားစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကျိုင်းတုံတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအတွက် စားသောက်ဖွယ်ရာများကို ပေးအပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ရိုင်ဝင်းက လက်ခံရယူစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှက တပ်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများကို ပေးအပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ရိုင်ဝင်း၏ဇနီးက လက်ခံရယူစဉ်။

ဖြစ်ပေါ်လာနိုင်သည်များကို ကြိုတင်မြော်တွေး ပြင်ဆင်ဆောင်ရွက်နေရမည်ဖြစ်ကြောင်း။

### ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများကို အလေးအနက်ထား ဆောင်ရွက်ကြရန်လို

ရှမ်းပြည်နယ် (အရှေ့ပိုင်း)သည် လမ်းပန်းဆက်သွယ်မှုခက်ခဲသည့် ဒေသတစ်ခုဖြစ်သဖြင့် နိုင်ငံတော်အစိုးရနှင့် တပ်မတော်မှတာဝန်ရှိသူများက ယခင်ကတည်းကပင် လမ်းပန်းဆက်သွယ်မှုပိုမိုကောင်းမွန်လာစေရေး၊ ဒေသတွင်းစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသတွင်းစားသုံးမှု ဖူလုံရေးတို့အတွက် ဆောင်ရွက်ပေးခဲ့ကြောင်း၊ အလားတူ နယ်မြေခံတပ်များ၌ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အောင်မြင်စေရေးနှင့် ကျန်းမာကြံ့ခိုင်မှုရှိစေရေးတို့ကိုလည်း အလေးထားဆောင်ရွက်ခဲ့ကြကြောင်း၊ ဒေသနှင့် ဒေသတွင် နေထိုင်ကြသည့် တိုင်းရင်းသားပြည်သူလူထုတို့၏ လူမှုဘဝ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ခဲ့ကြခြင်းပင် ဖြစ်ကြောင်း၊ နယ်မြေခံတပ်များအနေဖြင့်လည်း မိမိတို့တပ်များအလိုက် နယ်မြေဒေသလုံခြုံရေး၊ နယ်မြေစိုးမိုးရေး လုပ်ငန်းများကို ကြိုတင်မြော်တွေး၍ ဆောင်ရွက်ကြရန်လိုပြီး ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ရာတွင် ရေရှည်ကိုမြော်တွေး၍ အလေးအနက်ထား ဆောင်ရွက်ကြရန် မှာကြားလိုကြောင်း၊ တပ်မတော်သားများ အားလုံးအနေဖြင့် အမြဲတိုက်ပွဲဝင်အသင့်ဖြစ်စေရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရန် လိုကြောင်း၊ တစ်ဦးချင်းကျန်းမာကြံ့ခိုင်ရေး လုပ်ငန်းများကို နေ့စဉ်ဆောင်ရွက်ရန် လိုသကဲ့သို့ သမားစဉ်လုပ်ငန်းများကို မှန်မှန်ကန်ကန်ဖြင့် ဆောင်ရွက်နေခြင်းသည် မိမိကိုယ်ကို လေ့ကျင့်နေခြင်းပင်ဖြစ်ကြောင်း၊မည်သည့်အခြေအနေမျိုးတွင်ဖြစ်စေ စည်းကမ်းအတိုင်း လိုက်ပါလုပ်ဆောင်နိုင်ခြင်းသည် မိမိတို့အရည်အသွေးကို မြှင့်တင်ဆောင်ရွက်နေခြင်းပင် ဖြစ်ကြောင်း။

### ခေတ်နှင့်အညီ ပြောင်းလဲလာသည့် စစ်နည်းဗျူဟာများကို မပြတ်လေ့လာပြီး တိုက်ပွဲဝင်အသင့်ဖြစ်အောင် လေ့ကျင့်ဆောင်ရွက်

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေး တာဝန်များကို ထမ်းဆောင်ရာတွင် ခေတ်နှင့်အညီ ပြောင်းလဲတိုးတက်လာသည့် စစ်လက်နက် နည်းပညာများကိုလည်း မျက်ခြည်မပြတ် လေ့လာသိရှိနေရမည် ဖြစ်ကြောင်း၊ ဖြစ်ပေါ်လာနိုင်သည့်အခြေအနေများကို ကြိုတင်မြော်တွေးပြင်ဆင်၍ လိုအပ်သည့်မှန်သမျှကို ပြင်ဆင်ဆောင်ရွက်ကြရန်လိုကြောင်း၊ စစ်သည်တစ်ဦးချင်းစီအလိုက် အမြဲတမ်းတိုက်ပွဲဝင်အသင့် (Fit for Fight) ဖြစ်စေရေးအတွက် လေ့ကျင့်မှုများကို မှန်မှန်ကန်ကန် ဆောင်ရွက်နေရမည်ဖြစ်ကြောင်း၊ စစ်သည်များအားလုံး ကျန်းမာရေးကောင်းမွန်ပြီး ကြံ့ခိုင်သန်စွမ်းရေး၊ ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာများ အသင့်ဖြစ်နေစေရေး လေ့ကျင့်ဆောင်ရွက်ပေးနေရန်လိုကြောင်း၊ စစ်သည် တစ်ဦးချင်းစီအလိုက် ၎င်းတို့၏ အရည်အချင်းနှင့် လုပ်ကိုင်နိုင်စွမ်းအပေါ် မူတည်၍ သင့်တော်သည့်လုပ်ငန်းတာဝန်များကို နေရာမှန်တာဝန်ပေးအပ်ပြီး တာဝန်ထမ်းဆောင်ရန် အမြဲအသင့်ဖြစ်စေရေး (Fit for Duty) ဖြစ်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက လုပ်ငန်းတာဝန်များသည်လည်း ပိုမိုတိုးတက်အောင်မြင်လာမည်ဖြစ်ကြောင်း။

### စည်းကမ်းစနစ်တကျရှိပြီး မိမိကိုယ်ကို ထိန်းသိမ်းနေထိုင်ကြရန်

တပ်မတော်သားများ အနေဖြင့် စစ်စည်းကမ်းနှင့်အညီ နေထိုင်ကျင့်ကြံရမည်ဖြစ်ပြီး တစ်ဦးချင်းနှင့် အဖွဲ့အစည်းအပေါ် ထိခိုက်စေနိုင်သည့် လုပ်ကိုင်ပြုမူနေထိုင်မှုများကို ရှောင်ကြဉ်ကြရန်လိုကြောင်း၊ အသောက်အစားအပျော်အပါးများကြောင့် မိမိတို့တစ်ဦးချင်း စွမ်းဆောင်ရည်များနှင့် မိမိတို့၏မိသားစု၊ အဖွဲ့အစည်းအပေါ်တွင် ထိခိုက်မှုမရှိအောင် ထိန်းထိန်းသိမ်းသိမ်း နေထိုင်ကြရမည်ဖြစ်ကြောင်း၊ တစ်ဦးချင်း ကိုယ်စီအသိတရား၊ ဆင်ခြင်တုံတရားများဖြင့် ထိန်းသိမ်းနေထိုင်ခြင်းဖြင့် မိမိကိုယ်မိမိ တည်ဆောက်ကြရမည် ဖြစ်ကြောင်း။

### သက်သာချောင်ချိရေးနှင့်ပတ်သက်၍ တတ်စွမ်းသရွေ့ ဖြည့်ဆည်းပေးလျက်ရှိ

တပ်မတော်အနေဖြင့် တပ်မတော်သားများနှင့် မိသားစုဝင်များ၏ သက်သာချောင်ချိရေးအတွက် နေရေး၊ စားရေး၊ ဝတ်ရေး၊ ကျန်းမာရေးနှင့် အခြားအထွေထွေ လိုအပ်ချက်များကို တတ်စွမ်းသရွေ့ အမြဲမပြတ်ဖြည့်ဆည်းပေးလျက်ရှိကြောင်း၊ လက်ရှိအချိန်တွင် နိုင်ငံတော်တွင် ဖြစ်ပေါ်နေသော အခြေအနေများအရ လုံခြုံရေးနှင့် ကာကွယ်ရေး တာဝန်ထမ်းဆောင်နေရသည့် တပ်များမှ စစ်သည်များနှင့် မိသားစုဝင်များအတွက်လည်း ထိုက်သင့်သည့်ချီးမြှင့်မှုများနှင့် လိုအပ်သည့် သက်သာ ချောင်ချိရေးကိစ္စရပ်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့ပြင် တပ်ပိုင်နှင့် တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်ကြရေး တိုက်တွန်းလိုကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းဖြင့် မိသားစု၏ စားဝတ်နေရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေမည်ဖြစ်ပြီး သက်သာချောင်ချိမှုဖြစ်ပေါ်နိုင်မည် ဖြစ်ကြောင်း၊ တပ်မတော်သားများနှင့် မိသားစုဝင်များ၏ သက်သာချောင်ချိရေး ကိစ္စရပ်များကို တာဝန်ရှိသူများအနေဖြင့် စနစ်တကျ ဖော်ဆောင်ပေးသွားရန်လိုကြောင်း။

### တပ်မတော်သား မိသားစုဝင် သားသမီးများ၏ ပညာရည်မြှင့်မားရေး

တပ်မတော်သား မိသားစုဝင် သားသမီးများ၏ ပညာရေးနှင့်ပတ်သက်၍ မကြာမီတွင် ကျောင်းအပ်နှံရေးရက်သတ္တပတ်သို့ ရောက်ရှိတော့မည်ဖြစ်သဖြင့် မိသားစုဝင် ကျောင်းနေအရွယ် ကလေးအားလုံး ကျောင်းအပ်နှံနိုင်ရေး လိုအပ်သည်များ ကြိုတင် ပြင်ဆင်ဆောင်ရွက်ကြစေလိုကြောင်း၊ ပညာရေးကောင်းမွန်မှသာလျှင် ၎င်းတို့၏ ဘဝတစ်လျှောက် ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုစေနိုင်မည် ဖြစ်သဖြင့် ပညာရေးကို အားပေးဆောင်ရွက်ကြစေလိုကြောင်း၊ တပ်မတော်အနေဖြင့် တပ်မတော်သား မိသားစုဝင် ကျောင်းသား၊ ကျောင်းသူများ၏ ပညာရည်မြှင့်မားစေရေးအတွက် စဉ်ဆက်မပြတ် ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိသဖြင့် မိဘများအနေဖြင့်လည်း မိမိတို့ကလေးငယ်များ၏ ပညာရည်မြှင့်မားရေးကို အလေးပေးဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုကြောင်း၊ ကျောင်းနေအရွယ်မှစ၍ အဆင့်မြင့်တက္ကသိုလ်ပညာ ထိသင်ယူနိုင်ရေး မိဘများက အခွင့်အလမ်းကောင်းများကို ဖော်ဆောင်ပေးကာ ၎င်းတို့ဘဝအတွက် မှန်ကန်ကောင်းမွန်သည့် လမ်းကြောင်းမှန်ကို ညွှန်ပြပေးနိုင်ရမည်ဖြစ်ကြောင်း၊ ကျောင်းမှ သင်ကြားပေးသည့် ပညာရပ်များအပြင် အခြားအသိပညာဗဟုသုတများ ကြွယ်ဝစေရေးအတွက်လည်း မိမိကိုယ်တိုင်စာဖတ်ရန် လိုအပ်သကဲ့သို့ မိမိတို့၏ ကလေးငယ်များကိုလည်း စာကောင်းပေမွန်များ ဖတ်ရှုလေ့လာသည့် အလေ့အကျင့်များဖြစ်ပေါ်လာအောင် တွန်းအားပေးကြရမည်ဖြစ်ကြောင်း။

### တပ်တွင်းစည်းလုံးညီညွတ်ရေးဖြင့် ရစည်းညီညွတ်သည့်အားကို တည်ဆောက်

ပြည်သူကအားကိုးရသည့် တိုင်းပြည်ကအားထားရသည့် တပ်မတော်ဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်ရာတွင် စုစည်းညီညွတ်သည့်အားဖြင့် ပြည်သူ့အကျိုးကိုဖော်ဆောင်ပေးရန်၊ တိုင်းပြည်ကို ကာကွယ်နိုင်ရန်လိုပြီး ထိုသို့ဆောင်ရွက်နိုင်ရေးအတွက် တပ်တွင်းစည်းလုံးညီညွတ်ရေးသည် အလွန်အရေးကြီးကြောင်း၊ တစ်ဦးနှင့်တစ်ဦး ညီရင်းအစ်ကို မောင်ရင်းနှမသဖွယ်စိတ်ဓာတ်၊ မိသားစုစိတ်ဓာတ်ဖြင့် စည်းစည်းလုံးလုံး နေထိုင်ကြရန်၊ ပေးအပ်လာသည့် **စာမျက်နှာ ၂၀ သို့**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ခိုင်ဝင်းက ခိုက်ပျိုးမွေးမြူရေး ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။

စာမျက်နှာ ၁၉ မှအဆက်

အမိန့်နှင့်တာဝန်ကို ကျေပွန်စွာ တာဝန်ထမ်းဆောင်ကြရန် လိုကြောင်း၊ ဦးစီးခေါင်းဆောင်များ အနေဖြင့်လည်း မိမိတို့၏ လက်အောက်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် ပတ်ဝန်းကျင်ကောင်းများ ဖန်တီးပေးနိုင်ရမည်ဖြစ်ပြီး ညီညွတ်မှုတသည့် အုပ်ချုပ်မှုပုံစံရှိရမည်ဖြစ်ကြောင်း၊ တပ်မှူးကောင်း သဖွယ်စိတ်ဓာတ်၊ ဖခင်သဖွယ်စိတ်ဓာတ်ဖြင့် ကွပ်ကဲအုပ်ချုပ်ရမည်ဖြစ်ကြောင်း၊ အရာရှိ၊ စစ်သည်များ၊ မိသားစုဝင်များအားလုံး ညီညီညွတ်ညွတ်ဖြင့် စည်းလုံးညီညွတ်စွာနေထိုင်ကြရန်လိုပြီး နိုင်ငံတော်နှင့် တပ်မတော်က ပေးအပ်လာသည့် တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ကြရမည်ဖြစ်ကြောင်းဖြင့် မှာကြားပြီး အရာရှိ၊ စစ်သည်၊ မိသားစုများ၏ လိုအပ်ချက်များကို မေးမြန်းသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ကျိုင်းတုံတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများကို ပေးအပ်ရာ တိုင်းမှူးကလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီးက တပ်နယ်မိခင်နှင့် ကလေးဖောင်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများကို ပေးအပ်ရာ တိုင်းမှူး၏ဇနီးကလည်းကောင်း အသီးသီးလက်ခံရယူကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တိုင်းစစ်ဌာနချုပ် ခိုက်ပျိုးမွေးမြူရေးဇုန်အတွင်း ဝက်မွေးမြူရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးစဉ်။

အရာရှိ၊ စစ်သည် မိသားစုများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြသည်။

**တိုင်းစစ်ဌာနချုပ်တွင်း ခိုက်ပျိုးမွေးမြူရေး အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေး**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တိုင်းစစ်ဌာနချုပ်အတွင်း စိုက်ပျိုးမွေးမြူရေး အကောင်အထည်ဖော် ဆောင်ရွက်ထားမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးရာ ရှင်းလင်းဆောင်၌ တိုင်းမှူးက တိုင်းစစ်ဌာနချုပ် စိုက်ပျိုးမွေးမြူရေးဇုန်များတွင် စပါး၊ ပြောင်း၊ နေကြာ၊ တစ်သျှူးငှက်ပျောနှင့် ရာသီသီးနှံများ စိုက်ပျိုးထားရှိမှုအခြေအနေများ၊ နို့စားနွား၊ ဆိတ်၊ DYL ဝက်၊ ငါး၊ ဥစားကြက်နှင့် အသားစားကြက်များ၊ ကာကီကင်းဘဲများမွေးမြူထားရှိမှု အခြေအနေများနှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိသည့် အသား၊ ငါး၊ နို့၊ ဥနှင့် ဟင်းသီးဟင်းရွက်များကို တပ်မိသားစုများနှင့် ဌာနဆိုင်ရာဝန်ထမ်းများကို အခမဲ့ပေးဝေခြင်းနှင့် ပြင်ပပေါက်ဈေးထက် သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က စပါးနှင့် ပြောင်းများ စိုက်ပျိုးရာတွင် စနစ်တကျဖြင့် စိုက်ပျိုး၍ တစ်ဧက အထွက်နှုန်းများ တိုးတက်အောင်ဆောင်ရွက်ရန်လိုကြောင်း၊ သီးနှံများစိုက်ပျိုးရာတွင် စားရေးကိုအဓိက အထောက်ကူပြုစေမည့် သီးနှံပင်များကိုသာ ဦးစားပေးအဖြစ် စိုက်ပျိုးရန်လိုကြောင်း၊ အလားတူ တပ်မိသားစုများ တစ်ပိုင်တစ်နိုင် စိုက်ပျိုးရေးလုပ်ငန်းများဖြင့် သီးနှံများ စိုက်ပျိုးစေရေး အားပေးဆောင်ရွက်ရန် လိုကြောင်း၊ ကြက်များမွေးမြူရာတွင်လည်း ဒေသကြက်များကိုလည်း အောင်မြင်စွာ မွေးမြူနိုင်ရေး ဆောင်ရွက်ရန်လိုကြောင်း၊ တပ်ပိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများသည် အကျိုးအမြတ်အတွက် မဟုတ်ဘဲ တပ်မတော်သား မိသားစုဝင်များ သက်သာချောင်ချိစေရေးနှင့် စားရေးအတွက် အဓိကဆောင်ရွက်ခြင်း ဖြစ်သဖြင့် အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်ကြရန်လိုကြောင်းဖြင့် မှာကြားသည်။

၎င်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တိုင်းစစ်ဌာနချုပ် စိုက်ပျိုးမွေးမြူရေးဇုန်မှထွက်ရှိသည့် စိုက်ပျိုးမွေးမြူရေးထွက်ကုန်များ ခင်းကျင်းပြသထားမှုများကို ကြည့်ရှုပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် တိုင်းစစ်ဌာနချုပ် စိုက်ပျိုးမွေးမြူရေးဇုန်အတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ထားရှိမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

# တပ်မတော်တွင် ဆဋ္ဌမအကြိမ် အသည်းအစားထိုးခွဲစိတ်ကုသမှုလုပ်ငန်း ဆောင်ရွက်



တပ်မတော်မှ အသည်းအစားထိုးခွဲစိတ်ကုသမှုအဖွဲ့နှင့် အိန္ဒိယနိုင်ငံမှ အသည်းအစားထိုးခွဲစိတ်ကုသမှုအဖွဲ့တို့ပူးပေါင်း၍ အသည်းအစားထိုးခွဲစိတ်ကုသမှုကို ဆောင်ရွက်နေစဉ်။

**နေပြည်တော် မေ ၁၁**

တပ်မတော်တွင် ပထမအကြိမ် အသည်းအစားထိုးခွဲစိတ်ကုသမှုကို ၂၀၂၂ ခုနှစ်တွင် အသည်းအစားထိုး လူနာနှစ်ဦးဖြင့်လည်းကောင်း၊ ဒုတိယအကြိမ်၊ တတိယအကြိမ်နှင့် စတုတ္ထအကြိမ်တို့ကို၂၀၂၃ခုနှစ်တွင် အသည်းအစားထိုးလူနာကိုးဦးဖြင့်လည်းကောင်း၊ ပဉ္စမအကြိမ်ကို၂၀၂၄ ခုနှစ်တွင် အသည်းအစားထိုးလူနာသုံးဦးဖြင့်လည်းကောင်း အောင်မြင်စွာခွဲစိတ်ကုသဆောင်ရွက်ပေးနိုင်ခဲ့သည်။ ယခုအခါ ဆဋ္ဌမအကြိမ် အသည်းအစားထိုးခွဲစိတ်ကုသမှုကိုလူနာသုံးဦးဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပြီး ပထမနေ့အသည်းအစားထိုးခွဲစိတ်ကုသမှုကိုယနေ့တွင် မင်္ဂလာဒုံမြို့နယ်ရှိ အမှတ်(၁)တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)အထူးကုသမှုစင်တာ၌ ပြုလုပ်ခဲ့သည်။

အဆိုပါ အသည်းအစားထိုးခွဲစိတ်ကုသမှုကိုတပ်မတော်မှ အသည်းအစားထိုး ခွဲစိတ်ကုသမှုအဖွဲ့နှင့် အိန္ဒိယနိုင်ငံမှအသည်းအစားထိုးခွဲစိတ်ကုသမှုအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်ခဲ့ကြခြင်းဖြစ်ပြီး လူနာဖြစ်သူ အမှတ်(၈) စစ်အခြေခံလေ့ကျင့်ရေးတပ်မှ ဗိုလ်မှူးအောင်နိုင်ဦးနှင့် တူမဖြစ်သူ အသည်းအလှူရှင် ဒေါ်ဇင်မာလှိုင်တို့ကို ခွဲစိတ်ကုသခဲ့ခြင်းဖြစ်သည်။

အသည်းအစားထိုးခွဲစိတ်ကုသမှုဆောင်ရွက်ရာတွင် အသည်းအလှူရှင်လူနာထံမှ အသည်းထုတ်ယူခြင်းကို နံနက် ၁၀ နာရီခွဲတွင်စတင်ခဲ့ပြီး ထုတ်ယူရရှိသော အသည်းကို ညနေ ၅ နာရီခွဲခန့်တွင် အသည်းလက်ခံလူနာထံသို့ အစားထိုးခွဲစိတ်ကုသခြင်းဆောင်ရွက်ခဲ့ရာ စုစုပေါင်းခွဲစိတ်ချိန် ၁၁ နာရီခန့်ကြာမြင့်ခဲ့သည်။ အသည်းအလှူရှင်လူနာနှင့် အသည်းလက်ခံလူနာများ၏ ခွဲစိတ်ပြီးနောက်ပိုင်း ကျန်းမာရေးအခြေအနေမှာ ကောင်းမွန်လျက်ရှိပြီး အထူးကြပ်မတ်ကုသခန်း၌ လိုအပ်သောပြုစုကုသမှုများကို သက်ဆိုင်ရာပါရဂူများ၊ ဆေးမှူးများနှင့်သူနာပြုကျွမ်းကျင်သူများက ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

အသည်းအစားထိုး ခွဲစိတ်ကုသမှုကို တပ်မတော်မှ တာဝန်ရှိသူအရာရှိကြီးများက ကြည့်ရှုအားပေးခဲ့ပြီး မေ ၁၂ ရက်နှင့် ၁၃ ရက်တို့တွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

# မော်ဘီမြို့နယ်၊ အောင်မြေသာစံမြို့နယ်နှင့် တောင်ငူမြို့နယ်တို့ရှိ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



**သံဃာတော်များအား အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို တာဝန်ရှိသူများက ကြည့်ရှုအားပေးစဉ်။**

**နေပြည်တော် မေ ၁၁**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် ထန်းကုန်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများကို ယနေ့နံနက်ပိုင်းတွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိဘုန်းတော်ကြီးကျောင်း၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူ ၂၇၉ ဦးတို့ကို နှလုံးရောဂါ၊ မျက်စိရောဂါ၊ သွေးတိုးရောဂါ၊ ဖျားနာရောဂါ၊ အရေပြားရောဂါ၊ ဆီးချိုသွေးချိုရောဂါ၊ အရိုးအကြောရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသခြင်းများဆောင်ရွက်ပေးပြီး ECG စက်၊ Ultrasound စက်တို့ဖြင့် ရောဂါရှာဖွေစစ်ဆေးခြင်းများ ဆောင်ရွက်ပေးသည်။ ယင်းသို့ဆောင်ရွက်နေမှုများကို တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်သိုက်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး ထန်းကုန်းကျောင်းတိုက် ဆရာတော်အား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး မော်ဘီမြို့နယ် လှပဒါးကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံပြည်သူများကို ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ အောင်ချမ်းသာ ဓမ္မရိပ်သာ၌လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ဥပုသ်တော်ရပ်ကွက် "မျိုးချစ်" ဘုန်းတော်ကြီးသင်ပညာရေးကျောင်းရှိ သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအား အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျောင်း၌လည်းကောင်း အသီးသီးကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့များက သွားနှင့်ခံတွင်းရောဂါ၊ မျက်စိရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ အရိုးအကြောရောဂါ၊ အရေပြားရောဂါ၊ ဆီးချိုသွေးချိုရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေးစစ်ဆေးကုသခြင်းများ ဆောင်ရွက်ပေးပြီး ECG စက်၊ Ultrasound စက်တို့ဖြင့် ရောဂါရှာဖွေစစ်ဆေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

---

ပညာရေးဝန်ကြီးဌာန

ပညာ

၂၀၂၄-၂၀၂၅ ပညာသင်နှစ်

"ကျောင်းနေအရွယ်ကလေးအားလုံးအခြေခံပညာသင်ယူဖို့ ကျောင်းအပ်နှံကြပါစို့"

ကျောင်းအပ်နှံရေးသီတင်းပတ်၂၀၂၄ခုနှစ်မေလ (၂၃) ရက်နေ့မှဇွန်လ (၂) ရက်နေ့ထိ

---

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

---

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး(နေပြည်တော်)**
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉- ၂၅၅၀၀၂၅၀၁

(ခ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၀၂

(ဂ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
- (၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၃

(ဃ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
- (၁) ၀၅၉- ၂၀၂၄၀၃၃၊ ၀၅၉- ၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၈

(င) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
- (၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၉

(စ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)**
- (၁) ၀၆၃-၂၀၂၈၈၃၈၊ ၀၆၃- ၂၀၂၈၈၃၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၀

(ဆ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
- (၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု (SMS) ၀၉-၂၅၅၀၀၂၅၁၁

(ဇ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
- (၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၂

(ဈ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
- (၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၃

(ည) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
- (၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၄

(ဋ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
- (၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၁၅

(ဌ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
- (၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

---

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ရွှေ့ဆိုင်းခွင့်ရသူများ

**ရွှေ့ဆိုင်းခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့က တင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကိုစိစစ်ရာတွင် အောက်ပါအချက်များနှင့်အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာ တပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

(ခ) နိုင်ငံ့ဝန်ထမ်းများ။

(ဂ) ပညာသင်ကြားနေသူများ။

(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိဘအိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။

(င) မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။

(စ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်း မပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည် အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။

(ခ) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ် တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။

(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

# အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် သင်တန်းသား သံဃာ ၁၈၈ ပါးဆံ့ သံကူကွန်ကရစ် RCC လေးထပ်ဆောင်ဆောက်လုပ်ရေးလုပ်ငန်းခွင်သို့ ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် ကြည့်ရှုစစ်ဆေး



**ရန်ကုန် မေ ၁၁**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် စွယ်တော်မြတ်စေတီတော်အနီးရှိ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်သို့ ရောက်ရှိပြီး တက္ကသိုလ်တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်တွင် သင်တန်းသားသံဃာတော်များ အသုံးပြုနိုင်ရန်အတွက် စားပွဲ၊ ထိုင်ခုံ၊ ခုတင်များ ထုတ်လုပ်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူတစ်ဦးက ရှင်းလင်းပြသသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပါမောက္ခချုပ်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တဆေကိန္ဒအားအမှူးထား၍ အလှူရှင်များကစုပေါင်းလှူဒါန်းမှုဖြင့် ဆောက်လုပ်လျက်ရှိသည့် သင်တန်းသားသံဃာ ၁၈၈ ပါးဆံ့ သံကူကွန်ကရစ် RCC လေးထပ်ဆောင် ဆောက်လုပ်ရေးလုပ်ငန်းခွင်သို့ရောက်ရှိရာ တာဝန်ခံအင်ဂျင်နီယာမှူးက အဆောက်အအုံလုပ်ငန်းတည်ဆောက်ပြီးစီးမှုအခြေအနေနှင့်၂၀၂၄ ခုနှစ် ဇွန်လအတွင်း နှစ်ထပ်ပြီးစီးအောင်ဆောင်ရွက်နေမှု၊ သင်တန်းသားသံဃာတော်များ ထားရှိနိုင်မည့်အခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များမှာကြားပြီး တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ပြည်မြို့နှင့် ရွှေတောင်မြို့တို့ရှိ ကျေးရွာများမှ လေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ငွေနှင့် အိမ်ဆောက်ပစ္စည်းများ ပေးအပ်

**နေပြည်တော် မေ ၁၁**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့နှင့် ရွှေတောင်မြို့တို့၌ မေ ၉ ရက် ညနေ ၅ နာရီခွဲခန့်တွင် လေပြင်းတိုက်ခတ်မှုဖြစ်ပွားခဲ့ပြီး ပြည်မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုလေးစုမှ လူနေအိမ် ၁၄ လုံး၊ ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းတို့၌ အမိုးအကာလန်ခြင်းများဖြစ်ပွားခဲ့ပြီး ရွှေတောင်မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၂၄ စုမှ လူနေအိမ် ၄၁ လုံး ပြိုကျပျက်စီးကာ လူနေအိမ်အလုံး ၂၁၀ နှင့် ဘုန်းတော်ကြီးကျောင်းငါးကျောင်းတို့၌ အမိုးအကာလန်ပျက်စီးခြင်းဖြစ်ပေါ်ခဲ့ သည်။

အဆိုပါ လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့်နေရာများသို့ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ ပြန်လည်ပြုပြင်ပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ လေဘေးသင့်အိမ်ထောင်စုများအတွက် ထောက်ပံ့ငွေ ၁၄၂ သိန်းကျော်နှင့် ကယ်ဆယ်ရေးပစ္စည်း ၁၇ မျိုးပါပုံး ၄၁ ပုံး နှင့်အိမ်ဆောက်ပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။



တောင်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက လေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ငွေနှင့် ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်စဉ်။

# လှည်းကူးမြို့နယ်နှင့် တောင်ငူမြို့တို့ရှိ ဆေးရုံများ၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်



ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ နယ်မြေခံတပ်မတော်သားများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြစဉ်။

**နေပြည်တော် မေ ၁၁**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်ရှိ မြို့နယ်ပြည်သူ့ဆေးရုံနှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံတို့၌ ယနေ့နံနက်ပိုင်းတွင် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ နယ်မြေခံတပ်မတော်သားများမြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ ဆရာ၊ ဆရာမများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများက ခြင်ခိုအောင်းနိုင်သော ချုံနွယ်များ၊ ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်းစသည့် ဆေးရုံဝင်း အတွင်း၊ အပြင်၌ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးကြသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့်တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။



ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ပြည်သူ့ဆေးရုံ၌ နယ်မြေခံတပ်မတော်သားများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြစဉ်။

# (၅၉)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ နဝမနေ့တွင် ကျောက်စိမ်းအတွဲ ၉၅၄ တွဲ ရောင်းချနိုင်ခဲ့

**နေပြည်တော် မေ ၁၁**

(၅၉)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ နဝမနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်တွင်းရတနာကုန်သည်များသည် နံနက်ပိုင်းမှစတင်၍ မဏိရတနာကျောက်စိမ်းခန်းမအပြင်ဘက် သတ်မှတ်နေရာများအလိုက် ခင်းကျင်းပြသထားသော ပြည်တွင်းရတနာကုန်သည်များကိုသာ မြန်မာကျပ်ငွေဖြင့် ရောင်းချပေးသည့် အုပ်စု(C)မှကျောက်စိမ်းအတွဲများကို စိတ်ကြိုက်လေ့လာကြည့်ရှုကြသည်။

ယနေ့ပြပွဲတွင် အုပ်စု(C)မှ ဆက်လက်ရောင်းချမည့် ကျောက်စိမ်းအတွဲအမှတ်(၂၇၅၁) မှ (၃၇၅၀)ထိ ကျောက်စိမ်းအတွဲ ၁၀၀၀ ကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးခဲ့ပြီး ကျောက်စိမ်းအတွဲ ၉၅၄ တွဲ ရောင်းချခဲ့ရကြောင်း ကြေညာသည်။

ယနေ့တွင် အုပ်စု(C)မှ ကျောက်စိမ်းအတွဲအမှတ်(၃၇၅၁)မှ (၄၅၅၀)ထိ ကျောက်စိမ်းအတွဲများကို ရတနာကုန်သည်များက ကြည့်ရှုစစ်ဆေးကြပြီး ဈေးနှုန်းတင်သွင်းလွှာများကို သက်ဆိုင်ရာ တင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြသည်။

မွန်းလွဲပိုင်းတွင် ကျောက်စိမ်းအတွဲအမှတ်(၃၇၅၁)မှ (၄၅၅၀)ထိ တင်သွင်းထားသော ဈေးနှုန်းတင်သွင်းလွှာများကို တာဝန်ရှိသူများက ဖွင့်ဖောက်စစ်ဆေးကာ ရောင်းချရသည့် ကျောက်စိမ်းအတွဲများကို ပြပွဲနောက်ဆုံးနေ့တွင် ကြေညာသွားမည်ဖြစ်သည်။

(၅၉)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ မေ ၃ ရက်မှ ၁၂ ရက်ထိ ကျင်းပနေခြင်းဖြစ်ပြီး ပြပွဲဒုတိယနေ့တွင် ပုလဲအတွဲ ၁၈၂ တွဲ၊ တတိယနေ့တွင် ပုလဲအတွဲ ၁၉၇ တွဲ၊စတုတ္ထနေ့တွင် ကျောက်မျက်အတွဲ ၈၈ တွဲ၊ ပဉ္စမနေ့တွင် ကျောက်စိမ်းအတွဲ ၅၄၆ တွဲ၊ဆဋ္ဌမနေ့တွင် ကျောက်စိမ်းအတွဲ ၅၆၉ တွဲ၊သတ္တမနေ့တွင် ကျောက်စိမ်းအတွဲ ၄၂၄ တွဲနှင့် နဝမနေ့တွင် ကျောက်စိမ်းအတွဲ ၉၅၄ တွဲတို့ကို ရောင်းချပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂)သို့တက်ရောက်ကြမည့် နိုင်ငံ့သားကောင်းရဲတနာများ သက်ဆိုင်ရာသင်တန်းကျောင်းအသီးသီးသို့ရောက်ရှိ



အရှေ့မြောက်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများက ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂)သို့တက်ရောက်ကြမည့် နိုင်ငံ့သားကောင်းရဲတနာများကို အောင်သပြေများဖြင့် သောင်းသောင်းဖြဖြဂုဏ်ပြုကြိုဆိုစဉ်။



ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂)သို့ တက်ရောက်ကြမည့် နိုင်ငံ့သားကောင်းရဲတနာများကို တွေ့ဆုံအမှာစကားပြောကြားစဉ်။

**နေပြည်တော် မေ ၁၁**

ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလတွင် ဥပဒေအမှတ်(၂၇/၂၀၁၀)ဖြင့်ပြဋ္ဌာန်းခဲ့ပြီး ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် ယင်းဥပဒေအား အသက်ဝင်စေခဲ့ကာ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁)ကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ အောင်မြင်စွာ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

ယခုအခါတွင်လည်း တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂)သို့ တက်ရောက်ရန်အတွက် သက်ဆိုင်ရာသင်တန်းကျောင်းအသီးသီးသို့ရောက်ရှိလာကြသည့် နိုင်ငံ့သားကောင်းရဲတနာများအား သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများက အောင်သပြေများဖြင့် သောင်းသောင်းဖြဖြဂုဏ်ပြုကြိုဆိုခဲ့ကြသည်။ ထိုသို့ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂)တွင် သင်တန်းတက်ရောက်ရန် ဝင်ရောက်လာခဲ့ကြသူများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များရှိ နယ်မြေခံသင်တန်းကျောင်းများတွင် ကျန်းမာရေးဆေးစစ်ပေးခြင်း၊ စစ်အသုံးအဆောင်ပစ္စည်းများထုတ်ပေးခြင်း၊ ဂုဏ်ပြုချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ခြင်းများဆောင်ရွက်ပေးကြပြီး တာဝန်ရှိသူများက ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြသည်။

နိုင်ငံသားတိုင်းသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကိုစောင့်ထိန်းရန် တာဝန်ရှိကြပြီး ယင်းတာဝန်များကို ထမ်းဆောင်ရန်အတွက် စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်နိုင်ရန် ပြည်သူ့စစ်မှုထမ်းဥပဒေကိုပြဋ္ဌာန်းခဲ့ရခြင်းဖြစ်သည်။

ယခုကဲ့သို့ မျိုးချစ်စိတ်ဓာတ်အပြည့်အဝဖြင့် နိုင်ငံတော်၏ကာကွယ်ရေးတာဝန်များကိုထမ်းဆောင်ရန်အတွက် ရဲဝံ့သည့်စိတ်ဓာတ်များဖြင့် ဝင်ရောက်လာသော နိုင်ငံ့သားကောင်းရဲတနာများကို အစဉ်အမြဲလေးစားဂုဏ်ယူလျက်ရှိကြောင်း သတင်းရရှိသည်။



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများက ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂)သို့တက်ရောက်ကြမည့် နိုင်ငံ့သားကောင်းရဲတနာများကို အောင်သပြေများဖြင့် သောင်းသောင်းဖြဖြဂုဏ်ပြုကြိုဆိုစဉ်။



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများက ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂)သို့တက်ရောက်ကြမည့် နိုင်ငံ့သားကောင်းရဲတနာများကို အောင်သပြေများဖြင့် သောင်းသောင်းဖြဖြဂုဏ်ပြုကြိုဆိုစဉ်။



တာဝန်ရှိသူများက ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂)သို့ တက်ရောက်ကြမည့် နိုင်ငံ့သားကောင်းရဲတနာများကို ကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးစဉ်။



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂)သို့တက်ရောက်ကြမည့် နိုင်ငံ့သားကောင်းရဲတနာများကို စားသောက်ဖွယ်ရာများကျွေးမွေးစဉ်။



တာဝန်ရှိသူများက ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂)သို့ တက်ရောက်ကြမည့် နိုင်ငံ့သားကောင်းရဲတနာများကို စစ်အသုံးအဆောင်ပစ္စည်းများ ထုတ်ပေးစဉ်။



ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂)သို့ တက်ရောက်ကြမည့် နိုင်ငံ့သားကောင်းရဲတနာများ ဗဟုသုတစာပေများဖတ်ရှုနေမှုကို တွေ့ရစဉ်။

# ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ PAL HOTEL တွင် လောင်းကစားဝိုင်း ဖွင့်လှစ်လုပ်ကိုင်လျက်ရှိကြောင်း သတင်းအရ ဝင်ရောက်ဖမ်းဆီးရာ တရုတ်နိုင်ငံသား ကိုးဦးနှင့် မြန်မာနိုင်ငံသား ၃၈ ဦးတို့ကို လောင်းကစားပြုလုပ်ရာတွင်အသုံးပြုသည့် သက်သေခံပစ္စည်း၊ ငွေကြေးများနှင့်အတူ ဖမ်းဆီးရမိ




လောင်းကစားဝိုင်းတည်ထောင်လုပ်ကိုင်သည့် PAL HOTEL ၏ မှတ်တမ်းဓာတ်ပုံ။





ပြစ်မှုကျူးလွန်သူ တရုတ်နိုင်ငံသား Mr. Yang Jian ပါ ၄၇ ဦးထံမှ သိမ်းဆည်းရရှိသော သက်သေစားပွဲကင်ပြား/ဝိုင်းများ၊ လက်ကိုင်ဖုန်း ၃၈လုံး၊ လက်တော့ သုံးလုံး၊ ဖဲထုပ် ၂၅၄ ထုပ်၊ လောင်းကြေးငွေကျပ် ၃၀၁ သိန်း၊ မော်တော်ယာဉ် ၁၇ စီးနှင့် သက်သေပစ္စည်းများ မှတ်တမ်းဓာတ်ပုံ။





PAL HOTEL ဒုတိယထပ်တွင် လောင်းကစားပြုလုပ်နေစဉ် ဖမ်းဆီးရမိသည့် မှတ်တမ်းဓာတ်ပုံ။





PAL HOTEL ဒုတိယထပ်တွင် လာရောက်လောင်းကစားသည့် တရုတ်နိုင်ငံသား Mr. Wang Hong Li ပါ ငါးဦးနှင့် တရုတ်နိုင်ငံသူ Mr. Zheng Wen Xiu တို့၏ မှတ်တမ်းဓာတ်ပုံ။

PAL HOTEL ဒုတိယလွှာရှိ လောင်းကစားဝိုင်းအား တည်ထောင်လုပ်ကိုင်သူများ၏ မှတ်တမ်းဓာတ်ပုံ



တရုတ်နိုင်ငံသား Mr.Yang Jian



တရုတ်နိုင်ငံသား Mr.Cai Ji Rong



တရုတ်နိုင်ငံသား Mr.Wang Yun Jie



မရင်ရင်



ဝင်းမြင့်ထွန်း

**နေပြည်တော် မေ ၁၁**

မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၁၀ ရက် နံနက် ၁ နာရီခွဲအချိန်တွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် (၁)ရပ်ကွက် သီရိမွန်အိမ်ရာ သီရိမွန်(၁၀) လမ်း အမှတ်(၈)ရှိ PAL Hotel တွင် လောင်းကစားဝိုင်းဖွင့်လှစ် လုပ်ကိုင်နေကြောင်း သတင်းအရ အဆိုပါဟိုတယ်ကို သက်သေများနှင့်အတူ ဝင်ရောက်ရှာဖွေစစ်ဆေးခဲ့သည်။

ထိုသို့ ရှာဖွေစစ်ဆေးခဲ့ရာ အဆိုပါ ဟိုတယ်ဒုတိယထပ်တွင် လောင်းကစားဝိုင်း တည်ထောင်၍ စီမံခန့်ခွဲလုပ်ကိုင်နေသူ Mr.Yang Jian ပါ တရုတ်နိုင်ငံသား အမျိုးသား သုံးဦး၊ မြန်မာနိုင်ငံသား အမျိုးသားတစ်ဦး၊ အမျိုးသမီးတစ်ဦး၊ လောင်းကစားဝိုင်း၌ အလုပ်လုပ်ကိုင်သူ မြန်မာနိုင်ငံသား အမျိုးသားခုနစ်ဦး၊အမျိုးသမီး ၂၄ ဦးနှင့် လောင်းကစားလာရောက်ကစားသူ တရုတ်နိုင်ငံသား အမျိုးသားငါးဦး၊ အမျိုးသမီးတစ်ဦး၊ မြန်မာနိုင်ငံသား အမျိုးသားသုံးဦး၊ အမျိုးသမီးနှစ်ဦးစုစုပေါင်း ၄၇ ဦးတို့ကို လောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့် ဘူကြီးလောင်းကစားခုံ ငါးခုံ၊ ပဲကြားလော့ လောင်းကစားခုံ နှစ်ခုံ၊ ကုလားသုံးကောင် လောင်းကစားခုံတစ်ခုံ၊ ငါးပစ်ဂိမ်း လောင်းကစားခုံ တစ်ခုံ၊ ဖဲထုပ် ၂၅၄ထုပ်၊ ငွေကျပ်ငါးရာမှ သိန်းတစ်ရာထိပါ တုံကင်ပြားများ၊ လက်ကိုင်ဖုန်း ၃၈ လုံး၊ လက်တော့ နှစ်လုံး၊ Tablet တစ်လုံး၊ All in one ကွန်ပျူတာတစ်လုံး၊ လောင်းကစားပြုလုပ်ရာတွင် ငွေအလွှဲအပြောင်း ပြုလုပ်ရာ၌အသုံးပြုသည့် Bank Account နံပါတ်များရေးသားထားသည့် ကတ်ပြားတစ်ခု၊ ဖဲချပ်ဖျက်စက်တစ်လုံး၊ ငွေရေတွက်စက်တစ်လုံး၊ CCTV Recorder တစ်လုံး၊ လောင်းကြေးငွေကျပ် ၃၀၁ သိန်း၊ ကား ၁၇ စီးတို့နှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သည်။

အဆိုပါဖမ်းဆီးရမိသူ Mr. Yang Jian ပါ တရုတ်နိုင်ငံသား အမျိုးသား ရှစ်ဦး၊ အမျိုးသမီး တစ်ဦး၊ ဝင်းမြင့်ထွန်းပါ မြန်မာနိုင်ငံသား အမျိုးသား ၁၁ဦး၊အမျိုးသမီး ၂၇ ဦး စုစုပေါင်း ၄၇ ဦးတို့ကို မရမ်းကုန်းမြို့နယ် ဘုရင့်နောင်နယ်မြေ ရဲစခန်းတွင် အမှုဖွင့်လှစ်ထားရှိပြီး တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

# သရက်ချောင်းမြို့နယ် ကနက်သီရိရွာကို တပ်မတော်က တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ လေကြောင်း၊ ရေကြောင်းတို့ဖြင့် ပစ်ခတ်ခြင်းကြောင့် ပြည်သူ သုံးဦးသေဆုံးဟု သတင်းတု၊ သတင်းမှားများ လုပ်ကြံရေးသားဖြန့်ဝေလျက်ရှိ




**နေပြည်တော် မေ ၁၁**

တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့နယ် ကနက်သီရိကျေးရွာကို မေ ၁၀ရက်က တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ တပ်မတော်က ရဟတ်ယာဉ်နှစ်စင်း၊ဂျက်ဖိုက်တာတစ်စင်းဖြင့်ပုံးကြဲတိုက်ခိုက်ခဲ့ပြီး ရေကြောင်းမှလည်း စစ်သင်္ဘောများဖြင့် လက်နက်ကြီးများ အဆက်မပြတ် ပစ်ခတ်တိုက်ခိုက်ခဲ့ခြင်းတို့ကြောင့် ပြည်သူသုံးဦး သေဆုံးခဲ့သည်ဟု အကြမ်းဖက်အားပေး ပြည်ဖျက်မီဒီယာ Khit Thit က လူမှုကွန်ရက်ပေါ်တွင် မဟုတ်မမှန်လုပ်ကြံရေးသားကာ ဝါဒဖြန့်နေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့် ပတ်သက်၍ သက်ဆိုင်ရာ နယ်မြေလုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောပြချက်အရ မေ ၁၀ ရက်က ကနက်သီရိကျေးရွာတွင် တိုက်ပွဲဖြစ်စဉ်ဖြစ်ပွားခြင်းမရှိသကဲ့သို့ တပ်မတော်က လေကြောင်းမှပုံးကြဲတိုက်ခိုက်ခြင်း၊ ရေကြောင်းမှ လက်နက်ကြီးများဖြင့် ပစ်ခတ်ခြင်းများလည်း လုံးဝမရှိကြောင်း သိရှိရသည်။

အကြမ်းဖက်သမားများသည် သရက်ချောင်းမြို့နယ်အတွင်း ပြည်သူများကြောက်ရွံ့ထိတ်လန့်လာပြီး တည်ငြိမ်အေးချမ်းမှုမရှိစေရန်နှင့် အုပ်ချုပ်မှုယန္တရားများပျက်ပြားစေရန်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပြည်သူများသွားလာနေထိုင်သည့် မြို့ရွာများအတွင်းသို့ လက်နက်ကြီးများ၊ ဒရုန်းများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းများ မကြာခဏလုပ်ဆောင်နေသည်ကို အကြမ်းဖက်အားပေးပြည်ဖျက်မီဒီယာများက လူမှုကွန်ရက်စာမျက်နှာများပေါ်တွင် တပ်မတော်က လုပ်ဆောင်သည်ဟုစွပ်စွဲကာ ပြည်သူများ အထင်အမြင်လွဲမှားစေရန် မဟုတ်မမှန်လုပ်ကြံရေးသား ဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

# သထုံမြို့နယ် ရန်ကုန်-မော်လမြိုင်သွား ပြည်ထောင်စုလမ်းမပေါ်ရှိ ကျုံ့အိတ်တံတားကို KNLA အဖွဲ့မှ အကြမ်းဖက်မှုလိုလားသူများနှင့် PDF အမည်ခံအကြမ်းဖက်ပူးပေါင်းအဖွဲ့က မိုင်းထောင်ဖောက်ခွဲဖျက်ဆီး

KNLA အဖွဲ့မှ အကြမ်းဖက်မှုကို လိုလားသူများနှင့် PDF အမည်ခံအကြမ်းဖက်ပူးပေါင်းအဖွဲ့က ရန်ကုန်-မော်လမြိုင်သွား ပြည်ထောင်စုလမ်းမပေါ်ရှိ ကျုံ့အိတ်တံတားအား မိုင်းထောင်ဖောက်ခွဲပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များအား လာရောက်တိုက်ခိုက်ခဲ့သည့် ဖြစ်စဉ်ပြပုံ




**နေပြည်တော် မေ ၁၁**

အကြမ်းဖက်သမားများသည် နိုင်ငံ တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှုကို ပျက်ပြားစေရန်၊ ဒေသတွင်းကုန်စည်စီးဆင်းမှုရပ်တန့်စေပြီး လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ်စေရန်စသည့် ရည်ရွယ်ချက်များဖြင့် အများပြည်သူအသုံးပြုလျက်ရှိသည့် လမ်း၊တံတားများကို မိုင်းထောင်ဖောက်ခွဲခြင်း၊ ရုံးဌာန အဆောက်အအုံများ၊ စာသင်ကျောင်းများ၊ အများပြည်သူနေထိုင်လျက်ရှိသော နေအိမ်များကို မီးရှို့ဖျက်ဆီးခြင်း၊ ကျေးရွာများ အတွင်းဝင်ရောက်၍ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်ခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များကို နည်းလမ်းမျိုးစုံဖြင့် လုပ်ဆောင်လျက်ရှိသည်။

ထိုသို့လုပ်ဆောင်လျက်ရှိရာ ယနေ့ နံနက်ပိုင်းတွင် အများပြည်သူအားထား အသုံးပြုလျက်ရှိသည့် မွန်ပြည်နယ် သထုံမြို့နယ် ရန်ကုန်-မော်လမြိုင်သွား ပြည်ထောင်စုလမ်းမပေါ်ရှိ မိုင်တိုင်အမှတ် (၁၃၁/၆) နှင့် (၁၃၁/၇) ကြား၊ တံတားအမှတ်(၃/၁၃၂)၊ အရှည် ၉၅ ပေ၊ အကျယ် ၄၁ ပေ၊ ခံနိုင်ဝန်တန် ၆၀ ရှိ သံကူကွန်ကရစ်အမျိုးအစား ကျုံ့အိတ်တံတားအနီး၌ လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို KNLA အဖွဲ့မှ အကြမ်းဖက်မှု လိုလားသူများနှင့် PDF အမည်ခံအကြမ်းဖက်ပူးပေါင်းအဖွဲ့များက တံတား၏ မြောက်ဘက် မီတာ ၃၀၀ ခန့်အကွာမှနေ၍ လက်နက်ကြီး၊လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း၊ တံတား၏ အရှေ့မြောက်ဘက် မီတာ ၁၀၀၀ ခန့်မှနေ၍ Drop Bomb ကြချတိုက်ခိုက်ခြင်းတို့ လုပ်ဆောင်ခဲ့သည်။

ထို့ကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အပြန်အလှန်ထိတွေ့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး အကြမ်းဖက်သမားများသည် တံတား၏ အရှေ့မြောက်ဘက်သို့ ဆုတ်ခွာထွက်ပြေးသွားစဉ် တံတားကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည်။ ထိုသို့ အကြမ်းဖက်သမားများ၏ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့မှုကြောင့် ကျုံ့အိတ်တံတား၏ မြောက်ဘက် ကမ်းကပ်ခုံမှ ၁၀၀ ရာခိုင်နှုန်းခန့် ပြိုကျပျက်စီးသွားခဲ့သည်။

၂၀၂၃ ခုနှစ် ဩဂုတ် ၂၉ ရက်တွင်လည်း ၎င်းတံတားကို အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့ရာ အများပြည်သူသွားလာရေး အခက်အခဲများဖြစ်ပေါ်ခဲ့၍ ကုန်စည်စီးဆင်းမှုများ ထိခိုက်နစ်နာဆုံးရှုံးခဲ့ရသဖြင့် နိုင်ငံတော်အစိုးရက ဒေသခံပြည်သူများ၏ လမ်းပန်းဆက်သွယ်ရေးနှင့် ကုန်စည်စီးဆင်းမှု အဆင်ပြေချောမွေ့စေရန် အမြန်ဆုံးပြန်လည်ပြုပြင်ပေးခဲ့ပြီး ယခုအခါထပ်မံ၍ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

အကြမ်းဖက်သမားများအနေဖြင့် အများပြည်သူသွားလာမှုခက်ခဲစေရန်နှင့် အထိတ်တလန့်ဖြစ်ပြီး ကြောက်ရွံ့လာစေရန်၊ ကုန်စည်စီးဆင်းမှုကို ထိခိုက်ဆုံးရှုံးမှုဖြစ်စေပြီး တည်ငြိမ်မှုပျက်ပြားစေရန် ရည်ရွယ်၍ စစ်ရေးနှင့်မသက်ဆိုင်သော အများပြည်သူအသုံးပြုလျက်ရှိသည့် လမ်း၊ တံတားများကို ဖောက်ခွဲဖျက်ဆီးခဲ့ခြင်းသည် စစ်ရာဇဝတ်မှု (War Crime)ကို ကျူးလွန်ခြင်းဖြစ်သည်။

အဆိုပါမိုင်းခွဲဖျက်ဆီးမှုကြောင့် လက်ရှိတွင် လူနှင့်ယာဉ်ကြီး၊ ယာဉ်ငယ်များ ဖြတ်သန်းသွားလာရန် အခက်အခဲများ ဖြစ်ပေါ်လျက်ရှိသဖြင့် တံတားပျက်စီးမှုကို သက်ဆိုင်ရာ လမ်း၊ တံတား ဦးစီးဌာနမှ ဝန်ထမ်းများနှင့် တာဝန်ရှိသူများက အမြန်ဆုံးပြင်ဆင်နိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် လိုအပ်သည့် အကြမ်းဖက်ချေမှုန်းရေး စစ်ဆင်ရေး(Counter-Terrorism Operation)ကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။



**KNLA အဖွဲ့မှ အကြမ်းဖက်မှုကို လိုလားသူများနှင့် PDF အမည်ခံအကြမ်းဖက်ပူးပေါင်းအဖွဲ့က ကျုံ့အိတ်တံတားအား မိုင်းထောင်ဖောက်ခွဲခဲ့မှုကြောင့် တံတားပျက်စီးနေမှု မှတ်တမ်းဓာတ်ပုံ။**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် မေ ၁၁**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များကတစ်ဆင့် နည်းမျိုးစုံဖြင့်ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့်ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေး ဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော် ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများကတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မေ ၁၀ ရက်တွင် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "KoPhyo" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး သယ်န်းကျွန်းမြို့နယ် ရန်ကုန်သစ်ရပ်ကွက်နေ ဖြိုးမြင့်ကို(ခ)ကိုဖြိုးအား နံနက် ၆ နာရီ ၅ မိနစ်တွင် သုဝဏ္ဏနယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

# အရှိန်အဟုန်လျော့ကျခြင်းမရှိသေးသည့် ရုရှား-ယူကရိန်းပဋိပက္ခ

**နေရှား(သုတေသန)**

၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလတွင် စတင်ဖြစ်ပွားခဲ့သောရုရှား-ယူကရိန်းပဋိပက္ခသည် သုံးနှစ်အတွင်း ဝင်ရောက်လာခဲ့ပြီး တိုက်ခိုက်မှုများဆက်လက်ဖြစ်ပွားလျက်ရှိသည်။ နယ်မြေကန့်သတ်ထိန်းချုပ်မှုများကို ရုရှားတို့က လုပ်ဆောင်ခဲ့သော်လည်း ယူကရိန်းသို့ အနောက်အုပ်စုနိုင်ငံများ၏ ငွေကြေးနှင့်လက်နက် ပံ့ပိုးမှုများကပဋိပက္ခကို ဆက်လက်အရှိန်မြင့်စေသည်။ ကာလရှည်လျားလာသည်နှင့်အမျှ ထိခိုက်မှုများလည်း ပိုမိုတိုးမြင့်လာခဲ့ကာ ယခုအခါ အရပ်ဘက် အခြေခံအဆောက်အအုံများထိ တိုက်ခိုက်မှုများ ပါဝင်လာပြီး ငြိမ်းချမ်းရေးလမ်းစသည် ပျောက်ဆုံးနေဆဲဖြစ်သည်။

**အရှိန်အဟုန်မြင့်နေဆဲလက်နက်ထောက်ပံ့မှုများ**

အမေရိကန်နှင့် အနောက်အုပ်စုနိုင်ငံများသည် ယူကရိန်းပဋိပက္ခမဖြစ်ပွားမီကပင် ယူကရိန်းနိုင်ငံ၏ ကာကွယ်ရေးစွမ်းအားခိုင်မာရေးအတွက် နည်းလမ်းမျိုးစုံဖြင့် ပံ့ပိုးခဲ့သည်။ အဓိကအားဖြင့် အမေရိကန်ဒေါ်လာဘီလီယံပေါင်းများစွာ တန်ဖိုးရှိသည့် စစ်လက်နက်ပစ္စည်းများကို ပံ့ပိုးခဲ့ပြီးဖြစ်သည်။ ယခုအခါ အနောက်အုပ်စုနိုင်ငံများက ယူကရိန်းသို့ F-16 တိုက်လေယာဉ်များ ပံ့ပိုးရေးနှင့် တိုက်ခိုက်ရေးတပ်ဖွဲ့များ စေလွှတ်ရေးထိပါ ဖွင့်ဟလာကြသည်။ အမေရိကန်က ယူကရိန်းနိုင်ငံအတွက် အမေရိကန်ဒေါ်လာ ၆၀ ဘီလီယံပံ့ပိုးမည့် အကူအညီကို ၂၀၂၄ ခုနှစ် ဧပြီလအတွင်းတွင် ကြေညာခဲ့သည်။

ယူကရိန်းကို ပံ့ပိုးပေးထားသည့် တာဝေးပိုမိုရောက်ရှိသော ပူးတွဲတိုက်ရိုက်တိုက်ခိုက်ရေးခဲယမ်း (JDAM-ER) အပါအဝင် အနောက်အုပ်စုမှ ပံ့ပိုးပေးထားသော GPS လမ်းညွှန်ခဲယမ်းများ၏ ထိရောက်မှုကို ပြင်းထန်စွာထိခိုက်စေသည့် ရုရှား GPS ပိတ်ဆို့မှု အန္တရာယ်ကြီးထွားလာနေမှုကို တန်ပြန်ရန် အမေရိကန်လေတပ်သည် ကြိုးပမ်းလာခဲ့သည်။ အဆိုပါစိန်ခေါ်မှုများကို တုံ့ပြန်ရန်အတွက် အမေရိကန်လေတပ်သည် GPS ဖိဖျက်မှုကို တန်ပြန်မည့် JDAM-ER ဗုံးများတွင် တပ်ဆင်ရန် ဒီဇိုင်းထုတ်ထားသော ပစ်မှတ်ရှာစနစ်များကို ဝယ်ယူခြင်းနှင့် ပေါင်းစည်းခြင်းအတွက် အမေရိကန်ဒေါ်လာ ၂၃ ဒသမ ၅ သန်းတန်ဖိုးရှိ စာချုပ်တစ်ခုပြုလုပ်ခဲ့သည်။ JDAM-ER ဗုံးများ ထိရောက်မှုကို တိုးမြှင့်ရန် ဆုံးဖြတ်ချက်သည် ယူကရိန်းအရေးအတွင်း အမေရိကန်၏ ခဲယမ်းများစွမ်းဆောင်ရည်နှင့်ပတ်သက်၍ လက်ထောက်ကာကွယ်ရေးဝန်ကြီးဘီလာပလန်တီ၏ လတ်တလောစိုးရိမ်ပူပန်မှုများမှ ဖြစ်ပေါ်လာခြင်းဖြစ်သည်။

အီတလီအစိုးရသည် ယူကရိန်းနိုင်ငံအတွက် တာလတ်ပစ်လေကြောင်းရန် ကာကွယ်ရေးစနစ် SAMP/T ပါဝင်မည့် စစ်ရေးအကူအညီ အစီအစဉ်သစ်တစ်ခုကို ပြင်ဆင်လျက်ရှိသည်ဟု အီတလီသတင်းစာတစ်စောင်က ၂၀၂၄ ခုနှစ် မေ ၂ ရက်တွင်ဖော်ပြခဲ့သည်။ စစ်ဘက်ဆိုင်ရာပံ့ပိုးရေး အစီအစဉ်တွင် သယ်ဆောင်ရလွယ်ကူသော အမေရိကန်ထုတ် Stinger လေကြောင်းရန်ကာကွယ်ရေး စနစ်များလည်း ပါဝင်မည်ဖြစ်သည်။ အီတလီရှိ SAMP/T လေကြောင်းရန်ကာကွယ်ရေးစနစ်တစ်စုံကို ၂၀၂၃ ခုနှစ်က ပြင်သစ်နှင့်ပူးပေါင်း၍ ယူကရိန်းကို စနစ်တစ်ခုပေးအပ်ခဲ့ပြီးဖြစ်သည်။ ရုရှားကာကွယ်ရေးဝန်ကြီးဌာန၏အဆိုအရ အဆိုပါစနစ်သည် ဖျက်ဆီးခံခဲ့ရသည်ဟုဆိုသည်။ ဤစနစ်သည် လူမောင်းနှင်သည့်လေယာဉ်နှင့် မောင်းသူမဲ့လေယာဉ်များ အပါအဝင် ဝေဟင်မှ ခြိမ်းခြောက်မှုအမျိုးမျိုးကို တန်ပြန်နိုင်ပြီး ခရုဇ်ဒုံးကျည်များကို တိုက်ဖျက်ရာတွင် အထူးထိရောက်မှုရှိမည်ဖြစ်သည်။ ရုရှားဒရုန်း နှင့် ဒုံးကျည်တိုက်ခိုက်မှုများ တိုးလာခြင်းကြောင့် ယူကရိန်းလေကြောင်းရန်ကာကွယ်ရေးကို အားကောင်းလာစေရန်အတွက် လများစွာကြာကပင် လေကြောင်းရန်ကာကွယ်ရေးကို တောင်းဆိုခဲ့ကြသည်။ ဧပြီလက ဂျာမနီသည် ယူကရိန်းကို အမေရိကန်ထုတ် MIM-104 Patriot စနစ်များ ပံ့ပိုးပေးမည်ဟု ကြေညာခဲ့သည်။

**ရုရှား၏တုံ့ပြန်မှု**

ရုရှားအနေဖြင့် ယူကရိန်းမှ အသုံးပြုသော F-16 ဘက်စုံသုံးတိုက်လေယာဉ်များကို နျူကလီးယား လက်နက်ပစ်လွှတ်နိုင်စွမ်းရှိသော လေယာဉ်များအဖြစ် ပြုမူဆက်ဆံမည်ဟု ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနက ၂၀၂၄ ခုနှစ် မေ ၆ ရက်တွင် ပြောကြားခဲ့သည်။ ဤလေယာဉ်များသည် နျူကလီးယားနှင့် နျူကလီးယားမဟုတ်သည့် စစ်ဆင်ရေးများတွင် နှစ်မျိုးစလုံး



အသုံးပြုနိုင်သည့် ရည်ရွယ်ချက်နှစ်ခုစလုံးပါသည့် လေယာဉ်များဖြစ်သည်ဟူသောအချက်ကို လျစ်လျူမရှုနိုင်ဟုဆိုသည်။ လေယာဉ်ကို ယူကရိန်းကမည်သို့ ပြုပြင်မွမ်းမံထားသည်ဖြစ်စေ ရုရှားအနေဖြင့် ထိုလေယာဉ်များကို နျူကလီးယားလက်နက်ပစ်လွှတ်နိုင်စွမ်းရည်ရှိသည့် လေယာဉ်များကဲ့သို့ ပြုမူဆက်ဆံသွားမည်ဖြစ်သည်။ ထို့ပြင် အမေရိကန်နှင့်NATO၏ ဤခြေလှမ်းကို ရည်ရွယ်ချက်ရှိရှိ ရန်စမှုတစ်ခုအဖြစ် ရှုမြင်သွားမည်ဖြစ်ကြောင်း ဝန်ကြီးဌာန၏ထုတ်ပြန်ချက်တွင် ဖော်ပြခဲ့သည်။

၎င်းတို့၏ မဆင်မခြင်ပြုမူမှုသည် ယူကရိန်းပဋိပက္ခကို နောက်ဆုတ်၍မရစေရန်အတွက် လုပ်ဆောင်ခြင်းဖြစ်ကြောင်း၊ ယူကရိန်းအစိုးရနှင့် ၎င်း၏အနောက်အုပ်စုပံ့ပိုးကူညီသူများအနေဖြင့် ၎င်းတို့၏မဆင်မခြင်လုပ်ဆောင်မှုများက အရေးကြီးအခြေအနေကို ပိုမိုနီးစပ်လာစေသည်ဟူသောအချက်ကို သဘောပေါက်သင့်ကြောင်း၊ NATOအဖွဲ့ဝင်နိုင်ငံတချို့သည် NATOမဟာမိတ်အဖွဲ့ကို ရုရှားနှင့် တိုက်ရိုက်လက်နက်ကိုင်ပဋိပက္ခအဖြစ်သို့ ရည်ရွယ်ချက်ရှိရှိ ဆွဲခေါ်နေကြောင်း ဝန်ကြီးဌာနက သတိပေးပြောကြားခဲ့သည်။

ရုရှားတပ်ဖွဲ့များကို တိုက်ထုတ်ရန် ပြင်သစ်နှင့် အခြားNATOတပ်ဖွဲ့များကို ယူကရိန်းတွင်တပ်ဖြန့်သင့်သည်ဟု မကြာခဏအကြံပြုခဲ့သည့် ပြင်သစ်သမ္မတ အီမန်နူရယ်လ်မက်ခရွန်ကို ရုရှားကထောက်ပြကာ NATOအဖွဲ့ဝင်နိုင်ငံများနှင့် ၎င်း၏ အခြားလုပ်ဆောင်ချက်တချို့က စစ်ပွဲအသွင်ကူးပြောင်းရန် ရည်ရွယ်ကြိုးပမ်းနေသည်ကို ညွှန်ပြနေသည်ဟုဆိုခဲ့သည်။ ယူကရိန်းအကျပ်အတည်းသည် ရုရှားနိုင်ငံအပေါ် မဟာဗျူဟာမြောက်ရှုံးနိမ့်မှု သက်ရောက်စေရန်အတွက်စစ်ပွဲကို NATOနိုင်ငံများနှင့် ရုရှားတို့ကြား စစ်ရေးတိုက်ပွဲအဖြစ်သို့ ပြောင်းလဲလာစေရေးလုပ်ဆောင်ခဲ့သည်ဟု ပြောကြားခဲ့သည်။

ရုရှားနိုင်ငံက ယူကရိန်းအရေးနှင့် ပတ်သက်၍ အနောက်နိုင်ငံများရှိထိပ်တန်းအရာရှိများ၏မှတ်ချက်အပေါ် ဒေါသတကြီးတုံ့ပြန်ပြီး ရက်ပိုင်းအကြာတွင် ရုရှားနိုင်ငံသည် နည်းဗျူဟာမြောက် နျူကလီးယားလက်နက်အသုံးပြုမှု ပုံစံတူစစ်ရေးလေ့ကျင့်မှု ပြုလုပ်ရန် စီစဉ်ထားသည်ဟု ကာကွယ်ရေးဝန်ကြီးဌာနက ကြေညာခဲ့သည်။ ၎င်းသည် ရုရှားနှင့်ပတ်သက်၍ အနောက်အုပ်စုအရာရှိတချို့၏ ရန်စပြောဆိုမှုများနှင့် ခြိမ်းခြောက်မှုများကို တုံ့ပြန်သည့်အနေဖြင့် ပြုလုပ်သည့် စစ်ရေးလေ့ကျင့်မှုဖြစ်သည်ဟု ကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။ ရုရှားသည် ၎င်း၏ နည်းဗျူဟာမြောက် နျူကလီးယားလက်နက်များ ပါဝင်သည့်စစ်ရေးလေ့ကျင့်မှုကို ပထမဆုံးအကြိမ်လူသိရှင်ကြားကြေညာခဲ့ခြင်းလည်းဖြစ်ပြီး မဟာဗျူဟာမြောက် နျူကလီးယားလက်နက်လေ့ကျင့်မှုကို ပုံမှန်လုပ်ဆောင်လျက်ရှိသည်။ နည်းဗျူဟာမြောက် နျူကလီးယားလက်နက်များသည် မြို့တစ်ခုလုံးကို ချေမှုန်းရန်ရည်ရွယ်သည့် တိုက်ချင်းပစ်ဒုံးကျည်များကို တပ်ဆင်ထားသည့် ကြီးမားသောထိပ်ဖူးများနှင့် နှိုင်းယှဉ်ပါက ပေါက်ကွဲမှုနှုန်းနည်းပါးသည်။

အဆိုပါကြေညာချက်သည် သုံးနှစ်အတွင်းဝင်ရောက်လာသည့်စစ်ပွဲတွင် ပိုမိုနက်ရှိုင်းစွာ ပါဝင်လာသည့် ယူကရိန်း၏အနောက်အုပ်စုမဟာမိတ်များကို သတိပေးချက်တစ်ခုဖြစ်ပုံရသည်။ NATOနှင့်ရုရှားတို့ကြားပဋိပက္ခဖြစ်မည်ကို စိုးရိမ်မှုများပေါ်ပေါက်နေချိန်တွင် ယူကရိန်း၏အနောက်အုပ်စုမိတ်ဖက်တချို့က လက်ရှိစစ်ပွဲကယူကရိန်းကို ကျော်လွန်ပျံ့နှံ့လာမည်ကို စိုးရိမ်လျက်ရှိသည်ဟု ယခင်ကဖော်ပြခဲ့ကြသည်။ ပြင်သစ်သမ္မတ မက်ခရွန်က ယူကရိန်းသို့ တပ်ဖွဲ့ဝင်များစေလွှတ်ခြင်းကို ဖယ်ရှားထားခြင်းမရှိဟု မကြာသေးခင်က ထပ်လောင်းပြောကြားခဲ့ပြီး ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး ဒေးဗစ်ကင်မရွန်းက ယူကရိန်းတပ်ဖွဲ့များသည် ရုရှားနိုင်ငံအတွင်းရှိ ပစ်မှတ်များကို တိုက်ခိုက်ရန်အတွက် ဗြိတိန်ထုတ်တာဝေးပစ်လက်နက်များကို အသုံးပြုနိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ရုရှားနှင့်NATOတို့ကြား တင်းမာမှုများတိုးမြင့်လာစေသည့် ထိုမှတ်ချက်များကို အန္တရာယ်များအဖြစ် ရုရှားသမ္မတရုံးက သတ်မှတ်ထားသည်။ စစ်ပွဲသည် ရုရှားနှင့် အနောက်နိုင်ငံများကြား ဆက်ဆံရေးအပေါ် သိသိသာသာ တင်းမာလာစေသည်။ ယူကရိန်းအတွက် ဥရောပ၏ စစ်ရေးပံ့ပိုးမှုသည် ရုရှားအာဏာပိုင်များကို စိတ်အနှောင့်အယှက်ဖြစ်စေပြီး နျူကလီးယားဗုံးဖြင့် ခြိမ်းခြောက်စေရန် ထိုးနှက်ခြင်းသည် ပထမဆုံးအကြိမ်မဟုတ်ပေ။ ၂၀၂၃ ခုနှစ် မတ်လက အဆင့်နိမ့်ယူရေနီယံပါဝင်သော သံချပ်ကာဖောက်ကျည်များပေးအပ်ရန် ဗြိတိန်အစိုးရက ဆုံးဖြတ်ချက်ချမှတ်ပြီးနောက် ရုရှားသမ္မတပူတင်က ဘီလာရုစ်ပိုင်နက်တွင် နည်းဗျူဟာမြောက် နျူလက်နက်များ ချထားရန် ရည်ရွယ်ထားမှုကို ကြေညာခဲ့သည်။

နည်းဗျူဟာမြောက် နျူကလီးယားလက်နက်များတွင် လေကြောင်းချီဗုံးများ၊ တာတိုပစ်ဒုံးကျည်များနှင့် အမြောက်လက်နက်များအတွက် ထိပ်ဖူးများ ပါဝင်ပြီး စစ်မြေပြင်တွင်အသုံးပြုရန် ရည်ရွယ်ထားသည်။ အဆိုပါစစ်ရေးလေ့ကျင့်မှုသည် တိုက်ခိုက်ရေးတာဝန်များကို ဖြည့်ဆည်းရန်အတွက် မဟာဗျူဟာမြောက်မဟုတ်သော နျူကလီးယားတပ်ဖွဲ့များ၏ အသင့်ဖြစ်မှုကို မြှင့်တင်ရန်ရည်ရွယ်ပြီး ရုရှားသမ္မတပူတင်၏ အမိန့်အတိုင်းပြုလုပ်မည်ဖြစ်သည်။ အဆိုပါစစ်ရေးလေ့ကျင့်မှုတွင် တောင်ပိုင်းစစ်ခရိုင်၏ ဒုံးကျည်တပ်ဖွဲ့များနှင့်အတူ လေတပ်နှင့်ရေတပ်တို့ ပါဝင်မည်ဖြစ်ဟုဆိုသည်။

မော်စကိုမြို့ Poklonnaya တောင်ကုန်းတွင် ယူကရိန်းအထူးစစ်ဆင်ရေးအတွင်း ရုရှားတပ်ဖွဲ့များက သိမ်းဆည်းရမိသည့် အနောက်နိုင်ငံထုတ်လက်နက်နှင့်ပစ္စည်းများကို မေ ၇ ရက်က ပြသခဲ့သည်။ "NATOဒိုင်းဆု"ဟု အမည်ပေးထားသည့် ထိုပြသမှုသည်ခက်ခဲကြမ်းတမ်းသော ကိုယ်စားစစ်ပွဲ၏ တစ်စိတ်တစ်ပိုင်းအဖြစ် ယူကရိန်းကို ၎င်းတို့၏အကောင်းဆုံးစစ်ဘက်ဆိုင်ရာစက်ပစ္စည်းကိရိယာများပံ့ပိုးပေးခဲ့သည့်နေတိုးအဖွဲ့ဝင် နိုင်ငံများအတွက် အရှက်ရစရာဖြစ်စေခဲ့သည်။ စက်ပစ္စည်းတချို့သည် အပြည့်အဝလုပ်ဆောင်နိုင်သည့်အခြေအနေ သို့မဟုတ် တစ်ဝက်တစ်ပျက်လုပ်ဆောင်နိုင်သည့် အခြေအနေသို့ ပြန်လည်ပြုပြင်ထားသည်။ ရုရှားတပ်ဖွဲ့များလက်သို့ ကျရောက်ခဲ့သည့် တည်နေရာနှင့် အခြေအနေများကလည်း ဖော်ပြခဲ့သည်။

ခြုံ၍ဆိုရလျှင် ရုရှား-ယူကရိန်း ပဋိပက္ခသည် သုံးနှစ်အတွင်း ရောက်ရှိလာခဲ့ပြီး တိုက်ခိုက်ရေးအရှိန်အဟုန်များသည် သိသိသာသာလျော့ပါးမှုမရှိသေးကြောင်းတွေ့ရှိရသည်။ ယူကရိန်းကို လက်နက်များပံ့ပိုး၍ ဆင်နွှဲစေခဲ့သည့် ကိုယ်စားစစ်တွင် အနောက်အုပ်စုနိုင်ငံများသည် ၎င်းတို့၏ခေတ်နောက်ကျနေသည့် လက်နက်များကို စတင်ပံ့ပိုးခဲ့ရာမှ ယခုအခါ ခေတ်မီစနစ်များပံ့ပိုးရေးလုပ်ဆောင်လာကြောင်း တွေ့ရှိရသည်။ သို့သော်လည်း ရုရှားတို့၏ တိုက်ခိုက်မှုများကြောင့် ယူကရိန်းစစ်ဘက်တွင် ထိခိုက်ဆုံးရှုံးမှုများနေ့စဉ် ဖြစ်ပေါ်လျက်ရှိသည်ကို တွေ့ရှိရသည်။ ရုရှားတို့၏ စစ်လက်နက်ပစ္စည်းစွမ်းပကားလျော့ပါးရေး ရည်ရွယ်လာသည့် အနောက်အုပ်စု၏ ကိုယ်စားစစ်သည် ရုရှား၏ ကာကွယ်ရေးပစ္စည်းထုတ်လုပ်မှုစွမ်းပကားကို ပိုမိုခိုင်မာစေခဲ့ပြီး ၎င်းတို့ကိုသာ တန်ပြန်သက်ရောက်စေကြောင်းတွေ့ရှိရသည်။ သို့ဖြစ်၍ ယူကရိန်းအပေါ် စစ်လက်နက်ပစ္စည်းများစဉ်ဆက်မပြတ်ပံ့ပိုးမှုများရှိနေသမျှ ရုရှား၏ တိုက်ခိုက်မှုများတိုးမြင့်လာမည်ဖြစ်၍ ရုရှား-ယူကရိန်း ပဋိပက္ခသည် အရှိန်အဟုန် ဆက်လက်မြင့်မားနေမည်ဖြစ်ကြောင်းဖော်ပြလိုက်ရပါသည်။

**ကိုးကား** -


(1) **Pentagon to equip DAM bombs for Ukraine with new seekers, defence-blog.com, May 2024**

(2) **Russia Will Treat F-16s in Ukraine as Nuclear-Capable Aircraft - Foreign Ministry, Sputnik.com,May 2024**

(3) **Russia Announces Nuclear Weapon Drills After Angry Exchange With Senior Western Officia-ls, Indian Defence News, May, 2024**

# ရေကြည်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော စားတော်ပဲ ၃၁၈၆ ဧက ရိတ်သိမ်းပြီးစီး



**ကျုံပျော် မေ ၁၁**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ရေကြည်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော စားတော်ပဲ ၃၁၈၆ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကျုံပျော်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ကျော်က ပြောပြ၍ သိရသည်။

ရေကြည်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စားတော်ပဲ ၃၁၈၆ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးခဲ့သော စားတော်ပဲခင်းများကို ယခုနှစ် မတ်လ ပထမပတ်ကစတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် စားတော်ပဲဧကအားလုံး ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၆ ဒသမ ၆၃ တင်း ထိထွက်ရှိခဲ့ကြောင်း သိရသည်။

"ရေကြည်မြို့နယ်အနေနဲ့ ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ စားတော်ပဲ ၃၁၈၆ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ စိုက်ပျိုးထားတဲ့ပဲခင်းတွေကို ရိတ်သိမ်းခဲ့တာ လက်ရှိ ဧကအားလုံး ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ရိတ်သိမ်းပြီးဖြစ်တဲ့ စားတော်ပဲတွေက အထွက်နှုန်းကောင်းသလိုအရည်အသွေးလဲ ကောင်းတာကိုတွေ့ရပါတယ်။ အခုရိတ်သိမ်းခဲ့တဲ့ပဲတွေအပါအဝင် ဆောင်းသီးနှံတွေ အခက်အခဲမရှိ စိုက်ပျိုးနိုင်ဖို့ တောင်သူတွေ၊ စိုက်ပျိုးရေးဦးစီးဌာနနဲ့ အခြားဆက်စပ်ဌာနတွေ ပူးပေါင်းလုပ်ဆောင်ခဲ့ပါတယ်။ စားတော်ပဲတွေအပါအဝင် ဆောင်းသီးနှံတွေအားလုံး အရည်အသွေးကောင်းစေရေး၊ အထွက်နှုန်းကောင်းစေရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရေးတို့အတွက်ပေါင်းစပ်ဆောင်ရွက်ခဲ့ပါတယ်"ဟု ကျုံပျော်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ကျော်က ပြောပြသည်။

ရေကြည်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားတော်ပဲများအပါအဝင် ဆောင်းသီးနှံများ လျာထားချက်အတိုင်း ရာနှုန်းပြည့် စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးမည့်သီးနှံများ ပိုးမွှားရောဂါကင်းရှင်းစေရေး၊ အရည်အသွေးနှင့် အထွက်နှုန်းကောင်းစေရေး စသည့်လုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# သဲကုန်းမြို့နယ်၌ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ပန်းရန်သင်တန်းဖွင့်လှစ်

**သဲကုန်း မေ ၁၁**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် သဲကုန်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ မိသားစုဝင်ငွေတိုး လုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ပန်းရန်သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက အဆိုပါဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ နတ်တလင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးငွေလွင်စိုးက အမှာစကားပြောကြားသည်။

ဆက်လက်၍ သဲကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စန္ဒာအေးက ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေးနှင့်အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရန်အတွက် သင်တန်းဖွင့်လှစ်ပို့ချပေးခြင်းဖြစ်ကြောင်း၊ အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်းများ ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် သင်တန်းနည်းပြဆရာက သင်တန်းသားများအား သင်တန်းတွင်သင်ကြားမည့်သင်ခန်းစာများကို ကြိုးစား၍လေ့လာသင်ယူလိုကြောင်းနှင့် သင်တန်းတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားခဲ့ပြီး အခမ်းအနားသို့ တက်ရောက်လာကြသော ဌာနဆိုင်ရာတာဝန်ရှိသူများက သင်တန်းသားများကို သင်ထောက်ကူပစ္စည်းများ ပေးအပ်ခဲ့သည်။

အဆိုပါသင်တန်းသို့ နတ်တလင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးငွေလွင်စိုး၊ မြို့နယ်ဦးစီးမှူး ဒေါ်စန္ဒာအေးနှင့်ဝန်ထမ်းများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်သဲကုန်းမြို့နယ်အတွင်းရှိ ကျေးရွာများမှ သင်တန်းသား ဦးရေ ၂၀ တက်ရောက်ကြပြီး သင်တန်းကို သင်တန်းနည်းပြဆရာက စာတွေ့၊ လက်တွေ့ဖြင့် ယနေ့မှစ၍ မေ ၃၀ ရက်ထိ ရက် ၂၀ ကြာ အခမဲ့သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သုတ**

# မော်လိုက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးဧက ၁၉၅၀၀ စိုက်ပျိုးမည်

**မော်လိုက် မေ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင် မော်လိုက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါးဧက ၁၉၅၀၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မော်လိုက်ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မော်လိုက်မြို့နယ်တွင် ယခင်နှစ်မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါးဧက ၁၉၅၀၀ စိုက်ပျိုးရန်လျာထားပြီး ၂၀၂၃ ခုနှစ် ဇွန်လမှစ၍ စက်တင်ဘာလထိစိုက်ပျိုးခဲ့ရာ ၁၈၉၅၁ ဧကစိုက်ပျိုးနိုင်ခဲ့ပြီး ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါးဧက ၁၉၅၀၀ စိုက်ပျိုးရန် လျာထားကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မော်လိုက်မြို့နယ်မှာ မိုးစပါးဧက ၁၉၀၀၀ ကျော်စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ မိုးစပါးကို ဆည်ရေ၊ ချောင်းပိတ်၊ မြောင်းပိတ် သဘာဝရေ၊ မိုးကောင်းသောက်တို့နဲ့ စိုက်ပျိုးသွားမှာပါ။ မိုးစပါးစိုက်ပျိုးရာမှာ စနစ်တကျစိုက်ပျိုးပြီး အထွက်နှုန်းကောင်းမွန်အောင် ဆောင်ရွက်သွားမယ်။ စိုက်ပျိုးနည်းစနစ်တွေ၊ ပိုးမွှားကျရောက်မှုမရှိစေရေးအတွက် ကာကွယ်နည်းလမ်းတွေ ဆောင်ရွက်ပေးသွားမယ်"ဟု မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြသည်။



မော်လိုက်မြို့နယ်တွင် မိုးစပါး စိုက်ပျိုးမည့် တောင်သူများအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်း၊ မျိုးသန့်များစိုက်ပျိုးရန်အတွက် အသိပညာပေးခြင်း၊ သဘာဝမြေဩဇာပြုလုပ်သုံးစွဲနည်းပညာများ၊ မိုးသီးနှံများအချိန်မီစိုက်ပျိုးနိုင်ရန်၊ စီးပွားမျိုးများစိုက်ပျိုးကြရန်အတွက် နည်းပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မော်လိုက်မြို့နယ်တွင် မိုးစပါးစိုက်ပျိုးမှုကို ယခုနှစ် ဇွန်လမှစ၍ စက်တင်ဘာလထိစိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ မိုးစပါးစိုက်ပျိုးရာတွင် ရောမင်း ဧက ၄၄၃၀၊ ဆင်းဧကရီ (၃) ဧက ၆၃၅၀၊ မော်ဘီ(၂) ဧက ၁၂၇၀၊ ဆင်းသုခ ၃၀၈၂ ဧက၊ အခြားအထွက်ကောင်းမျိုး ၄၃၆၈ ဧကတို့ကို စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

(၂၀၆)

# ကွမ်းခြံကုန်းမြို့နယ် မရမ်းကျေးရွာတွင် ကွန်ကရစ်လမ်းခင်းခြင်းပြီးစီးမှု စစ်ဆေး

**ရန်ကုန် မေ ၁၁**

ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် ကွမ်းခြံကုန်းမြို့နယ် မရမ်းကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေဖြင့် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို မေ ၁၀ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တွံတေးခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးနေဝင်း၊ ကွမ်းခြံကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုသီတာလင်းနှင့်တာဝန်ရှိသူများက ကွမ်းခြံကုန်းမြို့နယ် မရမ်းကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေဖြင့်ဆောင်ရွက်သည့် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကွန်ကရစ်လမ်းကို ရေရှည်အသုံးပြုနိုင်စေရေးအတွက် ဝိုင်းဝန်းထိန်းသိမ်းကြရန် ကျေးရွာကော်မတီဝင်များကိုမှာကြားကာ လုပ်ငန်းလိုအပ်ချက်များကိုပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကွမ်းခြံကုန်းမြို့နယ် မရမ်းကျေးရွာတွင် လမ်း အရှည် ၂၄၇ ပေ၊ အကျယ် ၁၀ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေကျပ် ၆ ဒသမ ၁၁၇ သန်း အသုံးပြု၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် မရမ်းကျေးရွာမြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့က ၂၀၂၃ ခုနှစ် နိုဝင်ဘာလက စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ပြီးစီးမှုကြောင့် ကျေးရွာနေပြည်သူများ ရာသီမရွေး အဆင်ပြေစွာ သွားလာနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**ကျော်ဇေဦး(မေရမ်းမြေ)**

# ဇမ္ဗူသီရိမြို့နယ် အလျှင်လိုကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

**နေပြည်တော် မေ ၁၁**


ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားခရိုင် ဇမ္ဗူသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အလျှင်လိုကျေးရွာ၌ ကျေးလက်ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပျဉ်းမနားခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခိုင်ရွှေဝါနှင့် အင်ဂျင်နီယာ ဝန်ထမ်းများသည် အလျှင်လိုကျေးရွာတွင် အဝီစိစက်ရေတွင်းတူးဖော်ခြင်း၊ ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန်တည်ဆောက်ခြင်း၊ ရေပိုက်လိုင်းသွယ်တန်းခြင်းနှင့်ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများသတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေးအလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့သည်။

အလျှင်လိုကျေးရွာတွင် အကျယ်လေးလက်မ၊ အနက် ပေ ၃၅၀ ရှိ အဝီစိစက်ရေတွင်း တူးဖော်ခြင်း၊ ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန်တည်ဆောက်ခြင်း၊ ရေပိုက်လိုင်းသွယ်တန်းခြင်းနှင့်ဆက်စပ်လုပ်ငန်းများကို နေပြည်တော်ကောင်စီခွင့်ပြုရန်ပုံငွေကျပ် ၃၄ ဒသမ ၇၂၃ သန်းအသုံးပြု၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများနှင့် ကျေးရွာသူ၊ ကျေးရွာသားများပူးပေါင်းကာ ယခုနှစ် ဧပြီလ စတုတ္ထပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း၊ အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပါက ကျေးရွာရှိ ကျေးလက်နေပြည်သူ ဦးရေ ၂၀၄၀ တို့အတွက် သောက်သုံးရေများ ဖူလုံစွာ ရရှိမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်ခိုင်ရွှေဝါက ပြောပြ၍ သိရသည်။

**မောင်ခိုင်**


ကိုဗစ်–၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူပြုစေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

# ဝေဟင်တစ်လွှား ဝင့်ကြွားပါစေ

ဝင်းမင်း(ဖနိုင်းမြေ)



(၁)

အဋ္ဌမတန်းစာမေးပွဲနောက်ဆုံးနေ့၊ စာမေးပွဲခန်းထဲကထွက်လာတော့ ခင်သဲမွန်စိတ်ထဲ လွတ်လပ်ပေါ့ပါးသွားသည်။

"ဖြေနိုင်လား ခင်သဲမွန်"

နှုတ်ဆက်သံကြား၍ နောက်သို့လှည့်ကြည့်လိုက်တော့ အတန်းဖော်သူငယ်ချင်း ဇင်မာဖြိုးကို တွေ့လိုက်ရသည်။

"အေး ဖြေနိုင်တယ် သူငယ်ချင်း။ နင်ရော"

"ငါတော့ သိပ်မဖြေနိုင်ဘူးဟ။ ဒါပေမဲ့ အောင်မှတ်တော့ ရမယ်ထင်တာပဲ။ ဟီး. . . "

စာမေးပွဲမဖြေနိုင်သော်လည်း ဇင်မာဖြိုးမျက်နှာက ဝမ်းနည်းရိပ်မရှိဘဲ ရွှင်လန်းနေသည်။

"ဟင် နင့်မျက်နှာကလဲ သိပ်မဖြေနိုင်ဘူးဆိုတာတောင် အပြုံးမပျက်ပါလား။ ဘာလဲ နင် ငါ့ကိုညာနေတာမဟုတ်လား"

"မညာပါဘူး ခင်သဲမွန်ရယ်။ ငါ အမှန်တိုင်းပြောနေတာပါ။ ငါ ပျော်နေတာက ငါလိုချင်တဲ့ ဖုန်းလေးရတော့မှာမို့ဟ"

"ငါ့ကိုနားလည်အောင် သေသေချာချာပြောစမ်း ဇင်မာဖြိုးရယ်။ နင့်ဟာက စာမေးပွဲနဲ့ ဖုန်းနဲ့ အဆက်အစပ်မရှိလိုက်တာ"

"ဒီလိုဟာ။ ဖုန်းဝယ်ပေးဖို့ ငါ့မိဘတွေကိုပူဆာနေတာကြာပြီ။ အဲဒါ သူတို့က ငါ ရှစ်တန်းစာမေးပွဲဖြေပြီးရင် ဖုန်းဝယ်ပေးမယ်ဆိုလို့ အခုစာမေးပွဲလဲပြီးပြီဆိုတော့ ငါဖုန်းကိုင်ရတော့မှာမို့ ပျော်နေတာဟယ်"

ခင်သဲမွန်သည် ဇင်မာဖြိုးပျော်နေရခြင်းကို ယခုမှ သဘောပေါက်မိတော့သည်။ ခင်သဲမွန်လည်း ဇင်မာဖြိုးလို ဖုန်းလေးလိုချင်မိသည်။ အိမ်ရောက်လျှင် အဖေနှင့်အမေကိုပူဆာကြည့်ရန် ဆုံးဖြတ်လိုက်သည်။

(၂)

"သမီး စာမေးပွဲဖြေနိုင်လား"

အိမ်ရောက်တော့ အမေကဆီးကြိုမေးသည်။

"ဟုတ် ဖြေနိုင်ပါတယ် အမေ။ အဆင့် ဝမ်းတူးသရီးလဲဝင်ဖို့ သေချာတယ်"

"တော်လိုက်တာအမေ့သမီးလေးက။ သမီးစာမေးပွဲဖြေနိုင်တဲ့အကြောင်း သမီးအဖေ့ဆီကို အမေဖုန်းဆက်ပြောလိုက်အုံးမယ်။ သမီးအဖေက သမီးပြန်ရောက်ရင် သူ့ဆီဖုန်းဆက်ဖို့လဲမှာထားလို့လေ"

ဒေါ်ဝေဝေထွန်းသည် ရုံးတက်နေသော ခင်ပွန်းဖြစ်သူ ဦးမျိုးထိုက်ဆီဖုန်းဆက်၍ သမီးစာမေးပွဲဖြေနိုင်ကြောင်း၊ အဆင့် တစ်၊ နှစ်၊ သုံးရနိုင်ကြောင်းပြောပြလိုက်သည်။ ဦးမျိုးထိုက်လည်း ဝမ်းသာနေသည်။ သမီးလေးစာမေးပွဲဖြေနိုင်သည့် အထိမ်းအမှတ်အနေဖြင့် ညစာကိုမိသားစုအပြင်မှာ ထွက်စားမည့်အကြောင်းပါ ပြောလိုက်သည်။

"ကဲသမီးရေ၊ သမီးအဖေက သမီးစာမေးပွဲဖြေနိုင်တာကို ဂုဏ်ယူဝမ်းသာတဲ့ အထိမ်းအမှတ်နဲ့ ဒီနေ့ည အပြင်မှာ ညစာသွားစားကြမယ်တဲ့"

ဒေါ်ဝေဝေထွန်းက ခင်သဲမွန်ကို ဝမ်းပန်းတသာပြောနေသော်လည်း ခင်သဲမွန် မပျော်ပါ။ ခင်သဲမွန်လိုချင်နေသည်က ဖေ့စ်ဘွတ်တို့၊ တစ်တော့တို့၊ ယူကျုတို့ ကြည့်လို့ရသည့် ဖုန်းတစ်လုံးဖြစ်သည်။ အဖေ့ကိုတော့ မပူဆာရဲ။ သို့သော် အမေ့ကိုတော့ ပြောရဲသည်။ ထို့ကြောင့် အမေကနေတစ်ဆင့် အဖေ့ကိုပြောခိုင်းရန် ခင်သဲမွန် ဆုံးဖြတ်လိုက်သည်။

(၃)

"အမေ"

"ဟေ"

ဒေါ်ဝေဝေထွန်းက ဦးမျိုးထိုက်၏ ရေလဲပုဆိုးအပြလေးကို လက်ချပ်ချပ်ပေးနေရင်း ခင်သဲမွန်ခေါ်သည်ကို ထူးလိုက်သည်။

"ဘာဖြစ်လို့တုံးသမီး။ နေမကောင်းဘူးလား။ မျက်နှာက ရွှင်ရွှင်ပျပျလဲမရှိဘူး"

"သမီးနေကောင်းပါတယ်။ သမီးအမေ့ကိုပြောစရာလေးရှိလို့ပါ"

"အေး အဲဒါဆိုလဲ ပြောလေသမီးရဲ့"

"သမီးဖုန်းကိုင်ချင်တယ် အမေ။ အဖေ့ကိုဖုန်းဝယ်ပေးဖို့ ပြောပေးပါလားဟင်"

ခင်သဲမွန်စကားကြောင့် ဒေါ်ဝေဝေထွန်း ပုဆိုးပြချပ်နေရင်းက မော့ကြည့်လိုက်သည်။

"သမီးရယ် ဖုန်းကိုင်ဖို့ သမီးအသက်အရွယ်က ငယ်ပါသေးတယ်ကွယ်။ ဒီအရွယ်လေးနဲ့ ဖုန်းပေးကိုင်ဖို့ကို သမီးအဖေလဲသဘောတူမယ် မထင်ပါဘူး"

ဒေါ်ဝေဝေထွန်းစကားကြောင့် ခင်သဲမွန်မျက်နှာလေးညှိုးကျသွားသည်။ သမီးဖြစ်သူ မျက်နှာညှိုးသွားမြင်တော့လည်း ဒေါ်ဝေဝေထွန်း စိတ်မကောင်းဖြစ်မိသည်။

"အေးပါသမီးရယ်။ သမီးအဖေရုံးကပြန်လာရင် အမေပြောကြည့်ပေးပါ့မယ်ကွယ်။ သွားသွားရေမိုးချိုးချေ။ ညကျ အပြင်မှာညစာသွားစားကြမယ်လေနော်"

ယခုမှ ခင်သဲမွန်မျက်နှာလေး ပြန်လန်းသွားပြန်သည်။

"ဟုတ်။ အဲဒါဆို သမီးရေသွားချိုးလိုက်မယ်နော်"

"အေးအေး။ ရေသောက်ပြီးမှ ချိုးနော်သမီး။ ရေချိုးမှားမှာစိုးလို့"

"ဟုတ်ကဲ့အမေ"

(၄)

ဦးမျိုးထိုက်တို့မိသားစု မြို့ထဲမှ အရသာကောင်းမွန်သည်ဟုနာမည်ရနေသော အမေ့အိမ်ထမင်းဆိုင်တွင် ညစာစားဖြစ်ကြသည်။ ထမင်းစားပြီးအချိန်ရသေးသောကြောင့် ကမ်းနားလမ်းတွင် လေညင်းခံရင်း လမ်းလျှောက်ကြသည်။ ဂနာရီထိုးတော့ သားအမိသားအဖသုံးယောက် အိမ်ပြန်လာခဲ့ကြသည်။

"အမေ သမီးပြောတာ အဖေ့ကိုပြောပေးအုံးလေ"

အိမ်ပြန်ရောက်ရောက်ချင်း ခင်သဲမွန်က ဒေါ်ဝေဝေထွန်းကို အလိုမကျသောမျက်နှာဖြင့် ပြောလိုက်သည်။

"ဩော်. . . ဟုတ်သားပဲ မေ့နေလိုက်တာ။ ကိုမျိုးရေ ကိုမျိုးသမီးက ဖုန်းကိုင်ချင်လို့ သူစာမေးပွဲဖြေနိုင်တာကို အသိအမှတ်ပြုတဲ့အနေနဲ့ သူ့ကိုဖုန်းဝယ်ပေးပါတဲ့"

"ဟေ"

ဒေါ်ဝေဝေထွန်းစကားကြောင့် ဦးမျိုးထိုက် အံ့အားသင့်သွားသည်။

"သမီးအရွယ်လေးနဲ့ ဖုန်းကိုင်ဖို့ဆိုတာ စောလွန်းပါတယ် သမီးရယ်"

သူ့ရှေ့ စတီခုံပေါ်တွင် မျှော်လင့်ချက်ကြီးစွာဖြင့် သူ့ကိုကြည့်နေသော ခင်သဲမွန်ကို ဦးမျိုးထိုက် ပြောလိုက်သည်။

"ဟင် အဖေကလဲ အမေ့စကားအတိုင်းပဲ။ ညှိထားကြသလားမသိဘူး။ သမီးသူငယ်ချင်းဇင်မာဖြိုးဆို ဒီနေ့ပဲသူ့အိမ်ကဖုန်းဝယ်ပေးလိုက်ပြီ။ သမီးအသက်အရွယ်လဲ ၁၄ နှစ်ရှိပါပြီအဖေရယ်။ သမီးဖုန်းတစ်လုံးတော့ မပျောက်ပျက်အောင် ထိန်းသိမ်းနိုင်ပါတယ်"

ခင်သဲမွန် အဖေဖြစ်သူ၏စကားကို အဓိပ္ပာယ်ကောက်လွဲနေသောကြောင့် ဦးမျိုးထိုက်ပြုံးမိသည်။

"ဒီမှာသမီး၊ ဖုန်းကိုင်ဖို့ သမီးအသက်အရွယ် ငယ်သေးတယ်ဆိုတာက ဖုန်းတစ်လုံးကို မပျောက်ပျက်အောင် ထိန်းသိမ်းဖို့ အသက်အရွယ်ငယ်သေးတာကိုပြောတာမဟုတ်ဘူးသမီး။ ဖုန်းဆိုတာက နာမည်ကတစ်လုံးထဲဆိုပေမဲ့ သူ့ထဲမှာထည့်သုံးနိုင်တဲ့ အက်ပလီကေးရှင်းတွေကြောင့် အင်မတန်ကိုနက်နဲကျယ်ပြောလွန်းတယ်သမီး။ ဖေ့စ်ဘွတ်ဆိုတဲ့ အက်ပလီကေးရှင်းတစ်ခုထဲကတင် ကိုယ့်အတွက် တန်ဖိုးရှိစွာနဲ့ အသုံးချတတ်ပါမှ တန်ဖိုးရှိပြီး ကိုယ့်အတွက်အကျိုးရှိအောင် အသုံးမချတတ်ဘူးဆိုရင်တော့ ကိုယ့်ဘဝကိုချောက်ထဲရောက်သွားတဲ့ထိ စုတ်ပြတ်သွားအောင်လဲ အဲဒီဖေ့စ်ဘွတ်က လုပ်နိုင်စွမ်းရှိတယ်သမီး။ အကျိုးရှိအောင်အသုံးချတတ်တယ်ဆိုတာကလဲ စဉ်းစားဆင်ခြင်နိုင်တဲ့ အသိဉာဏ်၊ အဆိုးအကောင်းဝေဖန်ပိုင်းခြားတတ်တဲ့ ပညာတွေ ပြည့်ဝနေဖို့ လိုအပ်တယ်သမီး။ ဒါကြောင့် အဖေက ဖုန်းကိုင်ဖို့ သမီးအသက်အရွယ် ငယ်သေးတယ်လို့ ပြောနေတာ။ ဖုန်းပေးကိုင်တဲ့ သမီးသူငယ်ချင်းမိဘတွေကိုလဲ မိုက်မဲလွန်းတယ်လို့ပဲ အဖေသတ်မှတ်ချင်တော့တယ်သမီး"

"ဒီနှစ် နွေရာသီကျောင်းပိတ်ရက်မှာ သမီး ပျင်းမနေရဖို့၊ အချိန်ကိုအကျိုးရှိစွာအသုံးချတတ်ဖို့ အဖေစီစဉ်ထားတယ်။ ကဲ ဝေရေကိုယ့်အခန်းထဲကစက္ကူပတ်ထားတဲ့ အထုပ်ကြီးသွားယူလိုက်ပါကွယ်"

ဒေါ်ဝေဝေထွန်းသည် ဦးမျိုးထိုက် အခန်းထဲက စက္ကူပတ်ထားသည့် အထုပ်ကြီးသွားယူလိုက်သည်။

"ရော့ ကိုမျိုး"

ဦးမျိုးထိုက် ဒေါ်ဝေဝေထွန်းပေးသော အထုပ်ကိုယူပြီး စားပွဲပေါ်ချထားလိုက်သည်။ ခင်သဲမွန်လည်း စက္ကူပတ်ထားသော အထုပ်ကြီးကို ဘာတွေများပါလိမ့်ဟုသာစိတ်ဖြင့် စိတ်ဝင်တစားကြည့်နေမိသည်။ ဦးမျိုးထိုက်က ပတ်ထားသောစက္ကူများကို ဖြည်လိုက်သည်။

"အို. . . စာအုပ်တွေပါလား"

ခင်သဲမွန်အံ့ဩစိတ်၊ နားမလည်စိတ်ဖြင့် ရေရွတ်လိုက်မိသည်။

"ဟုတ်တယ်သမီး။ နွေရာသီကျောင်းပိတ်ရက်မှာ သမီးအသက်အရွယ်နဲ့ ဖတ်သင့်ဖတ်ထိုက်တဲ့ စာအုပ်တွေကို ရန်ကုန်စာအုပ်တိုက်ကနေ အဖေမှာထားတာသမီး။ ဒါ့ပြင် ဒီနေ့ပဲ မြို့ထဲက ကွန်ပျူတာသင်တန်းနဲ့ အင်္ဂလိပ်စာသင်တန်းတစ်ခုမှာ သမီးသင်တန်းတက်ဖို့ကိုလဲ အဖေအပ်ထားပြီးပြီသမီး။ အဲဒီတော့ သမီးအဖေစီစဉ်ပေးတဲ့ သင်တန်းတွေတက်ပါ။ စာအုပ်တွေဖတ်ပါ။ ဒီနွေရာသီကျောင်းပိတ်ရက်မှာ အဖေဝယ်ပေးတဲ့ စာအုပ်တွေက သမီးအတွက်အကောင်းဆုံးမိတ်ဆွေတွေဖြစ်လိမ့်မယ်လို့ အဖေယုံကြည်တယ်။ ဒီစာအုပ်တွေကပဲ သမီးကိုစဉ်းစားဆင်ခြင်နိုင်တဲ့ အသိဉာဏ်တွေ၊ အကောင်းအဆိုးဝေဖန်ပိုင်းခြားနိုင်တဲ့ ဉာဏ်ပညာတွေ ပေးလိမ့်မယ်သမီး။ ပြီးတော့ သမီးအသက်အရွယ်လေးက အပျိုသင်စပဲရှိပါတယ်သေးတယ်။ အမွေးမစုံခင် အပျံသင်စအရွယ်မှာ အတောင်တွေကျိုးမသွားအောင် ပြုစုစောင့်ရှောက်ရမဲ့တာဝန် အဖေတို့ မိဘတွေမှာအပြည့်အဝရှိတယ်သမီး။ သမီး အတောင်မကျိုးဖို့၊ တစ်ချိန်မှာဝေဟင်တစ်လွှားကို ဝင့်ကြွားစွာပျံသန်းနိုင်ဖို့ အဖေတို့ ဒီလိုတွေလုပ်ပေးနေရတယ်ဆိုတာ သမီးတစ်နေ့တော့ သိလာပါလိမ့်မယ်သမီးရယ်"

(၅)

ခင်သဲမွန် ကိုးတန်းတက်ရန် နှစ်ပတ်ခန့်အလိုမှာ ပဲရာထူးတိုးဖြင့် မြို့တစ်ခုသို့ ဦးမျိုးထိုက် ပြောင်းရွှေ့ခဲ့ရသောကြောင့် ခင်သဲမွန်တို့ မိသားစုလည်း လက်ရှိတာဝန်ကျနေသောမြို့လေးမှ ပြောင်းရွှေ့ခဲ့ရသည်။ ရွက်ဟောင်းများကြွေ ရွက်သစ်များအလီလီဝေခဲ့ကြပြီး သက္ကရာဇ်တို့ ပြောင်းလဲလာခြင်းနှင့်အတူ ခင်သဲမွန်လည်း ဆယ်တန်းကိုဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့၍ မန္တလေးဆေးတက္ကသိုလ်သို့ပင် ပထမနှစ်တက်ရောက်ခွင့်ရခဲ့လေပြီ။ တစ်နေ့

စာမျက်နှာ ၂၅သို့ ➤

# ချစ်စရာ့အရွယ် စာဖတ်မယ်

ကလေး
စာပေကဏ္ဍ

## မောင်သုတနှင့် သစ္စာ၏တန်ဖိုး

ကလေးတို့ရေ. . . အခုပြောပြမဲ့ ပုံပြင်လေးကတော့ မောင်သုတနှင့် သစ္စာ၏တန်ဖိုး ဖြစ်ပါတယ်။

ဟိုးရှေးရှေးတုန်းက ထန်းတစ်ပင်ရွာလို့ ခေါ်တဲ့ ရွာလေးတစ်ရွာမှာ မောင်သုတလို့ခေါ်တဲ့ အသက် ၁၂ နှစ်အရွယ် ကလေးငယ်တစ်ယောက်ရှိသတဲ့။ မောင်သုတလေးဟာ အိုမင်းမစွမ်းဖြစ်နေတဲ့မိခင်မုဆိုးမကြီးကိုလုပ်ကျွေးနေတဲ့ သားလိမ္မာလေးတစ်ယောက်ပေါ့ကွယ်။ သူ့ခမျာ ဆင်းရဲရှာလွန်းလို့ ကျောင်းတောင်မနေရရှာဘူးတဲ့။


သူ့မှာ တစ်နေ့တစ်နေ့ ထင်းခွေသွားလိုက်၊ ရေခပ်လိုက်၊ ထမင်းချက်လိုက်နဲ့ နားရတယ်လို့ကိုမရှိဘူးတဲ့။ သူ့အလုပ်နဲ့သူ ရှုပ်ပါတယ်ဆိုမှ တစ်ခါတလေ ရပ်ရေး၊ ရွာရေးကိစ္စတွေမှာလဲ သူက ပရဟိတဝင်လုပ်ပေးပြန်သတဲ့။ လမ်းခင်းတာတို့၊ မြောင်းဖောက်တာတို့၊ ဘုန်းကြီးကျောင်းသန့်ရှင်းရေးတို့၊ စာသင်ကျောင်းသန့်ရှင်းရေးတို့မှာ တတ်နိုင်သလောက် လုပ်အားဒါနပြုတာပေါ့ကွယ်။

မောင်သုတလေးဟာ စာမတတ်ပေမဲ့ သူတစ်ပါးကိုကူညီတတ်တဲ့အပြင် စကားပြောရင်လဲ ချိုချိုသာသာပြောတတ်သတဲ့ကွယ်။ ဒါကြောင့်မို့ ဆင်းရဲပေမဲ့ စိတ်ကောင်း၊ နှလုံးကောင်းရှိတဲ့ မောင်သုတလေးကို တစ်ရွာလုံးက ချစ်ခင်ကြသတဲ့။

ဒီလိုနဲ့ တစ်နေ့မှာတော့ မောင်သုတလေးဟာ ထင်းခွေဖို့ တောထဲကိုထွက်လာသတဲ့။ ဒီလိုနဲ့ ထင်းတွေလဲ အတော်အတန်စုဆောင်းမိသလို ဟင်းသီး၊ ဟင်းရွက်တွေလဲ အနည်းငယ်ရသွားတဲ့အခါ သစ်ပင်တစ်ပင်အောက်မှာ ခဏနားပြီး အမောဖြေနေသတဲ့ကွယ်။ အဲဒီအချိန်မှာပဲ ကျယ်လောင်တဲ့ အသံနဲ့အတူ သစ်ပင်ကြီးတွေကျိုးကျသံကိုပါ ကြားလိုက်ရသတဲ့။

မောင်သုတလေးလဲ ကြောက်ကြောက်လန့်လန့်နဲ့ နားစွင့်နေတုန်း ဘယ်ကလာမှန်းမသိတဲ့ တောဆင်ရိုင်းကြီးတစ်ကောင်ကို ဘွားခနဲ တွေ့လိုက်ရသတဲ့။ ဆင်ကြီးက သူ့ဆီ တည့်တည့်မတ်မတ်ပြေးလာတာလဲမြင်ရော မောင်သုတလေးဟာ ပလိုင်းကို မြန်မြန်ကောက်လွယ်ကာ လက်ထဲမှာလဲ ဟင်းသီး၊ ဟင်းရွက်တစ်ပွေ့တစ်ပိုက်နဲ့ ကြောက်အားလန့်အား ထပြေးပါတော့သတဲ့ကွယ်။

ဒီနေ့မှ မောင်သုတလေးကလဲ ရွာနဲ့ခပ်လှမ်းလှမ်းကို ရောက်လာခဲ့တာဆိုတော့ ပြေးသာပြေးနေတာ



တော်တော်နဲ့ရွာကို မရောက်ဘူးတဲ့။ ဒီလိုနဲ့ ကြောက်လန့်တကြားပြေးရင်း မျက်စိလည်လမ်းမှားပြီး တောနက်ထဲကို ရောက်သွားပါတော့သတဲ့ကွယ်။ ဆင်ကြီးကလဲ သူသွားတဲ့နောက်လိုက်တုန်းပဲတဲ့ကွယ်။ ချုံပုတ်တစ်ခုနားအရောက်မှာတော့ မောင်သုတဟာ ငုတ်တစ်ခုနဲ့ ခလုတ်တိုက်ပြီး လဲကျသွားသတဲ့။

အဲဒီအခါမှာ မောင်သုတလေးဟာ "ငါတော့ ဆင်နင်းလို့ သေတော့မှာပဲ" ဆိုပြီး ကြံရာမရဖြစ်ရင်း လက်အုပ်ချီပြီး "ကျွန်တော်သည် အမေအိုကို လုပ်ကျွေးနေသော သားတစ်ယောက်ဖြစ်ပါသည်။ နေ့စဉ်၊ နေ့တိုင်းလည်း ကိုယ်တတ်နိုင်သလောက် ကုသိုလ်ကောင်းမှုများကို ပြုလုပ်ခဲ့ပါသည်။ ဤစကားများမှန်ကန်ပါက ဆင်ကြီး၏အန္တရာယ်မှ ကင်းဝေးရပါလို၏" လို့ သစ္စာဆိုလိုက်သတဲ့ကွယ်။

မောင်သုတလေးရဲ့ သစ္စာစကားသံအဆုံးမှာတော့ အံ့ဩစရာကောင်းလောက်အောင်ပဲ ဆင်ကြီးဟာ အခြားလမ်းကြောင်းဘက်ကိုဦးတည်ပြီး ထွက်ခွာသွားတော့သတဲ့။ မောင်သုတလေးဟာ ဆင်ကြီး အခြားလမ်းကထွက်သွားလို့ ဝမ်းသာမိပေမဲ့ ဘေးပတ်ဝန်းကျင်ကို ကြည့်လိုက်တော့ ညနေစောင်းနေပြီတဲ့။

လမ်းမှားပြီး ဘယ်ဆီကိုရောက်နေမှန်း ကိုယ့်ဟာကိုယ်မသိတဲ့မောင်သုတလေးဟာ အားငယ်စိတ်နဲ့အတူ ဝမ်းနည်းပြီး ထိုင်ငိုနေသတဲ့ကွယ်။ အဲဒီအချိန်မှာ ဘယ်ကမှန်းမသိတဲ့ လူနှစ်ယောက်ဟာ မြင်းကိုယ်စီနဲ့ မောင်သုတရှိတဲ့ဆီကိုရောက်လာပြီး ဘာဖြစ်တာလဲလို့ လာမေးကြသတဲ့။ မောင်သုတက အကျိုးအကြောင်းပြောပြလိုက်တဲ့အခါမှာ သူတို့က မောင်သုတလေးကိုသနားသွားပြီး ရွာကိုလှမ်းမြင်ရတဲ့ နေရာထိရောက်အောင် မြင်းနဲ့လိုက်ပို့ပေးကြသတဲ့။

မောင်သုတလေးရဲ့အဖြစ်အပျက်ကို တစ်ရွာလုံးက သိတဲ့အခါမှာ သေကံမရောက် သက်မပျောက်တဲ့ မောင်သုတလေးကို အလွန်အံ့ဩကြသတဲ့။ ရွာသူ၊ ရွာသားတွေက ဘာပြောကြသလဲဆိုတော့ မောင်သုတလေး အခုလိုသေဘေးနဲ့ကြုံတာတောင် အသက်မသေဘဲ ပြန်လွတ်လာတာ မိဘကိုလုပ်ကျွေးလို့၊ အများအကျိုးဆောင်ရွက်တတ်တဲ့ ပရဟိတစိတ်ဓာတ်တွေရှိလို့၊ မှန်ကန်တဲ့သစ္စာကိုဆိုလို့ ဆိုပြီး ချီးမွမ်းပြောဆိုကြသတဲ့ကွယ်။

သားတို့၊ သမီးတို့ရေ. . . အမှန်တကယ်လဲ မောင်သုတလေးဟာ ဆင်ကြီးရဲ့အန္တရာယ်က လွတ်လာတာ သူ့ရဲ့မိခင်အိုကြီးကို လုပ်ကျွေးတဲ့အကျိုးကျေးဇူးကြောင့်ဖြစ်ပြီး တောကြီးမျက်မည်းထဲကနေ ရွာအဝင်ထိရောက်လာတာကတော့ သူများအကျိုးတွေကို ပရဟိတစိတ်ပြည့်ဝစွာနဲ့ ဆောင်ရွက်ပေးခဲ့တဲ့အတွက် သူ့ကိုကူညီမဲ့သူလဲ ပြန်ပေါ်လာတာပေါ့ကွယ်။ ဒါတင်မကဘဲ မောင်သုတလေးရဲ့ မှန်ကန်တဲ့သစ္စာတရားကြောင့်လဲ ပါတာပေါ့ကွယ်။

ဒီထက်ပိုပြီး အံ့အားသင့်စရာကောင်းတာကတော့ သူ့ကို မြင်းနဲ့လိုက်ပို့တဲ့ မြင်းစီးသမားနှစ်ယောက်က ဒီနယ်တစ်ခွင်မှာ သူတို့နာမည်ကြားလိုက်တာနဲ့ ကြောက်ကြရတဲ့ ဓားပြဗိုလ်ထွန်းလှနဲ့ သူ့ရဲ့တပည့်ပဲတဲ့ကွယ်။

သားတို့၊ သမီးတို့လဲ မောင်သုတလေးလို အိုမင်းတဲ့မိဘတွေကို ပြုစုလုပ်ကျွေးရမယ်။ မိဘတွေကိုလဲ တတ်နိုင်သလောက် အလုပ် ကူလုပ်ရမယ်။ သူများအကျိုးကိုဆောင်ရွက်တဲ့ ပရဟိတလုပ်ငန်းတွေမှာလဲ စေတနာလေးထားပြီး လုပ်ကူရမယ်။ စိတ်ကောင်း၊ နှလုံးကောင်းလေးတွေလဲ မွေးမြူကြရမယ်။ အဲဒီလိုဆိုရင် သားတို့၊ သမီးတို့လဲ မောင်သုတလေးလို မမျှော်လင့်ဘဲ သေဘေးနဲ့ကြုံတွေ့ခဲ့ရရင် ကိုယ့်ကို ကူညီမဲ့သူတွေ သူ့အလိုလိုပေါ်လာမှာပေါ့ကွယ်။ ကဲ. . . သားတို့၊ သမီးတို့ရေ ဒီတစ်ပတ်တော့ ပုံပြင်လေးက ဒီလောက်ပါပဲကွယ်။

**ဖြိုးသဥ္ဇာ(ပညာရေး)**

## စာကြည့်တိုက်သို့ သွားကြစို့




- ကဗျာလေးတွေ ဖတ်ဖို့ရယ်
  စာကြည့်တိုက်သို့ သွားကြမယ်၊
  ရုပ်ပြတွေရယ် စုံလင်လို့
  ဗဟုသုတရစေဖို့။

- လိမ္မာစေဖို့ ဆုံးမရာ
  ပုံပြင်လေးတွေ ဖတ်အုံးကွာ၊
  မိဘဆရာ ရှိသေဖို့
  စာပေထဲက လမ်းညွှန်လို့။

- သမီးလေးတို့ ဘဝမှာ
  တိုးတက်စေဖို့ ကြိုးစားရာ၊
  လောကလယ်မှာ ဂုဏ်ထည်လို့
  ဗဟုသုတရှာဖွေဖို့၊
  စာကြည့်တိုက်သို့ သွားကြစို့။

**လင်းလက်**

## ကုသိုလ်ဆင်နွဲ ညောင်ရေသွန်းပွဲ

- တန်ခူးလပြီး ကဆုန်ဝယ်
  ညောင်ရေသွန်းပွဲ ကျင်းပတယ်၊
  ရနံ့မွှေးကြွယ် စံကားဝါပန်း
  ဤရာသီမှာ ပွင့်လို့လန်း။

- အသွင်တင့်ဆန်း ညီညီညာ
  မြတ်ဘုရားသို့ ဦးခိုက်ကာ၊
  ပွဲတော်မဟာ ညောင်ရေသွန်း
  ထူးမြတ်လှစွာ ကုသိုလ်ထွန်း။

- နိဗ္ဗာန်ယွန်းသို့ မှန်းလို့မျှော်
  ဆင်နွဲကြပေါ့ တူပျော်ပျော်။
  ပေါင်းဖော်သဟာ နှလုံးမွေ့
  ကဆုန်လပြည့် ဗုဒ္ဓနေ့။ ။

**မင်းသူရိန်(သာကီနွယ်)**



# အောင်မြင့်မိုရ်မင်းအာမခံကုမ္ပဏီလီမိတက်

၁။ ပြည်သူပြည်သားအသက်အာမခံ
၂။ တပ်မတော်ဝန်ထမ်းအသက်အာမခံ
၃။ တောင်သူလယ်သမားအသက်အာမခံ
၄။ နစ်တိုငွေပင်ငွေရင်းအာမခံ
၅။ စုပေါင်းအသက်အာမခံ
၆။ မြွေအန္တရာယ်အာမခံ
၇။ အထူးခရီးသွားအာမခံ
၈။ ခရီးသွားအာမခံ
၉။ အားကစားသမားကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၀။ ကျန်းမာရေးအာမခံ
၁၁။ ပြင်းထန်သောရောဂါကုသမှုအာမခံ
၁၂။ လူထုအခြေပြုကျန်းမာရေးစောင့်ရှောက်မှုအာမခံ
၁၃။ ပညာရေးအသက်အာမခံ
၁၄။ ကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၅။ စာသင်သားအသက်အာမခံ
၁၆။ ပြည်သူပြည်သားနစ်ချင်းအသက်အာမခံ
၁၇။ ပရီမီယံတစ်ကြိမ်ပေး နစ်တို ချေးငွေအသက်အာမခံ
၁၈။ ပရီမီယံတစ်ကြိမ်ပေး ချေးငွေအသက်အာမခံ
၁၉။ တမူထူးခြားသည့် စုဆောင်းမှု အသက်အာမခံ
၂၀။ တစ်လုံးတည်းပေး ငွေပင်ငွေရင်း အသက်အာမခံ

မိသားစုဘဝ လုံခြုံစိတ်ချဖို့

ကျန်းမာရေးအာမခံ

ထားကြစို့!









We Protect The Family



နေပြည်တော် - ဖုန်း - ၀၆၇ - ၃၄၃၄၇၁၂၊ ၀၉ - ၄၄၉၁၈၈၀၆၃

အမှတ်(၁၄၀)၊ ရွှေတိဂုံဘုရားလမ်းနှင့် ပန်တျာလမ်းထောင့်၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - ၀၁ - ၈၃၇၈၉၆၅၊ ၀၉ - ၄၂၄၄၄၆၆၆၄၊ ဖက်(စ်) - ၀၁ - ၈၃၇၈၉၆၃

၂၉ × ၃၀ လမ်းကြား၊ ၈၄ လမ်း၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
ဖုန်း - ၀၉ - ၄၂၄၄၄၆၆၆၅၊ ဖက်(စ်) - ၀၂ - ၄၀၃၀၄၆၇

## အများသိစေရန်ကြေညာခြင်း

စစ်ကိုင်းမြို့၊ **ရွာထောင်**ရပ်ကွက်၊ ကွင်း/အကွက်အမှတ်(**၈၀၉**)၊ ကွင်းအမည် **အိုးဘိုး**ကွင်း၊ ဦးပိုင်အမှတ်(**၄၅/စ**)၊ ဧရိယာ (**၀.၄၂၀**)ဧက ရှိသည့်အနက်မှ ဧရိယာ (**၀.၀၅၅**)ဧကရှိ အောက်ဖော်ပြပါအလား အလာရှိသည့်-

(က) အရှေ့လားသော် - လမ်း
(ခ) အနောက်လားသော် - ဦးပိုင်အမှတ်-၄၅/ယ
(ဂ) တောင်လားသော် - ဦးပိုင်အမှတ်-၄၅/စ ကျန်မြေ
(ဃ) မြောက်လားသော် - ဦးပိုင်အမှတ်-၄၅/စ ကျန်မြေ

အထက်ဖော်ပြပါမြေကို(ဘိုးဘပိုင်အမည်ပြောင်း)ပေးရန် **ဒေါ်အိအိချော**မှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက **၂၀၂၄ခုနှစ်၊ ဇွန်လ (၇)ရက်နေ့**မတိုင်မီ ဆိုင်ရာစာရွက်စာတမ်း အထောက်အထားများနှင့်တကွ အောက်တွင် လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟုယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်ဦးစီးဌာနမှူး**
**စစ်ကိုင်းမြို့နယ်မြေစာရင်းဦးစီးဌာန၊ စစ်ကိုင်းမြို့။**

## အများသိစေရန်ကြေညာခြင်း

စစ်ကိုင်းမြို့၊ **ထုံးဘို**ရပ်ကွက်၊ အကွက်အမှတ်(**၁၁-က**)၊ အကွက်အမည် **မင်းစံ**ကွင်း၊ ဦးပိုင်အမှတ်(**၇၀**)၊ ဧရိယာ (**၀.၄၄၀**)ဧကရှိ အောက်ဖော်ပြပါအလား အလာရှိသည့်-

(က) အရှေ့လားသော် - ဦးပိုင်အမှတ်(၇၁၊၇၃)
(ခ) အနောက်လားသော် - ဦးပိုင်အမှတ်(၆၇၊၆၉)
(ဂ) တောင်လားသော် - လမ်း
(ဃ) မြောက်လားသော် - လမ်း

အထက်ဖော်ပြပါမြေကို(ဘိုးဘပိုင်အမည်ပြောင်း)ပေးရန် **ဒေါ်ညွန့်ညွန့်စိန်**မှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက **၂၀၂၄ခုနှစ်၊ ဇွန်လ (၈)ရက်နေ့**မတိုင်မီ ဆိုင်ရာစာရွက်စာတမ်း အထောက်အထားများနှင့်တကွ အောက်တွင် လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟုယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်ဦးစီးဌာနမှူး**
**စစ်ကိုင်းမြို့နယ်မြေစာရင်းဦးစီးဌာန၊ စစ်ကိုင်းမြို့။**

## Drivers အလိုရှိသည်

* အသက် (၂၀) မှ (၂၅) အတွင်း
* 14 ပေ ဘောက်ကားမောင်းနိုင်ရမည်
* နယ်ခရီးသွားရမည်
* လူပျိုဖြစ်ရပါမည်
* အမှတ် (436)၊ 76 × 33 လမ်းထောင့်၊ မန္တလေးမြို့။

09-782005585

## အများသိစေရန်ကြေညာခြင်း

စစ်ကိုင်းမြို့၊ **စိန်ကုန်း**ရပ်ကွက်၊ အကွက်အမှတ်(**၁၀-က**)၊ အကွက်အမည် **ရန်နိုင်**ကွင်း၊ ဦးပိုင်အမှတ်(**၆၈/၂**)၊ ဧရိယာ (**၀.၁၃၅**)ဧကရှိသည့်အနက်မှ ဧရိယာ (**၀.၀၄၂**) ဧကရှိ အောက်ဖော်ပြပါအလား အလာရှိသည့်-

(က) အရှေ့လားသော် - ဦးပိုင်အမှတ်(၇၂)
(ခ) အနောက်လားသော် - လမ်း
(ဂ) တောင်လားသော် - ဦးပိုင်အမှတ်(၆၈/၂)ကျန်မြေ
(ဃ) မြောက်လားသော် - ဦးပိုင်အမှတ်(၆၈/၁)

အထက်ဖော်ပြပါမြေကို(ဘိုးဘပိုင်အမည်ပြောင်း)ပေးရန် **ဒေါ်ဝေဝေမော်**မှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက **၂၀၂၄ခုနှစ်၊ ဇွန်လ (၁)ရက်နေ့**မတိုင်မီ ဆိုင်ရာစာရွက်စာတမ်း အထောက်အထားများနှင့်တကွ အောက်တွင် လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟုယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်ဦးစီးဌာနမှူး**
**မြို့နယ်မြေစာရင်းဦးစီးဌာန၊ စစ်ကိုင်းမြို့။**

## စာအုပ်စာပေ လူ့မိတ်ဆွေ

## အရောင်းဝန်ထမ်း
## အမျိုးသမီး (၅)ဦး အလိုရှိသည်

- အသက် (၂၃-၃၃) အတွင်း
- ဘွဲ့ရရှိပြီးသူ (သို့) တက္ကသိုလ်အဆင့်
- ရုပ်ရည်ပြေပြစ်သူ
- ရံဖန်ရံခါ ခရီးသွားလာနိုင်ရမည်
- အခြေခံလစာ ၁၈၀,၀၀၀ + ရက်မှန်ကြေး
- ဝိတ်ရက်(ဥပုသ်နေ့တိုင်း+ Gazette ပိတ်ရက်များ)
- 09-455734557 (Viber) သို့ CV Form ပေးပို့လျှောက်ထားနိုင်ပါသည်။
- ဆက်သွယ်မေးမြန်းလိုပါက 09773341230 သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

## ဖခင်အမည်မှန်

အမရပူရမြို့နယ်၊ အ. ထ. က(ခွဲ) ရေကြည်ပေါက်ကျောင်း၊ Grade-12 တွင် ပညာသင်ယူနေသော မခင်ဖုန်းဝေ ၏ဖခင်အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်အရ ဦးအောင်ဆန်း ဖြစ်ပါကြောင်း။

**ဦးအောင်ဆန်း(၉/အမရ(နိုင်)၀၉၂၀၄၀)**

## ခြင်ဆေးခွေ သုံးလျှင် သတိယှဉ် အောက်တွင် ခံခွက် မမေ့နှင့်

**လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ လိုအပ်သည်ဟု ခံစားနေရပါက သတင်းအချက်အလက်မျှဝေရာစင်တာသို့ ဆက်သွယ်နိုင်ပါသည်။**

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန်အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံးအသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေး၊ ပညာရည်မြင့်မားရေး၊ တိုင်းရင်းသား ညီအစ်ကိုအားလုံး စည်းလုံးညီညွတ်ရေးတို့သည် မိမိတို့ ဦးတည်ရမည့် အမျိုးသားရေးကိစ္စ၊ အမျိုးသားရေး အကျိုးစီးပွားပင်ဖြစ်ပါသည်။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၇ ရက်တွင် ကျရောက်သော (၁၀၃) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာမှ ကောက်နုတ်ချက်)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဧရာဝတီတိုင်းဒေသကြီးစစ်ဌာနချုပ် ကျိုင်းတုံတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများကို တွေ့ဆုံအမှာစကားပြောကြား




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီးဒေါ်ကြူကြူလှ၊ အဖွဲ့ဝင်များက တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စဉ်။

**နေပြည်တော် မေ ၁၁**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် ဧရာဝတီတိုင်းစစ်ဌာနချုပ် ကျိုင်းတုံတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များကို တိုင်းစစ်ဌာနချုပ် ပြည်ငြိမ်းအေးခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး ဇွဲဝင်းမြင့်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ ဧရာဝတီတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်ကျိုင်းတုံတပ်နယ်မှ အရာရှိစစ်သည်၊ မိသားစုဝင်များ တက်ရောက်ကြသည်။

စာမျက်နှာ ၁၉ ကော်လံ ၁ ☆

